# Monster paradise (မွန်းစတားတို့၏ သုခဘုံ)

လွန်ခဲ့သော နှစ်ပေါင်း ရှစ်ရာကျော်က ကမ္ဘာတစ်ခုလုံးတွင် ကူးပြောင်းခြင်း တံခါး (ဒိုင်မေးရှင်း တံခါး) သုံးထောင်ကျော် ပွင့်လာခဲ့သည်။

ထိုအခိုက်အတန့်တွင် ကမ္ဘာတဝန်းလုံး၌ ကူးပြောင်းခြင်း တံခါးများသည် အရောင်အသွေး အမျိုးမျိုး ဖြစ်နေကြသော မျက်လုံးများထဲမှ မျက်ရည်များ စီးကျလာသကဲ့သို့ မွန်းစတားများ အစုလိုက် အပြုံလိုက် ထွက်လာကြသည်။

အချို့က တစ်ချက်တည်းနှင့် မြို့များကို ဖြိုချ ဖျက်ဆီးကြသည်။ ခန္ဓာကိုယ် အရွယ်အစားက ကြီးမားပြီး လူသားများကို ဖမ်းယူ စားသောက်ကြသည်။

အချို့က လူသားများကို ဖမ်းယူကျွန်ပြုပြီး ခန္ဓာကိုယ်ထဲမှ အဟာရများကို စုပ်ယူကြသည်။

tချို့က လူသားများနေထိုင်ရာ မြို့ထဲသို့ စိမ့်ဝင်လာပြီး သာမန်လူများကဲ့သို့ ဟန်ဆောင်ကာ သူတို့ ရှင်သန်ရန်အတွက် လူသွေးများကို စုပ်ယူကြသည်။

တစ်ညတည်းနှင့် လူသားမျိုးနွယ်သည် အစာကွင်းဆက်၏ အောက်ခြေသို့ ကျရောက်သွားခဲ့သည်။

ကမ္ဘာကြီးသည် မွန်းစတားများအတွက် သုခဘုံတစ်ခု ဖြစ်သွားခဲ့ပြီ..............................

## အခန်း(၁) - ဒိုင်မေးရှင်း ခရီးသွား ဖြစ်ချင်လား။

"နောက်ဆုံးတော့လည်း အာဖရိက အကြီးအကဲဆိုတဲ့ နာမည်ပြောင်ရတာပဲ အဖတ်တင်တယ်။ ငါရထားတဲ့ SSR ကဒ်ကလည်း မျက်နှာနှစ်ခုရှိတဲ့ ဗုဒ္ဓ၊ ငှက်ညီအစ်မ ဒါမှမဟုတ် ရွှေလက်ချောင်း တစ်ခါမှ မရဘူး။ တော်ပြီ... ဒီဂိမ်းကို သေတောင် ထပ် မကစားတော့ဘူး"

လင်းဟွမ် ခံစားချက် ကင်းမဲ့နေသည်။ သူသည် မာစတာ XX ဂိမ်းကို ကစားလာခဲ့သည်မှာ တစ်နှစ်ခွဲ ရှိနေပြီ။ အဆောင်လက်ဖွဲ့ ထောင်ပေါင်းများစွာ ရခဲ့သော်လည်း SSRကဒ် ရရှိရန် မဆိုထားနှင့် ဌက်ညီအစ်မ သို့မဟုတ် ရွှေလက်ချောင်းပါသော SRကဒ်တောင် မရခဲ့ပေ။ ကဒ်အပိုင်းအစများကို စုဆောင်းပြီး မဲဆယ်ခါ နှိုက်ခဲ့သော်လည်း မျှော်လင့်ချက် မရှိခဲ့။ တိုက်ပွဲများတွင် စတင် ရှုံးနိမ့်လာပြီး နာမည်ပြောင်ရလာကာ ဂိမ်းကို လုံးဝ စွန့်လွှတ်လိုက်သည်။

ဂိမ်းဆော့ဝဲလ်တံဆိပ်အပေါ် လက်ချောင်းတင်ပြီး အသက် ပြင်းပြင်းလေး တစ်ချက်ရှူလိုက်ကာ ဖျက်လိုက်သည်။ ဖုန်းကို အိတ်ကပ်ထဲ ထည့်လိုက်သည့်အချိန်၌ တုန်ခါမှုကို ခံစားလိုက်ရသည်။ ထို့နောက် ဖန်သားပြင်ကို ကြည့်လိုက်သည်။ အလယ်တွင် ရွှေရောင် စာတစ်ခု ရှိပြီး ကျန်သည့်နေရာက မဲနက်နေသည်။

"ဒိုင်မေးရှင်းကို ဖြတ်ကျော်ပြီး ခရီးသွားချင်လား"

အောက်ခြေတွင် ရွေးချယ်ရန် ခလုတ်တစ်ခုသာ ထည့်ပေးထားသည်။

"YES"

ကြည့်ရသည်မှာ မြင်နေကြ အွန်လိုင်း ဂိမ်တစ်ခုနှင့် တူနေသည်။

"မအလပဲ  YES လိုက်"

မာစတာXX ဂိမ်းကို ဖျက်လိုက်ပြီး ကတည်းက ဘယ်အွန်လိုင်း ဂိမ်းအသစ်ကိုမှ ဒေါင်းလုဒ်ဆွဲရန် စိတ်မပါတော့ချေ။ ဖုန်းပေါ်မှာရှိသော ဟုမ်း(home) ခလုတ်ကို နှိပ်လိုက်သည်။ ဖုန်းကို အိတ်ကပ်ထဲ ထည့်ရန် လုပ်လိုက်တဲ့စဉ် တုန်လာပြန်သည်။

ဖုန်းကိုကြည့်လိုက်လျှင် စောစောတုန်းက မြင်ကွင်းသာ ပြန်မြင်နေရသည်။

"တော်လိုက်တော့။ ဒီဖုန်းဂိမ်းက မဆုံးနိုင်တဲ့ အောကား ကြေငြာပါတဲ့ အွန်လိုင်းဂိမ်း တစ်ခုပဲ။ ဘယ်ကောင်က ဆော့ချင်မှာလဲ"

မျက်မှောင်ကြုတ်ပြီး ပိတ်လိုက်သည်။ ဖုန်းသိမ်းရန် လုပ်လိုက်သည့်အချိန်၌ပင် ပြန်ပေါ်လာပြန်သည်။

"ဗိုင်းရပ်စ်လား"

လင်းဟွမ် မျက်မှောင် ကြုတ်သွားသည်။

သူဝယ်ထားသော i-phone 7 လေးကို သဘောကျလွန်းသောကြောင့် တစ်လစာပင် ပေးဝယ်ထားရသည်။ ဖုန်းကို ပြန်ဖွင့်ပြီး မျက်နှာပြင်ကို ခဏလောက် ကြည့်နေလိုက်သည်။ ထိုစာမျက်နှာ ပြန်မပေါ်လာခြင်း မရှိမှ စိတ်သက်သာရာ ရသွားသည်။ ဖုန်းကို ပြန်သိမ်းရန် လုပ်လိုက်စဉ် နောက်တစ်ခေါက် တုန်လာပြီး စာမျက်နှာ ပေါ်လာပြန်သည်။

“ဒိုင်မေးရှင်းကို ဖြတ်ကျော်ပြီး ခရီးသွားချင်လား”

အောက်ခြေတွင် ရွေးချယ်ရန် ခလုတ်တစ်ခုသာ ရှိသည်။

“YES”

“လ တောင် မသွားဘူး”

လင်းဟွမ် ပေါက်ကွဲနေပြီ။

“ဒါကို နောက်မှပဲ ပြင်တော့မယ်။ ဘယ်လောက်တောင် စောက်သုံးမကျတဲ့ ဂိမ်းဆိုတာ ကြည့်မယ်။ ပြီးရင် မင်းကိုတိုင်မယ်”

အနည်းငယ် တွေဝေသွားပြီး စခရင်ပေါ်က "ဟုတ်" ဆိုသည့် ခလုတ်ကို နှိပ်လိုက်သည်။ နှိပ်လိုက်သည်နှင့် မျက်နှာပြင်က ပြောင်းလဲလာသည်။

"လေးစားရပါတဲ့ ဒိုင်မေးရှင်း ခရီးသွား ကိုယ်စားလှယ် ခင်ဗျာ။ ငါတို့ရဲ့ တောင်းဆိုမှုကို လက်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျေးဇူးပြုပြီး စည်းကမ်း သတ်မှတ်ချက်များကို ဂရုတစိုက် ဖတ်ပေးပါ။ သဘောတူပါက 'လက်ခံ'ဆိုတဲ့ ခလုတ်ကို နှိပ်ပေးပါ။ ဒါဆိုရင်

ဒိုင်မေးရှင်း ခရီးသွားတစ်ယောက် တရားဝင် ဖြစ်လာပါလိမ့်မယ်။ ခရီးသွား ကုဒ်နံပါတ် ရပြီးတာနဲ့ ရွှေလက်ချောင်း ပို့ပေးပါမယ်။ ပြီးရင်တော့ တခြားကမ္ဘာကို ပို့ဆောင်ပေးပါ့မယ်။ ပျော်ရွှင်ပါစေ”

စည်းကမ်းသတ်မှတ်ချက် စာများ ပျောက်သွားပြီး စက္ကန့် ၂၀ ခန့်ကြာလျှင် စာလုံးများ ပေါ်လာသည်။

“၁ - ခရီးသွားတွေရဲ့ အခုလက်ရှိ သေနှုန်းမှာ ၇၃ ရာခိုင်နှုန်း အထိ မြင့်မားနေတယ်။ ခရီးမသွားခင် ကိုယ့်စိတ်ကိုကိုယ် ပြင်ဆင်ထားပါ။ သေဆုံးရတဲ့

အကြောင်းအရင်းတွေက အောက်ပါအတိုင်း ဖြစ်တယ်.

ကိုယ့်ကိုယ်ကို သတ်သေမှု - သေဆုံးမှုနှုန်း ၄၈ ရာခိုင်နှုန်း။

တိုက်ပွဲမှာ သေခြင်း - သေဆုံးမှုနှုန်း ၃၃ ရာနိုင်နှုန်း။

ဘဘာဝအရ သေဆုံးခြင်း - သေဆုံးမှုနှုန်း ၁၀ ရာနိုင်နှုန်း။

လုပ်ကြံသတ်ဖြတ်ခံရခြင်း - သေဆုံးမှုနှုန်း ၆ ရာခိုင်နှုန်း။

ရွှေလက်ချောင်း အသက်သွင်းမှု ကျရှုံးခြင်း - သေဆုံးမှုနှုန်း ၂ ရာခိုင်နှုန်း။

ကံဆိုးခြင်း - သေဆုံးမှုနှုန်း ၁ ရာခိုင်နှုန်း။

..............................

စည်းကမ်းသတ်မှတ်ချက်နှင့် ပက်သက်သော စာမျက်နှာများက ၁၁၈ မျက်နှာ ရှိသဖြင့် လင်းဟွမ်သည် စာမျက်နှာ အနည်းငယ်ကိုသာ

တစ်ချက် ကြည့်လိုက်သည်။ အကုန်လုံး ပြီးအောင်ဖတ်ကြည့်ရန် ပျင်းသဖြင့် အောက်ဆုံးကို ကျော်ပြီး 'လက်ခံ' ဆိုသော ခလုတ်ကို နှိပ်လိုက်သည်။

"လေးစားရပါတဲ့ ဒိုင်မေးရှင်း ခရီးသွား ကိုယ်စားလှယ် ခင်ဗျာ။ အခု ဆိုရင် မင်ဟာ တရားဝင် ခရီးသွား တစ်ယောက် ဖြစ်လာပါပြီ။ သင့်ရဲ့ ခရီးသွား ကုဒ် နံပါတ်က ၁၄၂,၈၅၇ ၊ ရွှေလက်ချောင်း စာမျက်နှာကို ထည့်သွင်းခြင်း...................."

ဖန်သားပြင် နောက်တစ်ကြိမ် ပြောင်းလဲသွားပြန်သည်။ မျက်နှာပြင်ပေါ်တွင် အကွက် ၃၆ ခုပါပြီး လှည့်လို့ရသော အတံတစ်ခု ပါသည်။ အကွက်တစ်ခုခြင်းစီက အရွယ်အစား တူပြီး လှည့်သည့် အတံ၏ အောက်ခြေတွင် ခလုတ်နှစ်ခုပါသည်။ တစ်ခုက ‘စ’ နောက်တစ်ခုက ‘ရပ်’ ဖြစ်သည်။ ခလုတ်များ အောက်တွင်လည်း စည်းကမ်းချက်များ ဖော်ပြထားသည်။

“‘စ’ကို နှိပ်လိုက်ရင် လက်တံက စတင်လည်ပတ်မယ် လက်တံ ရပ်ရန်ဖို့အတွက်

‘ရပ်’ဆိုတဲ့ ခလုတ်ကို နှိပ်ရမယ်။ လက်တံရပ်သွားတဲ့ နေရာမှာ ရှိတဲ့ ပစ္စည်းက မင်းရဲ့ ရွှေလက်ချောင်း ဖြစ်တယ်။။ ‘ရပ်’ ဆိုတဲ့ ခလုတ်ကို မနှိပ်ရင်လည်း လက်တံက အလိုလို ရပ်သွားလိမ့်မယ်။ နောက်တစ်မိနစ် ကြာရင် လည်ပတ်မှု စတင်မယ်”

“အခုအချိန်အထိ ဂိမ်း နာမည် မဖော်ပြ သေးဘူး။ ဘာဂိမ်းလဲဆိုတာ သိပါရစေအုံးကွာ”

လင်းဟွမ်သည် ‘စ’ ဆိုသော ခလုတ်ကို နှိပ်လိုက်လျှင် လက်တံက လျှင်မြန်စွာ လည်ပတ် သွားသည်။ တစ်ခဏမျှ ကြာသောအခါ ‘ရပ်’ဆိုသည့်

ခလုတ်ကို နှိပ်လိုက်သည်။ လက်တံသည် အချိန်တစ်ခု ကြာအောင် လည်နေသေးပြီး နောက်ဆုံးတွင် အကွက်တစ်ခုပေါ်၌ ရပ်တန့်သွားသည်။

ထို့နောက် အနက်ရောင်ကဒ် တစ်ခုသည် မျက်နှာပြင်ပေါ်တွင် ပေါ်လာသည်။ ကဒ်သည် ကြီးလာပြီး မျက်နှာပြင် တစ်ခုလုံးကို သိမ်းပိုက်လိုက်သည်။

လင်းဟွမ်သည် မျက်ခုံး ပင့်လိုက် မိသည်။ ကဒ်၏ အနားသတ်ကို သတ္တု နက်ရောင် ပြုလုပ်ပြီး အပေါ်တွင် ရွှေပုံစံနှင့် လှပစွာ ဒီဇိုင်း လုပ်ထားသည်။

"ကဒ် ဒီဇိုင်းကတော့ မဆိုးဘူး"

လင်းဟွမ် ချီးကျူး လိုက်သည်။ သို့သော် တစ်နှစ်ခွဲကြာအောင် ကစားခဲ့မိသော မာစတာ XX ဂိမ်းအကြောင်း ပြန်တွေး မိလိုက်လျှင် ဒါကလည်း ကဒ်ဂိမ်းတစ်ခု ဖြစ်နေသည့်အတွက် စိတ်တိုလာသည်။

အတွေးထဲ နှစ်မြုပ်နေစဉ် ဖုန်းထဲမှ အနက်ရောင် အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး နဖူးကို ထိမှန်သွားသည်။

ဖုန်း မျက်နှာပြင်သည် စတင် ပြောင်းလဲလာသည်။ ဒါကို လင်းဟွမ်က လုံးဝ သတိမထားမိပေ။

“ရွှေလက်ချောင်းကို ပို့ဆောင်ပြီးပါပြီ။ ဒီခရီးအတွက် ကနဦး ကမ္ဘာတစ်ခုကို ကျပန်းရွေးချယ်နေ.................”

“နောက်ဆုံးတော့ ဂိမ်းထဲ ဝင်လို့ရသွားပြီ”

လင်းဟွမ်က လျှောင်ပြုံး ပြုံးလိုက်သည်။

"ဂိမ်း နာမည်ကို မြင်တာနဲ့ ၄၄ ရိုက်ပြီး ဒီစောက်သုံးမကျတဲ့ ဂိမ်းကို တိုင်ပစ်လိုက်အုံးမယ်"

ခဏမျှကြာလျှင် ဖုန်း မျက်နှာပြင်သည် ထပ်ပြောင်း လာပြန်သည်။

"ကျပန်း ရွေးချယ်ထားတဲ့ ကနဦး ကမ္ဘာနာမည်က 'မွန်းစတားတို့၏ သုခဘုံ' ပါ။"

"ခရီးသွား ၁၄၂,၈၅၇၊ ခရီးမှာ ပျော်ရွှင်ပါစေ"

ဖောက်......

i-phoen 7 ကြမ်းပြင်ပေါ်တွင် ပြုတ်ကျသွားပြီး စခရင် ကွဲသွားသည်။ လင်းဟွမ်လည်း ထိုနေရာမှ ပျောက်ကွယ်သွားသည်။

...

“ခရီးသွားရဲ့ အတွဲ အမှတ်စဉ် ၁၄၂,၈၅၇”

“နာမည် -  လင်းဟွမ်”

“လိင် - ကျား”

“ခရီးမသွားခင် အသက် - ၂၅နှစ်”

“ခရီးသွားပြီး အသက် -  ၁၅ နှစ်”

"ကနဦး ကမ္ဘာ - မွန်းစတားတို့၏ သုခဘုံ"

"ခရီးသွား၏ အထောက်အထားကို သတ်မှတ်ခြင်း - လင်းဟွမ်၊ ယောကျ်ားလေး။ ထိုကမ္ဘာမှာ ကျန်ခဲ့တဲ့ တစ်ဦးတည်းသော မိသားစုဝင်က အသက် ၁၃နှစ် အရွယ် ညီမလေး တစ်ယောက်။ ပျက်ဆီးနေတဲ့ ကံကြမ္မာ စက်ဝိုင်းနဲ့ မွေးဖွားလာပြီး သက်တမ်းက သာမန်လူများထက် ၁၀ ပိုတိုတယ်"

"လက်ကျန် သက်တမ်း - ၉၁ ရက်"

"မှတ်ဉာဏ် ပေါင်းစပ်ခြင်း - ၉၈ ရာခိုင်နှုန်း"

"ခရီးအရေအတွက် - တစ်ခု"

"ရွှေလက်ချောင်း အခြေအနေ - ပိတ်ထား"

ထွင်းဖောက် မြင်ရသော စာမျက်နှာကို ကြည့်ပြီး လင်းဟွမ်သည် အနည်းငယ် တုန်လှုပ် သွားသည်။ ဒီတစ်ပတ်အတွင်း ဒီ စာမျက်နှာကို ဘယ်နှစ်ကြိမ် ကြည့်ခဲ့မိလဲ ဆိုသည်ကို မမှတ်မိတော့ပေ။

လင်းဟွမ်သည် ဒီကမ္ဘာကို ခရီး ထွက်လာပြီးနောက် အသက်မပြည့်သေးသော ၁၅နှစ်အရွယ် ကောင်လေးတစ်ယောက် ဖြစ်လာ ခဲ့သည်မှာ တစ်ပတ် ရှိနေ ခဲ့ပြီ။

သူသည် တန်ပြန် မုဆိုးကောလိပ်က ဘွဲ့ရများကြားထဲတွင် ထူးချွန်သူ ဖြစ်ပြီး အဖြေလွှာတိုင်းတွင် အမှတ်ပြည့်နီးပါး ရထားသည်။ သို့သော်လည်း သူ့တွင် ဆုတ်ယုတ်မှုတစ်ခု ရှိနေပြီး သူ၏ဘဝစက်ဝိုင်းက ပျက်ဆီးနေသည်။

သူ့ကိုယ်ထဲက ဘဝစက်ဝိုင်းတွင် အက်ကွဲကြောင်းတစ်ခုရှိနေပြီး ကြည့်လိုက်လျှင် မီးခိုးရောင်ကျောက်တုံးတစ်တုံးနှင့် တူနေသည်။ ထက်ခြမ်းကွဲလုနီးပါး ဖြစ်နေကာ ဘဝအလင်းတိုင် ၃၆၀တွင်

သုံးလုံးသာ လင်းနေပြီး တတိယတစ်ခုက တော်တော်လေး မှိန်နေပြီ။

ပုံမှန်လူများ အတွက်ဆိုလျှင် ဒီတိုင်များသည် အသက်သုံးနှစ်ကို ကိုယ်စားပြုသော်လည်း သူက ဘဝသက်တမ်း ကုန်ဆုံးမှု ၁၀၈ ပိုမြန်နေသဖြင့် လင်းဟွမ်တွင် အသက်ရှင်ရန် သုံးလသာ ကျန်တော့သည်။

"ငါက အခုဆို ပိုကောင်းနေတာပဲ ပျော်ကို ပျော်နေရမှာ"

လင်းဟွမ်က မှန်ရှေ့၌ မတ်တပ်ရပ်ကာ ကြည့်နေရင်း ခေါင်းမော့လိုက်သည်။ ရယ်လည်း ရယ်နေသေးသည်။

သူ့တွင် အနက်ရောင်ဆံပင် တိုပွပွနှင့် နက်မှောင်ပြီး ဆွဲဆောင်မှု အားကောင်းသော မျက်လုံးများ ရှိသည်။ လင်းဟွမ်က ဥပဓိရုပ် ကောင်းသည်။ သို့သော်လည်း တစ်စက္ကန့် အတွင်း၌ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး မျက်မှောင် ကြုတ်သွားသည်။

"ကြည့်ကောင်းတာ ဘာလုပ်လို့ ရမှာလဲ။ ခရီးမသွားခင်တုန်းက ဂတိပေးထားတဲ့ ရွှေလက်ချောင်း အသုံးပြုမှု လမ်းညွှန် တစ်အုပ်လောက် ပို့ပေးပါလား ၊ တစ်ပတ်တောင် ရှိနေပြီ ရှောင်ဖိန်ကို ဘယ်လို အသက်သွင်းရမလဲ လုံး၀ မသိသေးဘူး"

ရှောင်ဖိန် ဆိုသည်မှာ လင်းဟွမ် ခရီးမသွားခင် ကြုံရာကျပန်း ရွေးခဲ့သော ရွှေလက်ချောင်းစနစ် ဖြစ်သည်။ ဒါက အနက်ရောင် ကဒ်တစ်ခု ဖြစ်ပြီး အသက်သွင်းရန် တတ်နိုင်သမျှ ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

"ပြန်ရောက်ပြီ အစ်ကို"

လင်းဟွမ်က မှန်ကို လက်ညှိုး ထိုးပြီး အပြစ်တင်တိုင်း ကစားနေစဉ် တံခါးနောက်မှ မိန်းကလေးတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။ ခဏလောက် ကြာသောအခါ တံခါးပိတ်သွားသည်။ ကောင်မလေးက စကား ဝှက်ထည့်ပြီး အိမ်ထဲ ဝင်လာခြင်း ဖြစ်မည်ဟု လင်းဟွမ် တွေးလိုက်မိသည်။

ထို့နောက် သူ့အရှေ့က ဖောက်ထွင်းမြင်နေရသော စာမျက်နှာကို သိမ်းပြီး လှေကားမှ မဆင်းခင် ခံစားချက်ကို ထိန်းလိုက်သည်။

အိပ်ခန်း နှစ်ခန်းပါပြီး အထပ်နှစ်ထပ် ရှိသော အဖီအိမ်လေးတွင် သူတို့ နေထိုင်ကြသည်။

မြေညီထပ်သို့ ရောက်လျှင် ဖိနပ်ပြောင်းစီးနေသော ကောင်မလေးက ပြုံးပြနေသည်။

နားရွက် အောက်လောက်အထိ အနည်းငယ်ရှည်သော ဆံပင်ကုတ်ဝဲလေးနှင့် အသက် ၁၃ နှစ်အရွယ် ကောင်မလေး တစ်ယောက်ကို

မြင်လိုက်ရသည်။ သူမ၏မျက်ခုံးများက လုံးဝ ထူထဲပြီး မျက်လုံးများက တောက်ပကာ အပြစ်ကင်းစင် လှသည်။

သူမက တံဆိပ်ရိုက် အဖြူရောင် တီရှပ်ကို ဝတ်ဆင်ထားပြီး အပြာရောင် ဖြော့ဖြော့ ဂျင်းဘောင်းဘီနှင့် ဖိနပ်အဖြူကို ဝတ်ဆင်ထားသည်။ အမှန်တိုင်းပြောရလျှင် သူမ၏ ဝတ်ဆင်ထားသော ပုံစံက ယောကျ်ားလေး တစ်ယောက်နှင့် တူနေသည်။

"ရှင်အာ၊ ပြန်လာပြီလား။ လက်ဆေးလိုက် ၊ ငါတို့ ထမင်းစား ကြမယ်"

စားပွဲခုံတွင် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။ သူတို့ စားနေစဉ် လင်းဟွမ်၏ ဘယ်ဘက်လက်သန်းလေးသည် တုန်လာသည်။ မကြာခင် ဖောက်ထွင်းမြင်ရသော ဗီဒီယို ဖိုင်တစ်ခု ပေါ်လာသည်။ လင်းရှင်လည်း အလားတူ ဖြစ်နေသည်။ ပြသထားသော ဗီဒီယိုကို ကြည့်နေရင်း မျက်လုံးပြူးနေသည်။

လူတိုင်းသည် မွေးစာရင်း ပြုလုပ်ပြီးနောက် လက်စွပ် တစ်ခုစီ ရကြသည်။ သူတို့၏ ကိုယ်ရေးကိုယ်တာ အထောက်အထားနှင့်

အကောင်တစ်ခုစီ လုပ်ပေးထားပြီး သိမ်းဆည်းရန် နေရာလွတ်များ ပါဝင်သည်။ ဒါသည် နှလုံးသားကွန်ရက်နှင့် ချိတ်ဆက်ထားသည့် တစ်ခုတည်းသော ကိရိယာလည်း ဖြစ်သည်။ ဤကဲ့သို့ ပြသခြင်းသည် ရှားပါးပြီး ဤကဲ့သို့ ဖြစ်လာပါက ကြီးကြီးမားမား ဖြစ်ပျက်နေပြီဟု ဆိုလိုသည်။

"အမ်"

လင်းဟွမ်သည် စားနေခြင်းကို ရပ်တန့်လိုက်ပြီး ကြည့်လိုက်သည်။ လင်းရှင်လည်း ထူးဆန်းနေသည်ကို မြင်လိုက်ရသည်။

ဗီဒီယိုထဲတွင် လူလတ်ပိုင်း အမျိုးသား တစ်ယောက်သည် လေးနက်သော အမူအရာနှင့် ရှိနေသည်။ လင်းဟွမ်က သူ့ကို မှတ်မိသည်။ သူက အမှတ် ၇ ဘေးကင်း ဇုန်တွင် တော်တော်လေး ကျော်ကြားသော သတင်းထောက် တစ်ယောက်ပင်......

"အရေးပေါ် သတင်း။ အမှတ် ၇ ဒီ ၁၀၁ရဲ့ အရှေ့တောင်ဘက် ၃၁၀ ကီလိုမီတာ အကွာမှာရှိတဲ့ မျက်လုံးတုမှာ လှုပ်ရှားမှုတွေ တွေ့နေရတယ်။ မွန်းစတား ကျူးကျော်မှု ဖြစ်ဖို့များတယ်။ အဲဒီနေရာမှာ နေထိုင်ကြတဲ့ လူများ သတိထားကြပါ။ ဝပ်ကျင်းထဲကနေ မထွက်ကြ ပါနဲ့။ ဒီညတော့ အိမ်ထဲမှာ နေကြပါ"

ဗီဒီယိုကို ကြည့်နေရင်း နေရာအမှတ်ကို ကြားပြီးနောက် လင်းဟွမ် မျက်မှောင်ကြုတ်သွားသည်။ အမှတ် ၇ ဒီ ၁၀၁ ဆိုသည်မှာ

ဝူလင်မြို့က တရားဝင် ချပေးထားသော သူတို့၏ အိမ်အမှတ်ပင်။

ရေိယာ အကျယ်အဝန်းကို မူတည်ပြီး ဝူလင်မြို့က အကြီး ၊ အလတ် ၊အသေးနှင့် အငယ်ဆုံး နေရာဆိုပြီး သတ်မှတ်ပေးထားသည်။ အက္ခရာ ဒီ အရှေ့က အမှတ် ၇ သည် လုံခြုံရေးကုဒ် ဖြစ်ပြီး အနောက်ဖက်က ၁၀၁ သည် ဝပ်ကျင်းကုဒ် ဖြစ်သည်။

ဗီဒီယိုထဲတွင် ဖော်ပြထားသော မျက်လုံးတုဆိုသည်မှာ မွန်းစတားများ ဒီကမ္ဘာကို

ကျူးကျော်စဉ်က ဖွင့်ခဲ့သော မုခ်ဝများ ဖြစ်သည်။ ထိုမုခ်ဝများကို ကြည့်လိုက်ပါက ကောင်းကင်ကြီးကို ဖောက်ထွက်သွားသော ဖောက်ထွင်း မြင်ရသည့် ဧရာမ ဘီလူးကြီးများ၏ မျက်လုံးနှင့် တူနေသဖြင့် ဤကဲ့သို့ နာမည် ပေးထား ခဲ့ကြသည်။

"အစ်ကို၊ အဲဒီ မျက်လုံးတုက ငါတို့အိမ်နဲ့ အရမ်းနီးနေပြီ။ မွန်းစတားတွေက ဝပ်ကျင်းဆီ လာတော့မှာလား"

လင်းရှင်သည် စိုးရိမ်တကြီး မေးရှာသည်။

"စိတ်မပူနဲ့။ ဒီသတင်းတောင် ကြေငြာပြီးပြီဆိုတော့ မွန်းစတားမုဆိုးတွေလည်း ဒီသတင်းကို ရပြီးလောက်ပြီ။ တကယ်လို့ သူတို့ သတင်းရနောက်ကျရင်တောင် ဝပ်ကျင်းမှာ ကာကွယ်ရေးဒိုင်း တစ်ခု ရှိသေးတယ်။ လွယ်လွယ်နဲ့ ချိုးဖျက်လို့ မရပါဘူး"

လင်းဟွမ်က နှစ်ယောက်စလုံးအတွက် အာမခံပြီးနောက် ပျော်ရွှင်သော လေသံဖြင့်

"စားရအောင်"

ညစာစားပြီးနောက် လင်းရှင်က အိမ်စာလုပ်ရန် သူမအခန်းသို့ ပြန်သွားပြီး လင်းဟွမ်က ပန်းကန်ဆေးနေသည်။

ကောင်းကင်ကြီးက ပိုမှောင်လာသည်။

လင်းဟွမ်သည် အခန်းထဲသို့ ပြန်ရောက်ပြီးနောက် မျက်လုံးတုနှင့် ပက်သက်သော အချက်အလက်များ စစ်ဆေးရန် နှလုံးသားကွန်ရက် စာမျက်နှာကို ကြည့်လိုက်သည်။ နှလုံးသား ကွန်ရက်ကလည်း မျက်လုံးတုနှင့်ပက်သက်သော အချက်အလက်များကို အဆက်မပြတ် ထုတ်လွှင့်နေသည်။

"မုဆိုးတွေက မွန်းစတားတွေကို လိုက်လံရှာဖွေရန် မျက်လုံးတု အနီးမှာရှိတဲ့ အမှတ် ၇ ဒီ ၁၀၁ ဝပ်ကျင်းကို ရောက်နေပြီ"

" ငွေမုဆိုး လီလန်က ဝပ်ကျင်း အမှတ် ၇ ဒီ ၁၀၁ အနီးမှာ ပေါ်လာပြီ"

"ငွေမုဆိုးက လီလန်က မုဆိုး ၁၈ ယောက်ကို ဦးဆောင်ပြီး ဘီလူးတွေကို လိုက်ရှာနေတယ်"

"အမဲလိုက် သတ်ဖြတ်နေတာ တစ်နာရီကျော် ကြာသွားတဲ့အချိန်မှာ အမှတ် ၇ ဒီ ၁၀၁ ရဲ့ ၁၀၀ ကီလိုမီတာ အတွင်းမှာရှိတဲ့ သံအဆင့်နဲ့အထက်

မွန်းစတားတွေ အားလုံးကို သတ်လိုက်ပြီ။ နောက်ထပ် မုဆိုးတွေလည်း ဒီနေရာအတွင်းမှာရှိတဲ့ ရှင်းလင်းရေး လုပ်ငန်းစဉ်ကို ဆက်လုပ်ဆောင်ရန် မုဆိုးတပ်တွေနဲ့ လာပူးပေါင်းနေပြီ”

.....................................

လင်းဟွမ်သည် သတင်းကို ဖတ်လိုက်ပြီး စိတ်သက်သာရာ ရသွားသည်။ လင်းရှင်ကို နှစ်သိမ့်ပေးခဲ့သော အချိန်တွင် ကျိန်းသေပေါက် ပုံစံနှင့် ပြောခဲ့သော်လည်း စိတ်ထဲ၌ မသေချာပေ။ မည်သို့ပင် ဆိုစေကာမူ ဒီကမ္ဘာကို ရောက်ပြီးနောက်

တစ်လအတွင်း၌ မျက်လုံးတုနှင့် ပက်သက်၍ ပထမဆုံး ကြုံဖူးခြင်းပင်။ နှလုံးသား ကွန်ရက်တွင် ဖတ်ရ သလောက် ဆိုလျှင် ဒီမျက်လုံးတုက မွန်းစတားများသည် မခြိမ်းခြောက် နိုင်ပေ။

မျက်လုံးတုပွင့်သော အချိန်နှင့် နေရာသည် လုံးဝ ကျပန်းပင်။ မွန်းစတား အရေအတွက်နှင့် အဆင့်ကို ကြို မသိနိုင်။ အရေအတွက် သို့မဟုတ် မွန်းစတားက အဆင့်မြင့်လွန်းလျှင် ရွှေမုဆိုး ပါဝင်သော မုဆိုး ၁၀ယောက်ကျော် ပါဝင်သော အဖွဲ့တစ်ခုကို ကျိန်းသေပေါက် သတ်နိုင်သည်။ ဝူလင်မြို့ကဲ့သို့

သေးငယ်သော ဝပ်ကျင်း၏ အကာအကွယ်ဒိုင်းသည် မကြီးကျယ် မခမ်းနားပေ။

မွန်းစတားများနှင့် ရင်ဆိုင်ရသောအခါ စက္ကူလောက်ပင် အရေး မပါတော့ချေ။ ဤကဲ့သို့ ဆိုလျှင် မွန်းစတားများကို တားဆီးရန် မျှော်လင့်ချက်မဲ့ပြီး အသုံး မဝင်တော့ပေ။

လင်းဟွမ်သည် ဒီကမ္ဘာကို ရောက်ရှိပြီးနောက် တစ်ပတ်အတွင်းတွင် ရွှေလက်ချောင်းကို မည်ကဲ့သို့ အသက်သွင်း ရမည်ကို မသိခဲ့သော်လည်း မည်ကဲ့သို့ ကမ္ဘာပေါ် ရောက်နေလဲဆိုသည်ကို ရှာတွေ့ခဲ့သည်။

နှလုံးသားကွန်ရက်တွင် မွန်းစတားများ၏ တိုက်ခိုက်မှုအကြောင်း သမိုင်းကို ပြောပြသော လိုင်းပေါင်းများစွာ ရှိသည်။ ဒါကို ပထမဆုံး မြင်လိုက်သော အချိန်က တော်တော်လေး ထိတ်လန့်သွားခဲ့သည်။

မမေ့နိုင်ဆုံး အဖြစ်အပျက်သည် ကြီးမားသည့် ဝပ်ကျင်းတစ်ခု ပျက်စီးနေသော မြင်ကွင်းပင်။ ထိုဗီဒီယိုကို အစမှ အဆုံးအထိ အသေးစိတ် မှတ်မိသည်။

မျက်လုံးတု ရှောင်တခင် ပွင့်လာပြီး မရေမတွက်နိုင်သော မွန်းစတားများ ထွက်လာသည်။ စက္ကန်ပိုင်းအတွင်း၌ သူတို့သည် ဝပ်ကျင်း၏ ကာကွယ်ရေးဒိုင်းကို ဖျက်ဆီးပစ်လိုက်သည်။

ထိုနေ့ကဆိုလျှင် မွန်းစတားများသည် နာရီပိုင်းအတွင်း၌ လူပေါင်း တစ်ဘီလီယံ နီးပါးခန့် သတ်ဖြတ်ပစ်ခဲ့ကြသည်။

ဝပ်ကျင်း တစ်ခုလုံးသည် သွေးစိုရွှဲနေသော လူသေအလောင်းများ ဖုံးလွှမ်းနေခဲ့ပြီး သွေးပင်လယ်ကြီး ဖြစ်သွားခဲ့သည်။

မွန်းစတားများကလည်း သူတို့ကို စားသောက်နေကြသည်။

လင်းဟွမ်နေသော ဝပ်ကျင်းသည် 'ဒီ' အဆင့် ဝပ်ကျင်းတစ်ခုသာ ဖြစ်သည်။ ဒီမြို့ငယ်လေးတွင် လူဦးရေက တစ်သိန်းအောက်သာ ရှိသည်။ ဒီဝပ်ကျင်းကိုသာ သန်မာသော မွန်းစတားတစ်ကောင်က တိုက်ခိုက်ခဲ့ မည်ဆိုလျှင် မုဆိုးများ လာမကယ်ခင် တစ်မြို့လုံး သေကုန်မည်။ မျက်လုံးတုပွင့်ပြီး ထွက်လာသော မွန်းစတားလေးများကို

မုဆိုးများက ချက်ခြင်း သတ်နိုင်ခဲ့သည်မှာ ကံကောင်းသည်။

နှလုံးသား ကွန်ရက်ကို ပိတ်ပြီး လင်းဟွမ် တစ်ယောက် အတွေး နက်နေသည်။

“လျှင်မြန်စွာ ကုန်ဆုံးနေတဲ့ ဘ၀ သက်တမ်းကြောင့် အသက်ရှင်ဖို့ ၉၁ ရက်ပဲ ကျန်တော့တယ်။ အခု အရေးကြီးဆုံး မေးခွန်းက ကံကြမ္မာအလင်း ပြန်ဖြည့်တဲ့ ကံကြမ္မာ သလင်းကျောက်ကို ဘယ်လို ပြန်ဖြည့်မလဲ။ ဘယ်လိုအသက်သွင်းရမလဲ မသိသေးတဲ့

ရွှေလက်ချောင်း အကြောင်းကို မေ့ထားတာပဲ ကောင်းပါတယ်။

"ကံကြမ္မာ သလင်းကျောက်ကို နှလုံးသား ကွန်ရက်မှာ ဝယ်လို့ ရပေမယ့် တော်တော်လေး ဈေးကြီးတယ်။ ကံကြမ္မာ သလင်းကျောက်ကို အနိမ့်ဆုံး တစ်နှစ်စာလောက် ဝယ်ရင်တောင် အကျိုးဆောင် အမှတ် တစ်သိန်းလောက် ရှိတယ်။ ငါ့မှာက စုဆောင်းထားတာလည်း သုံးသောင်းတောင် မရှိဘူး"

ကံကြမ္မာသလင်းကျောက် ဆိုသည်မှာ မွန်းစတားများကို အမဲလိုက်လျှင် ထွက်ကျလာသော ထူးခြားသည့် ပစ္စည်းတစ်မျိုး ပင်။ ကံကြမ္မာ သလင်းကျောက် တစ်ခုစီ၌ ကံကြမ္မာအလင်း ပမာဏများစွာ ပါဝင်သည်။ ပါးစပ်ထဲကို ထည့်ဝါးလိုက်သည်နှင့် သလင်းကျောက်ထဲတွင် ရှိနေသော အသက်အလင်းများက ကံကြမ္မာစက်ဝိုင်းထဲသို့ ဝင်လာမည်။

"ကံကြမ္မာ သလင်းကျောက်ကို အမြန်ဆုံး ရနိုင်တဲ့ နည်းလမ်းကတော့ မွန်းစတားတွေကို အမဲလိုက်ပြီး

သူတို့ ခန္ဓာကိုယ်ကို ရောင်းချတာပဲ ရှိမယ်။ အမဲလိုက်ရင် သူတို့ကိုယ်ပေါ်က သလင်းကျောက်တွေ ရနိုင်သေးတယ်။ ဒါပေမယ့် အခုအချိန်မှာ ငါ့အရည်အချင်းက သံအဆင့်တောင် မရှိသေးဘူးဆိုတာ သေချာတယ်။ ငါ့အစွမ်းနဲ့ တိုက်ခိုက်နိုင်တဲ့ မွန်းစတားကလည်း တန်ဖိုး မရှိလောက်ဘူး ။ ဒီတော့ စိတ်မပူတော့ဘူးကွာ......”

“ဝပ်ကျင်းက အပြင်ထွက်ပြီး ကံစမ်းကြည့်ရင်တော့ အနည်းဆုံး သလင်းကျောက်

တစ်ခုတော့ ရကောင်း ရနိုင်တယ်။ မနက်ဖြန်ကျရင် ပြင်ဆင်ပြီး နောက်နေ့မှာ ထွက်သွားကြည့်မယ်”

ညက နက်လာပြီ။

လင်းဟွမ်သည် မည်းမှောင်နေသော ကောင်းကင်ကြီးကို စိုက်ကြည့်နေသည်။ ခဏလောက်ကြာလျှင် စိတ်လျှော့ပြီး အိပ်ယာထဲ ဝင်လိုက်သည်။

ညနက်သန်းခေါင် အချိန်၌ မှန်ကွဲသွားသော အသံတစ်ခုက သူ့ကို နှိုးလိုက်သည်။

“အား.............”

လင်းဟွမ်သည် နိုးလာပြီး အိပ်ချင်မူးတူး ဖြစ်နေစဉ် မိန်းကလေးတစ်ယောက်၏ စူးစူးဝါးဝါး အော်နေသောအသံကို ကြားနေရသည်။

ဒါ ညီမလေး လင်းရှင်အသံ.....

ကုတင်ပေါ်မှ ခုန်ဆင်းပြီး လင်းရှင်အခန်းသို့ ပြေးသွားသည်။ အဝတ်အစားဝတ်ရန် အချိန်ပင် မရချေ။ သူ့ဘောင်းဘီက အိပ်ယာထဲတွင် ရှိနေသေးသည်။

တံခါးကို  ကန်ဖွင့်လိုက်သည်။

## အခန်း(၂) - သွေးစုပ်ဖုတ်ကောင်။

လင်းဟွမ်သည် လင်းရှင်၏ အခန်းထဲသို့ ဝင်လိုက်သည်နှင့် သွေးခုန်နှုန်း မြန်လာသည်။

အခန်း မီးရောင် ထဲတွင် ငယ်ရွယ်ပြီး ဗလတောင့်သော လူတစ်ယောက်က အခန်းထဲသို့ ခန္ဓာကိုယ် တစ်ဝက်၊ တစ်ပျက် ဝင်နေသည်။ ကျိုးပျက်နေသော တံခါးမှ ဝင်လာပြီး လင်းရှင် ခြေထောက်ကို ဖမ်းဆွဲ လိုက်သည်။ ပါးစပ် ကလည်း ခပ်းဝါးဝါး ပွဲတင်သံ ထွက်နေသည်။

လင်းရှင်းက ကုတင်ခေါင်းရင်း အကွယ်တွင် လျှင်မြန်စွာ ပုန်းလိုက်သည်။ သူမ ခြေဖဝါးက ကြောက်စရာ ကောင်းသော သတ္တဝါနှင့် စင်တီမီတာ အနည်းငယ်မျှသာ ဝေးကွာတော့သည်။

လင်းရှင်သည် ထိတ်လန့် တုန်လှုပ်နေကာ ခန္ဓာကိုယ်က တဆတ်ဆတ် တုန်နေပြီး ငိုနေသည်။ ထွက်ပြေးရန် မတွေးမိလောက်အောင်ပင် ကြောက်လန့် နေခဲ့သည်။

လင်းဟွမ်က ထိုလူကို လှမ်းကြည့် လိုက်သည်။ ဆံပင်က နီနေပြီး မေးစေ့နှင့် အဝတ်အစား ပေါ်တွင် သွေးများ ဖုံးလွှမ်း နေသည်။

သူ့မျက်လုံးကို ကြည့်လိုက်လျှင် သွေးရောင်ကဲ့သို့ နီရဲနေသည်။ လင်းဟွမ်သည် တစ်စက္ကန့်ခန့် မှင်တက်နေပြီးနောက် သွေးစုပ်ဖုတ်ကောင် ဖြစ်နိုင်သည်ဟု တွေးလိုက်မိသည်။

လင်းရှင် အခန်းထဲသို့ လည့်ပတ် ကြည့်လိုက်လျှင် တံခါး ဘယ်ဘက်ခြမ်း၌ ရှိနေသော သူမ၏ ကျောင်းလွယ်အိတ်ကို သတိထား လိုက်မိသည်။

ကြောက်ကြော ကက်လန့်လန့်နှင့် သွေးစုပ်ဖုတ်ကောင်ကို လွယ်အိတ်ဖြင့် ပစ်ပေါက်လိုက်သည်။

သွေစုပ်ဖုတ်ကောင်က လျှင်မြန်စွာ တုန့်ပြန်သည်။ လွယ်အိတ်ကို ချက်ခြင်းဖမ်းပြီး ဆုတ်ဖြဲပစ်လိုက်သည်။

ထိုအခိုက်အတန့်တွင် လင်းဟွမ်က လျှင်မြန်စွာ ပြေးသွားပြီး လင်းရှင်ကို ပွေ့ချီကာ အခန်းထဲမှ ပြေးထွက်လာသည်။ သူတို့ လုံခြုံပြီဟု တွေးလိုက်သော အချိန်၌ လင်းရှင်က အဆုတ်

ကွဲမတတ် ထအော်သည်။ လင်းဟွမ် လှည့်ကြည့်လိုက်ရာ သွေးစုပ်ဖုတ်ကောင်၏ သွေးကြောများ ထောင်နေသော လက်က လင်းရှင်၏ ဘယ်ဘက် ခြေထောက်ကို ဖမ်းဆွဲထားသည်။

"မျက်လုံး မှိတ်ထား"

လင်းဟွမ်က ခိုင်းလိုက်သည်။

လင်းရှင်ကလည်း ပြောသည့်အတိုင်း ချက်ခြင်း လုပ်လိုက်သည်။ လင်းဟွမ်က ကုတင်နားတွင် တွေ့သော မီးအိမ်တစ်လုံးကို ကောက်ယူပြီး

သွေးစုပ်ဖုတ်ကောင်၏ လက်ကို အားဖြင့် ရိုက်ထည့်လိုက်သည်။

မီးအိမ်၏ မီးသီးသည် အဖြူရောင် သလင်းကျောက်နှင့် ပြုလုပ်ထားပြီး ကွဲသွားပါက အပူချိန် မြင့်မားသော အလင်းရောင် ထွက်လာတတ်သည်။ ဈေးပေါ၍ အလွန် အန္တရာယ် များသည်။ သူဌေးများက ဤကဲ့သို့ မီးအိမ်ကို မည်သည့်အခါမျှ မသုံးပေ။ သို့သော် ယခုမူ အမှန်တကယ့်ကို အသက်ကယ် နေပြီ။

မီးအိမ်က သွေးစုပ်ဖုတ်ကောင်၏ လက်ကို ထိမှန်သွားသည်နှင့် မီးသီး ကွဲသွားပြီး တော်တော်လေး တောက်ပသော အဖြူရောင်အလင်းက တစ်ခန်းလုံး လင်းထိန်သွားသည်။ ကွဲနေသော မီးသီးမှတစ်ဆင့် မခံ၊ မရပ်နိုင်အောင် ပူသည့် အပူကို ထုတ်လွှင့်နေသဖြင့် သွေးစုပ်ဖုတ်ကောင်က အော်ညည်းပြီး လင်းရှင် ခြေထောက်ကို လွှတ်ပေးလိုက်သည်။

လင်းဟွမ်လည်း မျက်လုံးမှိတ်ပြီး အရှေ့ကို ခြေလှမ်း အနည်းငယ်တိုးကာ မျက်လုံး ပြန်ဖွင့်လိုက်လျှင် တံခါးအဝသို့ ရောက်နေပြီ ဖြစ်သည်။ အချိန် မဖြုန်းတော့ဘဲ သွေးစုပ်ကောင်၏ အမြင်အာရုံ ပြန်ကောင်းလာမည်ကို စိုးရိမ်ပြီး လှေကားမှ အလောတကြီး ပြေးဆင်းသွားသည်။

ပြေးနေရင်း သွေးစုပ်ဖုတ်ကောင်များသည် မျက်လုံး လောင်ကျွမ်းတတ်သဖြင့် အလင်းရောင်ကို မုန်းသည့်အကြောင်း နတ်သမီးပုံပြင် စာအုပ်ထဲတွင် ဖတ်ခဲ့ဖူးသည်ကို ပြန်သတိရသွားသည်။

သွေးစုပ် ဖုတ်ကောင်များသည် အမှောင်ထဲတွင် အမဲလိုက်ပြီး မီးရောင်ရှိသောနေရာကို ရှောင်ရှား ကြသည်။ စောစောတုန်းက သွေးစုပ်ဖုတ်ကောင်သည် လင်းရှင်၏ အခန်းထဲသို့ အပြည့်အဝ မဝင်လာရခြင်းသည် ထိုအချက်ကြောင့် ဖြစ်နိုင်သည်။

မြေညီထပ်မှနေပြီး လှေကားပေါ်မှ မှန်ကွဲနေသော အသံများကို ကြားနေရသည်။ လင်းရှင်၏အခန်းထဲမှ တွဲလောင်မီးလုံး ကွဲသွားခြင်း ဖြစ်နိုင်ခြေများသည်။

"ရေချိုးခန်းထဲမှာ ပုန်းပြီး သော့ခတ်ထား"

လင်းဟွမ်က လင်းရှင်းကို ချက်ခြင်း အမိန့်ပေးလိုက်သည်။

“အ….အစ်ကိုကရော ဘယ်လိုလဲ”

လင်းရှင်က သူမအစ်ကို ကို မေးလိုက်ပြီး လေသံကလည်း တုန်ယင်နေသည်။

“ငါ သူ့ကို ကိုင်တွယ်နိုင်တယ်။ ငါက တန်ပြန်မှုဆိုး ကောလိပ်က ထိပ်တန်းဘွဲ့ရ တစ်ယောက်ဆိုတာ မေ့သွားပြီလား။ မင်းက ငါနဲ့ အတူတူဆိုရင် အနှောက်အယှက် ဖြစ်နေမယ်”

လင်းဟွမ်က သူ့ညီမကို ချစ်ခင်စွာ ရှင်းပြလိုက်သည်။

လင်းရှင်က ခေါင်းညိတ်ပြီး ပြောသည့်အတိုင်း လုပ်လိုက်သည်။ သူမ၏အစ်ကို ကို ယုံကြည်သည်။

လင်းဟွမ်တွင် လုပ်ရမည့် အစီအစဉ် ရှိနေသည်။ အရင်ဆုံး နှလုံးသားကွန်ရက်မှ တစ်ဆင့် အန္တရာယ် အချက်ပြ ပေးပို့ လိုက်သည်။ ထို့နောက် မီးဖိုချောင်သို့ ပြေးသွားပြီး ဓါးယူ လိုက်သည်။

သွေးစုပ်ဖုတ်ကောင် အနိမ့်ဆုံး အဆင့်သည် အနည်းဆုံး သံအဆင့်အခန့် ရှိသည်။

အရွယ်ရောက်ပြီးသော လူတစ်ယောက်၏ ခွန်အားထက် ၁၀ဆခန့် သန်မာသည်။ သူတို့၏ သွေးစွမ်းအား ကလည်း သံအဆင့် မွန်းစတားများထက် အများကြီး သန်မာသည်။

သံအဆင့် မွန်းစတားများနှင့် ရင်ဆိုင်ကြုံတွေ့ရပါက တန်ပြန်မှုဆိုးကောလိပ်မှ မှုဆိုးများ အပါအဝင် မည်သူမဆို အသက်ရှင်လျက် ရှောင်ထွက်သွားနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် လင်းဟွမ်မှ သူ့ညီမကို ပြောခဲ့သော စကားသည် သွေးစုပ်

ဖုတ်ကောင်ကို ရှုံးနိမ့်နိုင်ခြေများ နေသောကြောင့် နှစ်သိမ့်ခဲ့သော စကားများသာ ဖြစ်သည်။

သို့သော်လည်း စောစောတုန်းက မွန်းစတားနှင့် ရင်ဆိုင်သည့်အချိန်တွင် အရမ်း ကြောက်နေပြီး စိုးရိမ်ပူပန် နေသော်လည်း ခေါင်းက ကြည်လင်နေသဖြင့် ထူဆန်းသည်ဟု တွေးနေမိသည်။ ထိုအချိန်တွင် သွေးစုပ်ဖုတ်ကောင်နှင့် ပက်သက်ပြီး သူ ဖတ်ဖူးထားသမျှ အရာရာတိုင်းသည် စိတ်ထဲ၌ ဖျပ်ခနဲ ပေါ်လာသည်။

သွေးစုပ်ဖုတ်ကောင်များက လူနှင့်တူသော မွန်းစတားများ ဖြစ်သည်။ သူတို့က နေ့ဘက်တွင် လူသားတို့၏ ပုံစံအတိုင်း နေထိုင်သော်လည်း ညရောက်လာလျှင် သွေးသောက်ချင်သော အာသီသများ ပြင်းထန်လာသည်။

သူတို့ရဲ့ အစာသည် လူသွေးဖြစ်သည်။ အထူးသဖြင့် ငယ်ရွယ်သော မိန်းကလေးများ၏ သွေးသည် အလွန် အရသာရှိပြီး သူတို့ အကြိုက်ဆုံးပင်။ သူတို့က ကီလိုမီတာ ရာဂဏန်း အကွာအဝေး မှနေ၍ပင် သွေးနံ့ကို ရကြသည်။

သံအဆင့် သွေးစုပ်ဖုတ်ကောင်များပင် သူတို့၏ သွေးစွမ်းအားကို အသက်သွင်းလိုက်သည်နှင့် သူတို့၏ ခွန်အား၊ အရှိန်နှင့် ခုခံမှုများ တိုးတက်လာသည်။ သူတို့၏ခန္ဓာကိုယ်ကိုလည်း သွေးစွမ်းအား စုစည်းပြီး စွမ်းအင်အလွှာနှင့် ဖုံးအုပ် ထားသည်။ စွမ်းအင်အလွှာများသည် အတောင်ပံ၊ အမြီး၊ ခြေသည်းနှင့် အခြားလက်နက်များ အဖြစ်ပင် ပြောင်းလဲပြီး အသုံးပြု၍ ရသည်။

သွေးစုပ်ကောင်များသည် တောက်ပသော အလင်းရောင်များကို မုန်းတီးသည် ဆိုသော်လည်း

အားနည်းချက်တော့ မဟုတ်ပေ။ ရှားအပင်က ထုတ်ယူထားသော သွေးခွဲအဆိပ် ဟုခေါ်သောအရာက သူတို့၏ အားနည်းချက် ဖြစ်သည်။

အမှန်တကယ်ဆို သွေးခွဲအဆိပ်သည် လူသားများ အပါအဝင် အသားရှိသော သက်ရှိတိုင်းနီးပါးကို အဆိပ်သင့်စေနိုင်သည်။ ဒဏ်ရာရသွားပြီး သက်ရှိများ၏ သွေးလည်ပတ်ခြင်း စနစ်ထဲသို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် သွေးနီဥများကို သေဆုံး သွားစေသည်။ ထိုအရာများကို

ဆေးဆိုင်များတွင် ရောင်းချကြပြီး မုဆိုးအချို့ကတော့ သူတို့၏လက်နက်များကို စိမ်ပြီး အသုံးပြုကြသည်။

ဒီသွေးခွဲအဆိပ်သည် သွေးစုပ်ဖုတ်ကောင်များ အပေါ်၌ အပြည့်အ၀ ဖိနှိပ်နိုင်သော အကျိုးသက်ရောက်မှု ရှိသောကြောင့် သွေးခွဲအဆိပ်နှင့် စိမ်ထားသော လက်နက်များသည် သွေးစုပ်ဖုတ်ကောင်များ ကိုယ်ပေါ်ကို ထိလိုက်လျှင် သွေးအလွှာများကို ဖြတ်တောက်ပစ်နိုင်သည်။ ထိုကဲ့သို့ ဆိုပါက သွေးစုပ်ဖုတ်ကောင်၏ ခန္ဓာကိုယ်သည် ပုတ်ပွလာပြီး အဆပ်ဖြေဆေး

မရလျှင် သုံးနာရီအတွင်း မြေပေါ်သို့ အရည်ပျော်သွားမည်။

သို့သော်လည်း သွေးခွဲအဆိပ်က ဈေးမနည်းပေ။ လိုင်စင်ရ မုဆိုးတစ်ယောက်ပင် ထိုအရာကို ပေါပေါလောလော မသုံးခင် နှစ်ကြိမ်ခန့် စဉ်းစားရသည်။ အရေးပေါ် အခြေအနေရောက်မှသာ အသုံးပြု တတ်ကြသည်။

လင်းဟွမ်၏ စုဆောင်းငွေက တစ်ခု ဝယ်ယူရန်ပင် မလုံလောက်ချေ။

အတွေးထဲ၌ ရုန်းကန်နေစဉ် သူ့လက်စွပ်က နောက်တစ်ကြိမ် တုန်လာသည်။

“ငါက မုဆိုး လီလန်ပါ။ မင်းဆီက အကူညီတောင်းတဲ့ ပေးပို့မှုကို ရထားတယ်။ ဘာဖြစ်နေတာလဲ”

အရွယ်ရောက်နေသော်လည်း နုပျိုနေသည့် အသံက ကယ်ဆယ်ရေး လှိုင်းမှတစ်ဆင့် ထွက်ပေါ်လာသည်။

“ငါ့အိမ်ကို သွေစုပ်ဖုတ်ကောင် တိုက်ခိုက်နေတယ်”

လင်းဟွမ်သည် စကားဆုံးသည်နှင့် ကျယ်လောင်သောအသံကို ကြားလိုက်ရသည်။ ထို့နောက် ဒုတိယအထပ်မှ အရိပ်တစ်ခုသည် မနီးမဝေးသို့ ခုန်ဆင်းလာသည်။

"ငါ့လက်စွပ်မှာ တည်နေရာ ထည့်ပေးထားတယ်။ ကျေးဇူးပြုပြီး မြန်မြန် လာပေးပါ"

ပြောပြီးသည်နှင့် ဖုန်းချလိုက်သည်။

သူနှင့် မျက်နှာချင်းဆိုင်တွင် ရပ်နေသော ၁၀ဆခန့် ပိုအားကြီးသည့် ရန်သူကို အနိုင်ယူရန် အာရုံစိုက်ရမည်။

ဘုန်း.... ဘုန်း... ဘုန်း......

လေးလံသော ခြေလှမ်းများနှင့် သူ့ထံ လျှောက်လာသဖြင့် ဖုန်ထပြီး အရှေ့ကို သဲသဲကွဲကွဲ မမြင်ရတော့ချေ။ မြင်ကွင်းရှင်းလာသော အချိန်၌ သူ့ကို ပစ်မှတ်ထားနေသော သွေးစုပ်ဖုတ်ကောင်၏ မျက်လုံး နီနီကြီးများကို တွေ့လိုက်ရသည်။

လင်းဟွမ်သည် သူ၏ နှလုံးခုန်သံကိုပင် ပြန်ကြားနေရသည်။

စက္ကန့်ပိုင်းလေး အတွင်း၌ သွေးစုပ်ဖုတ်ကောင်၏ အာရုံသည် ရေချိုးခန်းထံ ဦးတည်သွားသည်။ သူ အမဲလိုက်နေသော သားကောင်၏အနံ့ကို ရနေသည်။ သားကောင်က တံခါးအနောက်၌ ရှိနေပြီး သူ့အတွက်တော့ အရသာရှိကာ တောင့်ခံ၍ မရအောင် မွှေးကြိုင်နေသည်။ သွားရည်များက မေးစေ့မှတစ်ဆင့် ကြမ်းပြင်အထိ စီးကျနေသည်။

သွေးစုပ်ဖုတ်ကောင်သည် လင်းဟွမ်ကို လျစ်လျူရှုထားပြီး ရေချိုးခန်းထံ ပြေးသွားသည်။

လင်းဟွမ်က သတ္တိမွေးပြီး အော်ဟစ်လိုက်သည်။

"ဟော့၊ တစ်ခုခု မေ့သွားတာလား"

သွေးစုပ်ဖုတ်ကောင် ခန္တာကိုယ်ကို ဓါးဖြင့် ပစ်ပေါက် လိုက်သည်။

## အခန်း(၃) - ရွှေလက်ချောင်း အသက်ဝင်လာပြီ။

ဒီသွေးစုပ်ဖုတ်ကောင်များ၏ အာရုံခံနိုင်စွမ်းသည် အံ့မခန်းပင်။ ခါးပစ်လိုက်သော ဦးတည်ရာကိုပင် ကောင်းကောင်း အာရုံခံနိုင်ပြီး အချိန်မှီ ရှောင်တိမ်းသွားခဲ့သည်။ ချက်ခြင်းဆိုသလို ခါးက နံရံထဲ စိုက်ဝင်သွားပြီး ခါးကိုယ်ထည်က တုန်ခါနေသည်။

သွေးစုပ်ဖုတ်ကောင်သည် လမ်းမလျှောက်တော့ဘဲ လင်းဟွမ်ကို

စိုက်ကြည့်နေသည်။ သွေးစုပ်ဖုတ်ကောင်က မတိုက်ခိုက်လာသဖြင့် လင်းဟွမ်သည် စိတ်သက်သာရာ ရသွားပြီး သူ့ကိုယ်သူ တိုးတိုးလေး ညည်းညူလိုက်သည်။

“ဒါကို ပြီးအောင် လုပ်လိုက်ကြတာပေါ့”

သွေးစုပ်ဖုတ်ကောင်က သူ့ကို လျစ်လျူရှုထားသော်လည်း လင်းရှင်ကို တိုက်ခိုက်လိုက်မှာ စိုးရိမ်ပြီး သူနှင့်အတူ ပါလာသော ဒုတိယဓါးဖြင့် သွေးစုပ်ဖုတ်ကောင်ကို ပစ်ပေါက် လိုက်ပြန်သည်။ သို့သော် ရန်သူကို ဒေါသ

မထွက်စေဘဲ အာရုံလွှဲရန် အတွက်သာ ဂန္ဓဝင်ဆန်သော နည်းဗျူဟာကို ရွေးချယ်လိုက်သည်။

မျှော်လင့်ထားသကဲ့သို့ပင် ဒါက အလုပ်ဖြစ်သွားသည်။ သွေးစုပ်ဖုတ်ကောင်က ဒေါသတကြီး ဖြစ်လာပြီး ဓါးကို နောက်တစ်ကြိမ် ရိုက်ထုတ်လိုက်သည်။ ခေါင်းမှ ခြေဖျားအထိ သွေးများ စီးကျလာပြီး တစ်ကိုယ်လုံး ဖုံးလွှမ်းသွားသည်။

လင်းဟွမ်သည် အသက်ရှူ ကြပ်လာသည်။ သွေးအစွမ်းသုံးနိုင်သော သွေစုပ်ဖုတ်ကောင်နှင့်

ပထမဆုံးအကြိမ် ရင်ဆိုင် နေရသဖြင့် တော်တော်လေး စိတ်ဖိစီးနေသည်။ သွေးစွမ်းအားကို အသုံးပြုနိုင်သော သွေးစုပ် ဖုတ်ကောင်သည် လူသားများထက် လုံး၀ သာလွန်သွားကာ အမှန်တကယ် မွန်းစတားဟု သတ်မှတ်၍ရသည်။

လင်းဟွမ်သည် မြင်လိုက်သော အရာအတွက် နှလုံးခုန်နှုန်းများ မြန်ဆန်လာသည်။

သွေစုပ်ဖုတ်ကောင် နောက်ကျောမှ သွေးစွမ်းအင် ထောက်ပံ့သော တောင်ပံတစ်စုံ ထွက်လာသည်။

အတောင်ပံတစ်ခုကို နှစ်မီတာခန့် ရှည်သည်။

"အား မဟုတ်ဘူး။ ဒီမွန်းစတားက သံအဆင့် မဟုတ်ဘူး ကြေးအဆင့် ရောက်နေပြီ"

သံအဆင့်ရှိသော သွေးစုပ် ဖုတ်ကောင်များတွင် စွမ်းအင် ထောက်ပံ့မှုတစ်ခုသာ ရှိသော်လည်း ကြေးအဆင့်ရှိသော သွေးစုပ်ဖုတ်ကောင်များ၌ စွမ်းအင် ထောက်ပံ့မှု နှစ်ခုရှိသည်။ ဒါကို လင်းဟွမ် သေသေချာချာ မှတ်မိနေသည်။

လင်းဟွမ်၏မျက်နှာသည် ဖြူဖျော့လာသည်။ သူ့အိမ်ထဲသို့ ကျူးကျော်ဝင်ရောက်လာသော သွေးစုပ်ဖုတ်ကောင်သည် ကြေးအဆင့်

သွေးစုပ်ဖုတ်ကောင်ဖြစ်ကြောင်း သူမသိခဲ့ပေ။ ကြေးအဆင့် သွေးစုပ်ဖုတ်ကောင် ထက်စာလျှင် သူက အဆ တစ်ရာလောက် အားနည်းသည်။

“ဒါ မမှန်နိုင်ဘူး။ တကယ်လို့ ကြေးအဆင့် သွေးစုပ်ဖုတ်ကောင်သာဆို အဖြူရောင် သလင်းကျောက်နဲ့ ရိုက်လိုက်လို့ နာပြီး သားကောင်ကို လွှတ်ပေးမှာ မဟုတ်ဘူး”

လင်းဟွမ်သည် စောစောတုန်းက သွေးစုပ်ဖုတ်ကောင်ကို မီးခွက်နှင့် ရိုက်လိုက်သည့် အချိန်ကို ပြန်စဉ်းစား ကြည့်လိုက်သည်။

သွေးစုပ်ဖုတ်ကောင်သည် လောင်ကျွမ်းနိုင်သော အပူရှိန်ကြောင့် လင်းရှင်ကို လွှတ်ပေးခဲ့သည်။

သွေးစုပ်ဖုတ်ကောင်ကို သေသေချာချာ စစ်ဆေးကြည့်လိုက်ရာ မကြာခင်မှာဘဲ ထင်းရှားသော ဒဏ်ရာနှစ်ခု ရှိနေကြောင်း သတိထားလိုက်မိသည်။

တစ်ခုက ညာဖက်ပခုံးပေါ်တွင် အရိုးပေါ်တဲ့အထိ နစ်ဝင်နေသော ဒဏ်ရာရှိနေပြီး နောက်တစ်ခုက ဘယ်ဘက်ရင်အုံ နှလုံးနဲ့ ၂ စင်မီတာအကွာတွင် ဓါးထိုး ခံထားရသောဒဏ်ရာ ရှိနေသည်။

ဒဏ်ရာများက ပုပ်စပင် ပြုနေပြီ။ ထိခိုက်မှု ဖြစ်ခဲ့ခြင်းသည် လွန်ခဲ့သော တစ်နာရီကျော်ခန့်ကဟု ခန့်မှန်းရသည်။ သွေးစုပ်ဖုတ်ကောင်သည် ပြတင်းပေါက်မှ တိုးဝင်လာသောအချိန်တွင် တစ်ကိုယ်လုံး သွေးဖုံးနေသဖြင့် ဒဏ်ရာများသည် အစပိုင်း၌ မသိသာခဲ့ပေ။ ယခုတော့ ရှင်းရှင်းလင်းလင်း မြင်နေရပြီ။

ဒီကြေးအဆင့် သွေစုပ်ဖုတ်ကောင်က ဘာကြောင့် သံအဆင့် သွေးစုပ်ဖုတ်ကောင်ထက် အားနည်းနေရလဲ ဆိုသည်ကို နားလည်သွားသည်။

"အခု အရမ်း အားနည်းနေတဲ့ပုံပဲ။ သွေးခွဲ အဆိပ်ကြောင့် နှလုံး ကောင်းကောင်း အလုပ်မလုပ်တော့တဲ့ ပုံပဲ။ ဒီအတိုင်းဆို သုံးနာရီထက်ပိုပြီး အသက် မရှင်နိုင်တော့ဘူး။ သူ့ခွန်အားတွေ ဆုတ်ယုတ်နေတာလဲ အံ့အောစရာ မရှိတော့ဘူး။ အစွမ်းကုန်ကြိုးစားပြီး သူနဲ့ ခပ်ဝေးဝေးမှာ နေရမယ်။ သူ့ရဲ့သွေးစွမ်းအင် တိုက်ခိုက်မှုကို ရှောင်နိုင်ရင် ငါလုံခြုံပြီ"

သွေးစုပ်ဖုတ်ကောင်က ယခုကဲ့သို့ ပြင်ပြင်းထန်ထန် ထိခိုက်ထားသည့် အကြောင်းကို

ရှင်းရှင်းလင်းလင်း သိလိုက်ရသော အချိန်၌ လင်းဟွမ်သည် မကြောက်တော့ပေ။ စိတ်ထဲ၌ သွေးစုပ်ဖုတ်ကောင်ကို သတ်ပစ်နိုင်မည့် နည်းလမ်း တစ်ခုကိုသာ တွေးတောနေခဲ့သည်။

သွေးစုပ်ကောင်သည် လင်းဟွမ်ကို သေချာစိုက်ကြည့်နေပြီး သူ့နောက်ကျောမှ အတောင်ပံများသည် ပို၍ရှည်လာပြီး ချွန်ထက်လာသည်။ ထို့နောက် လင်းဟွမ်ကို ရိုက်ချလိုက်သည်။

လင်းဟွမ်ကလည်း ဒီလိုဖြစ်လာမည် ဆိုတာကို မျှော်လင့်ပြီးသားပင်။ ညာဘက်မှာရှိသော စားပွဲပေါ် ခုန်တက်ပြီး ရှောင်လိုက်သည်။

ပထမဆုံး ရိုက်ချက်သည် လွဲချော်သွားခဲ့သည်။ အတောင်ပံများက ရှည်လျားသော တုတ်ပုံစံ ပြောင်းသွားပြီး လင်းဟွမ်ထံ ပြေးဝင်လာသည်။ ကြားထဲမှာ ရှိနေသော ဗီရိုများ၊ ကုလားထိုင်များ ပြိုလဲကုန်သည်။

အကယ်၍ လင်းဟွမ်ကိုသာ ထိမှန်သွားလျှင် သေရင်သေ မသေရင်ပင် အရိုးများ ကြေမွ သွားလိမ့်မည်။

လင်းဟွမ်က လှမ်းခုန်ပြီး ဒုတိယအထပ်မှ လက်ရန်းကို လက်တစ်ဖက်နှင့် လှမ်းဖမ်းကာ အားယူပြီး ခုန်တက်လိုက်သည်။

သွေးစုပ်ဖုတ်ကောင်၏ ဒုတိယ ရိုက်ချက်ကြောင့် စားပွဲခုံသည် တစ်စစီ ကြေမွသွားသည်။

သွေးစုပ်ဖုတ်ကောင်သည် သူ့အစား လင်းရှင်ထံ ပြေးဝင်သွားမည်ကို စိုးရိမ်သောကြောင့်

လင်းဟွမ်သည် ဒုတိယအထပ်မှ လှမ်းကြည့် လိုက်သည်။ ပန်းအိုးတစ်လုံး ကောက်ယူပြီး သွေးစုပ်ဖုတ်ကောင်ကို ပစ်ပေါက်လိုက်သည်။

ဝုန်းဆိုသော အသံ ကြားလိုက်ရသည်။ ပန်းအိုးက သွေးစုပ်ဖုတ်ကောင်၏ အတောင်ပံနှင့် ထိမှန်ပြီး တစ်စစီ ကြေမွသွားသည်။ သွေးစုပ်ဖုတ်ကောင်သည် လင်းဟွမ်ဘက် လှည့်ကြည့်ကာ နာကျင်သွားသဖြင့် ဒေါသတကြီး အော်ဟစ်နေသည်။

သူ့အတောင်ပံ၏ ခွန်အားနှင့် ဆန့်ထွက်မှုက ကန့်သတ်ချက် ရှိသည်။ သွေးစုပ်ဖုတ်ကောင်သည်

လင်းဟွမ်ထံ မရောက်နိုင်တော့သည့် အကြောင်း သတိထားမိပြီး လင်းဟွမ်ရှိနေသော ဒုတိယအထပ်သို့ ခုန်တက်လာသည်။

လင်းဟွမ်က ချက်ခြင်း ထွက်ပြေးကာ အိပ်ရာအောက်တွင် ပြေးပုန်းလိုက်သည်။

ထိုနေရာ၌ တစ်ပေခန့်ရှည်သော သေတ္တာလေး တစ်ခုရှိသည်။ သေတ္တာကိုဖွင့်ပြီး အထဲမှ ငွေရောင်ပစ္စတို တစ်လက်ကို ထုတ်ယူလိုက်သည်။

ဒါက အီးဂဲလ်(လင်းယုန်) ကုမ္ပဏီထုတ် နောက်ဆုံးပေါ် ဂရေးအီးဂလ် ၁၇ (မီးခိုးရောင်

လင်းယုန်) ပစ္စတိုပင်။ ဒါသည် အပြစ်ပြောစရာမရှိဘဲ သံအဆင့် သေနတ်ထက် ပေါက်ကွဲအား မနည်းပေ။

လင်းဟွမ်၏ ဘဏ္ဍာရေး အခြေအနေအရ ဤကဲ့သို့ သေနတ်မျိုးကို ဝယ်ယူရန် မတတ်နိုင်ပေ။

ဒါသည် ကောလိပ်တွင် အဆင့်တစ် ရသဖြင့် ရရှိထားသောဆု ဖြစ်သည်။

လင်းဟွမ်က ပစ္စတိုသေနတ်ကို ထုတ်ယူပြီး အပိုရှိသော ကျည်နှစ်တောင့်ကို ဘယ်ဘက် အိတ်ကပ်ထဲသို့ ထည့်လိုက်သည်။ ထို့နောက် လုံခြုံရေး ခလုတ်ကိုလည်း ဖွင့်လိုက်သည်။

သွေးစုပ်ကောင်ဝင်လာနိုင်သော တံခါးဘက်သို့ လှမ်းချိန်လိုက်သည်။

ဒိုင်း.....

ကုတင်အောက်မှ ပစ်လိုက်လျှင် သွေးစုပ်ဖုတ်ကောင်သည် ဒေါသတကြီး အော်ဟာစ်နေသည်။

ပစ်ခတ်မှုကြောင့် မထိခိုက်သွားသော်လည်း ဒီပစ်ချက်ကြောင့် သွေးစုပ်ဖုတ်ကောင် ကာကွယ်ထားသော သွေးစွမ်းအင် အလွှာသည် မှိန်ကျသွားခဲ့သည်။

ဒိုင်း.... ဒိုင်း....

နောက်ထပ် သေနတ်သံ နှစ်ချက် ထွက်ပေါ်လာသည်။

သွေးစုပ်ဖုတ်ကောင်၏ သွေးစွမ်းအင် အလွှာသည် ပိုမိုနိုန်လာသည်။ အတောင်ပံများဖြင့် ကုတင်ကို ဒေါသတကြီး ရိုက်လှန်လိုက်သည်။

လင်းဟွမ်ကလည်း ဒီအတွက် ပြင်ဆင်ထားခဲ့သည်။ နံရံကို ခြေထောက်နှင့် ခပ်ပြင်းပြင်းလေး ကန်ပြီး ကုတင်အောက်က

လျှောထွက်သွားသည်။ ထို့နောက် လေသာဆောင်သို့ ပြေးကာ လက်ရန်းပေါ်မှ ခုန်ချလိုက်သည်။

သွေးစုပ်ဖုတ်ကောင်က ဒေါသတကြီး ဖြစ်နေပြီး လင်းဟွမ်နောက်သို့ လိုက်လာသည်။

လမ်း ၁၀၁ သည် ဝပ်ကျင်းထဲရှိ အဓိက လမ်းများထဲက တစ်ခုဖြစ်ပြီး သူ့အိမ်နားတွင် ရှိသည်။ မြေပေါ်ရှိ လရောင် ကျောက်တုံးများနှင့် လမ်းတစ်ခုလုံး လင်းထိန်နေသည်။

လမ်းတစ်ခုလုံး ဉာဏ်မျှ လင်းထိန်နေသော်လည်း သွေးစုပ်ဖုတ်ကောင်သည် လင်းဟွမ်ကို ရှာမတွေ့ပေ။

လင်းဟွမ်သည် သွေးစုပ်ဖုတ်ကောင်ထက် ပါးနပ်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ သူက ခုန်ချချင်ဟန်ဆောင်ပြီး တကယ် မလုပ်ခဲ့ပေ။ လေသာဆောင် ကြမ်းခင်းကို လက်တစ်ဖက်နှင့် ဖမ်းပြီး တွဲလောင်း ခိုထားခဲ့သည်။ သွေးစုပ်ဖုတ်ကောင် ခုန်ချသွားသည်နှင့် ပြန်ဖက် တက်သွားခဲ့သည်။

လင်းဟွမ်က သွေးစုပ်ဖုတ်ကောင်ကို ကြည့်ပြီး သေနတ်နှင့် ခေါင်းကို ချိန်လိုက်သည်။

ဒိုင်း.... ဒိုင်း.... ဒိုင်း......

သေနတ်သံများကြားတွင် သေွစုပ်ဖုတ်ကောင်၏ ဒေါသတကြီး အော်ဟစ်သံများ ထွက်ပေါ်နေသည်။ လမ်းပေါ်ရှိအိမ်များ မီးပိတ်သွားပြီး လုံးဝ တိတ်ဆိတ်နေသည်။ သေနတ်သံနှင့် သွေးစုပ်ဖုတ်ကောင် အော်ဟစ်သံများသာ လမ်းပေါ်တွင် ပဲ့တင်သံ ထပ်နေခဲ့သည်။

လမ်းအလင်းများအောက်တွင် သွေးစုပ်ကောင်၏ သွေးအလွှာ တောင်ပံများသည် မြင်နိုင်လောက်သော အရှိန်ဖြင့် ကျုံ့သွားသည်။

နောက်ဆုံးတော့ သွေးစုပ်ဖုတ်ကောင်သည် မချိမဆံ့ နာကျင်နေသောအသံနှင့်အတူ အဝေး ပြေးထွက်သွားသည်။

လင်းဟွမ်သည် သွေးစုပ်ဖုတ်ကောင် နောက်သို့ ပြေး မလိုက်ဘဲ သေနတ် အချက်နှစ်ဆယ် ပစ်ခတ်လိုက်သည်။

သွေးစုပ်ဖုတ်ကောင်က မီတာ ၂၀၀ အကွာအဝေးမှာ မရှိတော့သည်ကို မြင်လိုက်လျှင် ကျည်ကဒ်အသစ် ပြန်ထည့်လိုက်ပြီး မြေပေါ်သို့

ခုန်ချကာ သွေးစုပ်ဖုတ်ကောင် နောက်သို့ ပြေးလိုက်သွားသည်။

တိတ်ဆိတ်သော ညတစ်ခုအဖြစ် စတင်ခဲ့သော်လည်း သေနတ်သံများ ၊ သွေးစုပ်ဖုတ်ကောင် အော်ညည်းသံများနှင့် ပြည့်နှက်သွားသည်။

ကျည်ဆံများသည် သွေးစုပ်ဖုတ်ကောင်၏ အပြင်ဘက်အလွှာကို ထိုးဖောက် ဝင်ရောက်သွားပြီး ခန္ဓာကိုယ်ထဲသို့ တည့်တည့် ထိုးဖောက်သွားလျှင် သွေးစွမ်းအင် အလွှာများ ပိုမို ပါးလွှာလာခဲ့သည်။

လင်းဟွမ်သည် သတိထားပြီး သွေးစုပ်ဖုတ်ကောင်နှင့် ခပ်ခွာခွာ နေခဲ့သည်။

သေနတ်ခလုတ် ဆွဲနေသောအချိန်၌ လင်းဟွမ်သည် လေ့ကျင့်ထားသော မုဆိုး တစ်ယောက်ကဲ့သို့ ခံစားနေရသည်။

ကျည်ဆံများသည် သွေးစုပ်ဖုတ်ကောင်၏ သွေးစွမ်းအင်အလွှာကို ထိမှန်နေသည်နှင့်အမျှ တစိတ်တပိုင်း ထွင်းဖောက် မြင်သာလာခဲ့သည်။ နောက်ထပ် ၁၈ ချက် ပစ်လိုက်သော အချိန်၌ သွေးစွမ်းအင်အလွှာ လုံး၀ ပျောက်ကွယ်သွားသည်။

လင်းဟွမ်သည် ပြုံးဖြဲဖြဲ ဖြစ်နေသည်။ သွေးစုပ်ဖုတ်ကောင် ဒဏ်ရာရထားသော ဘယ်ဘက်ရင်အုံကိုချိန်ပြီး နောက်ဆုံး ကျည်ဆံ နှစ်တောင့် ပစ်ထည့်လိုက်သည်။ ထို့နောက် နောက်ထပ် ကျည်ကဒ်အသစ်လဲပြီး ပစ်ခတ်ရန် အသင့် ဖြစ်သွားသော အချိန်၌ သွေးစုပ်ဖုတ်ကောင်သည် မြေပေါ်သို့ လဲကျသွားသည်။

သွေးစုပ်ဖုတ်ကောင်သည် ပြန်ထရန် ကြိုးစားနေပြီး အသက် ကောင်းကောင်းမရှုနိုင်ဘဲ

ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားသည်ကို မြင်နေရသည်။ သူသည် ခေါင်း ဦးတည်ရာသို့ လေးဘက်တွား သွားနေသည်။

လင်းဟွမ်က မပစ်သေးဘဲ ပြေးလိုက်သွားပြီး သွေးစုပ်ဖုတ်ကောင်၏ အနီး ၁၅ မီတာ အကွာတွင် ရပ်တန့်လိုက်သည်။ သွေးစုပ်ဖုတ်ကောင်၏ အတောင်ပံသည် ၁၀ မီတာ အတွင်းသာ ဆန့်ထုတ်နိုင်သဖြင့် ၁၅ မီတာသည် လုံခြုံသော အကွာအဝေး တစ်ခုပင်။

လင်းဟွမ်က သွေးစုပ်ဖုတ်ကောင်၏ ခေါင်းအနောက်သို့ ချိန်ပြီး သေနတ်နှစ်ချက် ပစ်လိုက်သည်။ သွေစုပ်ဖုတ်ကောင်သည် ခေါင်းကွဲထွက်သွားပြီး ဦးနှောက်အရည်များ လမ်းပေါ်သို့ စီးကျလာမှသာ စိတ်အေးသွားသည်။

ဒင်.....

လင်းဟွမ်၏ နားထဲ၌ အကြောင်းကြားချက် တစ်ခု မြည်ဟီးလာသည်။ မကြာခင် ထွင်းဖောက်မြင်နေရသော စာမျက်နှာတစ်ခုသည် သူ့အရှေ့မှာ

ပေါ်လာပြီး သတင်းအချက်အလက်များ ပေါ်လာသည်။

“ရွှေလက်ချောင်း အသက်ဝင်ပါပြီ”

“ပိုင်ရှင်က ပထမဆုံး သတ်ဖြတ်ခြင်း အောင်မြင်သွားတဲ့အတွက် မွန်းစတား ကဒ်တစ်ခု ချီးမြှင့်လိုက်တယ်”

“ပိုင်ရှင်က အဆင့်ကျော်ပြီး သတ်ဖြတ်ခြင်း အောင်မြင်တဲ့အတွက် ကြိုတင်ကဒ်တစ်ခု ဆုချီးမြှင့်တယ်”

"နှစ်ဆင့်ကျော် သတ်ဖြတ်ခြင်း အောင်မြင်သွားတဲ့အတွက် ကြံ့ရာကျပန်း မဲဆွဲခြင်းကဒ် ဆုချီးမြှင့်တယ်"

.................................

"ပိုင်ရှင် အကဲဖြတ် ကဒ် အထိုင်ချခြင်း"

"ပိုင်ရှင် - လင်းဟွမ်"

"လိင် - ကျား"

"အသက် - ၁၅ နှစ်"

“တိုက်ခိုက်ရေး ခွန်အား - မရှိ (ကန့်သတ်ချက် ဘောင်မဝင်သေး)

“စွမ်းရည် - မရှိ (အခြေခံ စွမ်းရည် - ဘောင်မဝင်သေး”

“ဆင့်ခေါ်ခွင့် အာဏာ - အသက်ဝင်ပြီ”

“ဆင့်ခေါ်နိုင်တဲ့ အရေအတွက် - ၁ “

“မှတ်ချက် - မင်းက တော်တော် အားနည်းသေးတယ်’

လင်းဟွမ် မျက်နှာပေါ်၌ ထူးဆန်းသော အမူအရာပေါ်နေသည်။

"ရွှေလက်ချောင်း အသက်ဝင်တာတော့ ဟုတ်ပါပြီ။ ဒီမှတ်ချက်က ဘာပြောချင်တာလဲ"

## အခန်း(၄) - အားလုံးက ရုပ်ရှည်အပေါ် မူတည်တယ်။

လင်းဟွမ်သည် အနီးကပ် ကြည့်လိုက်သည်။ သူ့၏ အသက်စက်ဝိုင်းထဲတွင် မူလ အမည်းရောင်ကဒ်အပြင် နောက်ထပ် သလင်းကဒ် သုံးခုကိုလည်း မြင်နေရသည်။

သူ၏ အကဲဖြတ်ကဒ်အသစ်သည် အမည်းရောင်ကဒ် အနားတွင် ရှိနေသည်။ ကဒ်အရှေ့ဘက်တွင် သလင်းဖြူရောင်

သူ့ခါတ်ပုံရှိသည်။  သူနဲ့ လုံးဝ တူပြီး  ဝတ်ပုံစားပုံက အစ  တူညီသည်။

ကဒ်  အနောက်ဖက်တွင်  အချက်အလက်များ ပါရှိသည်။

"ပိုင်ရှင် -  အကဲဖြတ်ကဒ် အထိုင်ချခြင်း"

"ပိုင်ရှင် - လင်းဟွမ်"

"လိင် - ကျား"

"အသက် - ၁၅ နှစ်"

"တိုက်ခိုက်ရေး ခွန်အား - မရှိ (ကန့်သတ်ချက် ဘောင်မဝင်သေး)

"စွမ်းရည် - မရှိ (အခြေခံ စွမ်းရည် - ဘောင်မဝင်သေး"

"ဆင့်ခေါ်ခွင့် အာဏာ - အသက်ဝင်ပြီ"

"ဆင့်ခေါ်နိုင်တဲ့ အရေအတွက် - ၁ "

"မှတ်ချက် - မင်းက တော်တော် အားနည်းသေးတယ်'

ဒုတိယကဒ်ကလည်း သလင်းဖြူရောင်ဖြစ်နေသည်။ ကဒ်၏ ညာဘက်အောက်ခြေတွင် သတ္တု ကြယ်သုံးလုံး ရှိသည်။ ကဒ်ပေါ်မှာရှိနေသောပုံက အနီရောင်မျက်လုံးများနှင့် သွေးစုပ်ဖုတ်ကောင်ပုံ ဖြစ်ပြီး ကြည့်ရသည်မှာ လင်းယွမ်နှင့် အသက်အတူတူလောက် ရှိမည်။

ထို့နောက် ကဒ်၏အနောက်ဖက်တွင် ရေးထားသော အချက်အလက်များကို ဖတ်လိုက်သည်။

"မွန်းစတားကဒ်"

“ရှားပါးမှု - သာမန်”

“မွန်းစတား အမျိုးအစား - သွေးစုပ်ဖုတ်ကောင်”

“တိုက်ခိုက်ရေး အဆင့် - သံ ကြယ်သုံးပွင့် (ကြေး ကြယ် သုံးပွင့်)’

“စွမ်းရည် ၁ - သွေးစွမ်းအင် (အဆင့် ၂)”

“စွမ်းရည် ၂ - ပြန်လည် ကုသခြင်း (အခြေခံ)”

“အခြေအနေ - ဆင့်ခေါ်ခံရနိုင်”

“ကဒ် မှတ်ချက် - ဒါက အသုံးမဝင်ဘူး”

"ရှောင်ဖိန် ဒီရှားပါးမှုကို အခြေခံပြီးပြောရင် အဆင့် ဘယ်လောက်ရှိလဲ"

လင်းဟွမ်သည် ကမ္ဘာပေါ်တွင် ကစားခဲ့သော N, R, SR နှင့် SSR ဆိုပြီး အမျိုးအစား ခွဲခြားထားသော မာစတာ XX ဂိမ်းနှင့် တူသည်ဟု ခန့်မှန်းထားသည်။

"မွန်းစတားကဒ်ကို ရှားပါးမှုနဲ့ အနိမ့်ကနေ အမြင့်ကို စီလိုက်ရင် သာမန် (သလင်းဖြူ ကဒ်) ၊ ရှားပါး (သလင်းစိမ်း ကဒ်)၊ မော်ကွန်း (သလင်းပြာ ကဒ်)၊ ဂန္တဝင် (သလင်း ခရမ်းကဒ်) ၊ ဒဏ္ဍာရီ (သလင်းလိမ္မော်ကဒ်) ဆိုပြီး ရှိတယ်"

လင်းဟွမ် ဆွံ့အနေသည်။

"မာစတာXX ဂိမ်းမှာမှ စစခြင်း SR ကဒ် ထုတ်ပေး သေးတယ်။ ခုက ငါ့ကို အဆင့်အနိမ့်ဆုံး ဖြစ်တဲ့ N ကဒ်လောက်ပဲ ပေးတယ်ဆိုတော့ ဒီကမ္ဘာရောက်မှ ပိုဆိုးနေပြီ။ ရှားပါးမှုကြားမှာ ကွာဟချက် ရှိလား။ သူတို့ စွမ်းအားတွေကြားမှာ ကြီးကြီးမားမား ကွာခြားချက် ရှိနေလို့လား"

"တိုက်ခိုက်ရေး အဆင့်တူတဲ့ မွန်းစတား ကဒ်တွေကြားမှာ ရှားပါးကဒ်က သာမန်ကဒ်ထက် သုံးဆကနေ ငါးဆလောက် ပိုသန်မာတယ်"

" ဂန္ထဝင်နဲ့ ဒဏ္ဍာရီ ကြားမှာရော ဘယ်လိုလဲ"

"ပိုင်ရှင် ဝင်ရောက်ခွင့် ကန့်သတ်ထားတယ်။ အဖြေထုတ်လို့ မရပါ"

"တကယ်လို့ မွန်းစတား မဲဆွဲကဒ်ကို အသုံးပြုရင် ရှားပါး အထက်အဆင့်ကို ရနိုင်ခြေ ဘယ်လောက်ရှိလဲ"

ရှောင်ဖိန် ထုတ်ပြစဉ်က မွန်းစတား မဲဆွဲကဒ်တစ်ခု မဲဆွဲခွင့် ရှိနေသောကြောင့် လင်းဟွမ် စိတ်လှုပ်ရှားနေသည်။

"ဒါတွေ အားလုံးက ရုပ်ချောတဲ့အပေါ်မှာ မူတည်တယ်"

"ငါရုပ်ချောတဲ့ အပေါ် မူတည်တယ်ဆိုတာ ဘာလဲ။ ခန့်မှန်းခြေ ရာခိုင်နှုန်း မရှိဘူးလား"

လင်းဟွမ်က ရယ်စရာကောင်းသည်ဟု တွေးလိုက်မိသည်။ အမြဲတန်း မှုန်ကုတ်ကုတ် ဖြစ်နေတတ်သော လူတစ်ယောက်အနေနှင့် ဒီအဖြေက ကျေနပ်စရာ မရှိပေ။

"မဟုတ်ဘူး။ အားလုံးက မင်းရုပ်ရည်အပေါ် မူတည်တယ်"

"ဒါက..."

လင်းဟွမ်သည် နဖူးပေါ် လက်တင်လိုက်မိသည်။

"ငါကစားခဲ့တဲ့ ကဒ်ဂိမ်းမှာလည်း ပထမနေရာကိုပြီးသွားပြီ။ ဒါပေမယ့် ဒီကမ္ဘာကြီးမှာတော့ ရှားပါးကဒ် ရနိုင်ခြေက ငါ့ရုပ်ရည်အပေါ် မူတည်တယ်ဆိုတော့.........."

လင်းဟွမ်သည် စိတ်လျှော့လိုက်ပြီး မျက်နှာပြင်ကို လှမ်းကြည့်လိုက်သည်။ သိပ်မကြာခင် သံသယဖြစ်စရာတစ်ခု တွေ့လိုက်ရသည်။

“မွန်းစတား မဲဆွဲကဒ်ရဲ့ အဆင့်နေရာက ဘာဖြစ်လို့ အလွတ်ကြီး ဖြစ်နေရတာလဲ”

“ပိုင်ရှင်ရဲ့စွမ်းရည် မလုံလောက်ရင် ကဒ်ရဲ့ အဆင့်က အလိုလို ကျဆင်းသွားလိမ့်မယ်။ ကွက်လပ်ထဲမှာရှိတဲ့ အဆင့်က မူရင်းအဆင့်ပါ”

“ကဒ်ရဲ့အဆင့်က ‘ဆင့်ခေါ်ခွင့် ရှိတယ်’ လို့ ပြောထားတယ်။ ဒါက သွေးစုပ်ဖုတ်ကောင်ကို တကယ့် ကမ္ဘာဆီ ဆင့်ခေါ်နိုင်တယ်လို့ ပြောတာလား”

လင်းဟွမ် စိတ်လှုပ်ရှားနေပြီး စမ်းကြည့်ချင်လာသည်။

ရုတ်တရက် ဆိုသလို တစ်ကိုယ်လုံး အမွှေးဖြူနေသော စောင့်ကြည့်ခြင်း ဌက်တစ်ကောင်က မနီးမဝေးမှာ ရှိသည့် အိမ်ခေါင်မိုးပေါ်၌ ရပ်နား နေသည်ကို တွေ့လိုက်ရသည်။

ဒီဌက်သည် မည်သည့်အချိန်က ပေါ်လာလဲဆိုသည်ကို မသိလိုက်ပေ။ ထို့ကြောင့်

သွေးစုပ်ဖုတ်ကောင် ဆင့်ခေါ်မည့်အကြံကို ခဏ လက်လျှော့ ထားလိုက်သည်။

စောင့်ကြည့်ခြင်း ဌက်ကို ယခင်တုန်းက မျက်လုံးသုံးလုံး ဌက်မွန်းစတားဟု ခေါ်ကြသည်။ သူတို့သည် မျက်ကွယ် နေရာမရှိဘဲ ၃၆၀ ဒီဂရီ ကြည့်နိုင်သည်။

ကီလိုမီတာ ၃၀ အတွင်းမှာရှိသော အရာများကို ရှာဖွေနိုင်သည်။ သူ့နဖူးပေါ်မှာရှိသည့် တတိယ မျက်လုံးက ပရိဂျက်တာ တစ်ခုကဲ့သို့ လုပ်ဆောင်ပြီး

မြင်ခဲ့သမျှ အရာတိုင်းကို တိကျပြတ်သားစွာ ပြန်ပြနိုင်သည်။

ဤကဲ့သို့ လက္ခဏာများ ကြောင့်လည်း စွမ်းရည်ရှိသော လူသားများက သူ့တို့ကိုဖမ်းပြီး မွေးမြူကာ စောင့်ကြည့်ရေး ကင်မရာအဖြစ် အသုံးချကြသည်။

လင်းဟွမ်က ရွှေလက်ချောင်း အကြောင်းကို ဘယ်သူမှ မသိစေချင်ပါ။

စောင့်ကြောင့်ထိုင်ပြီး သွေးစုပ်ဖုတ်ကောင်တွင် တန်ဖိုးရှိသောအရာ ရှိ၊မရှိ စစ်ဆေးလိုက်သည်။

ထို့သို့ ကြည့်နေရင်း တိုးတိုးလေး မေးလိုက်သည်။

"ရှောင်ဖိန်၊ ကဒ်ပေါ်က မှတ်ချက်ကို ဘယ်သူပေးတာလဲ"

"ငါပဲ"

"ကောင်းပါပြီ"

လင်းဟွမ်သည် ဤကဲ့သို့ တုန့်ပြန်ခံရပြီးနောက် အချိန်တစ်ခုလောက် ဆွံ့အနေကာ မျက်နှာက မှုန်ကုတ်ကုတ် ဖြစ်နေသည်။ ရွှေလက်ချောင်းကို စော်ကားလျှင် အခြေအနေ ပိုဆိုးသွားနိုင်သည်။

ဒါသည် ရွှေရောင် သလင်းကဒ်တစ်ခုပင်။ ရှေ့ဘက်တွင် ရွှေရောင် လှေကားတစ်ခုရှိပြီး နောက်ကျောဘက်တွင် ဖော်ပြချက် ပါရှိကာ ရိုးရှင်းသည်။

"မြှင့်တင်ရေး ကဒ်"

"လုပ်ဆောင်ချက် - မွန်းစတားကဒ်၊ အသုံးအဆောင်ကဒ်၊ အစွမ်းကဒ် တို့ကို အဆင့်တစ်ဆင့် မြှင့်တင်နိုင်တယ်"

"မှတ်ချက်။ ထပ်ဆင့်အလွှာအဖြစ် အသုံးပြုနိုင်တယ်။ ကဒ်က အမြင့်ဆုံးအဆင့်

ဖြစ်နေလည်း နောက်ထပ် အဆင့်မြှင့်တင်မှု လုပ်ပေးနိုင်တယ်”

“ရှောင်ဖိန်၊ ငါ့မှာရှိနေတဲ့ သွေးစုပ်ဖုတ်ကောင် မွန်းစတားကဒ်ကို အဆင့်မြှင့်ဖို့အတွက် ဒီကဒ်ကို သုံးလို့ရလား”

ဖော်ပြချက်ကို ဖတ်ပြီးနောက် လင်းဟွမ်က မေးလိုက်သည်။

“ရတယ်”

လင်းဟွမ်က သွေးစုပ်ဖုတ်ကောင် မွန်းစတားကဒ်ကို ခဏစိုက်ကြည့်ရင်း တွေးနေသည်။ မြှင့်တင်ရေးကဒ်ကို အသုံးပြုမည့် စိတ်ကူးအား ခဏလောက် ရွှေ့ဆိုင်းထားရန် ဆုံးဖြတ်လိုက်သည်။

အချိန်တော်တော် ကြာအောင် ရှာဖွေခဲ့သည့်တိုင် သွေးစုပ်ဖုတ်ကောင်ထံမှ တစ်ခုမျှ မရလိုက်ပေ။

မတ်တပ်ရပ်ပြီး ထွက်သွားရန် လုပ်လိုက်စဉ် အဖြူရောင် အရိပ်တစ်ခုက သူ့ရှေ့၌ ပေါ်လာသည်။

အသက် ၂၀ လောက်ရှိပြီး ရုပ်ချောသော လူငယ်တစ်ယောက်ပင်။ အဖြူရောင် ဝတ်စုံအပြည့်

ဝတ်ဆင်ထားသလို ဆံပင်ကိုလည်း သေသေသပ်သပ် ဖီးထားသည်။

"ဘယ်လိုတောင် အသန့်ကြိုက်တဲ့ ကောင်လဲ"

လင်းဟွမ်က ထိုလူကို စိတ်ထဲမှ တံဆိပ်ကပ်လိုက်သည်။

အများအားဖြင့်တော့ လူအများစုက လွတ်လွတ်လပ်လပ် ဝတ်စားတတ်ပြီး ဤကဲ့သို့ သေသေသပ်သပ် မဖြီးလိမ်း တတ်ကြပေ။ လည်စည်းကလည်း အလွန်အသေး စိတ်ကျပြီး ထိုအပေါ်၌ ရွှေလက်စွပ်ပုံစံ

ကွင်းသေးသေးလေးများကို အစီအရီ တပ်ဆင်ထားသေးသည်။

လင်းဟွမ်က ထိုလူကို အကဲခတ်နေသလို ထိုလူကလည်း လင်းဟွမ်ကို ပြန် အကဲခတ်နေသည်။

"တွေ့ရတာ ဝမ်းသာပါတယ်။ ငါက လီလန်ပါ။ မင်းက ဒီသွေးစုပ်ဖုတ်ကောင်ကို သတ်လိုက်တာလား"

လင်းဟွမ်လက်ထဲမှ ပစ္စတို သေနတ်နှင့် သွေးစုပ်ဖုတ်ကောင် ခေါင်းပေါ်မှ ဒဏ်ရာကို ကြည့်ရင်း ပြောလိုက်သည်။

"ငါ ခန့်မှန်းကြည့်သလောက်ဆို သူက သွေးခွဲအဆိပ် မိနေပြီးသားလို့ ထင်တာပဲ။ ငါကံကောင်းသွားတယ်"

လင်းဟွမ်သည် အမှန်အတိုင်းသာ ပြောလိုက်သည်။ စောကြည့်ခြင်းဌက်က မည်မျှ အတိုင်းအတာအထိ မှတ်တမ်းတင်ထားလဲ မသိသဖြင့် မလိမ်ရဲပေ။

"ကယ်ဆယ်ရေး အချက်ပြလိုက်တဲ့ လူက မင်းလား"

လီလန်က သူ့အသံကို မှတ်မိနေသည်။

"ဟုတ်ပါတယ်။ မစ္စတာ လီလန်"

လင်းဟွမ်က အားနားစွာပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။ လီလိန်က သူ့ကို မှတ်မိသွားမည်ဟု မထင်ထားခဲ့ချေ။

"မင်းက လေ့ကျင့်ထားတဲ့ မုဆိုး မဟုတ်သေးတော့ ဒီအလောင်းကို ငါပဲ သိမ်းသွားလိုက်မယ်။ မင်းက ဒီသွေးစုပ်ဖုတ်ကောင်ကို သတ်ခဲ့တဲ့ အကြောင်း မုဆိုးအသင်းဆီ တင်ပြပေးမယ်။ မင်း ဆုတွေရမှာပါ"

လင်းဟွမ်သည် လီလန်က သူ့ဆုလဒ်ကို ခိုးသွားမှာ မကြောက်ပေ။ လီလန်ကလည်း ဒီငွေကြေးဆုလဒ်ကို လိုချင်သည့်ပုံ မပေါ်ပေ။

လင်းဟွမ်ထံမှ ခွင့်ပြုချက် ရပြီးသည်နှင့် လီလန်သည် လင်းလက် တောက်ပနေသော မွန်းစတား အရေခွံဖြင့် ပြုလုပ်ထားသည့် သားရေအိတ်ကို ထုတ်လိုက်သည်။ လက်အိတ်စွပ်ပြီး အလောင်းကို အိတ်ထဲထည့်လိုက်သည်။ ထို့နောက် အိတ်ကို ဇစ်ပိတ်ပြီး နေရာလွတ် ပစ္စည်းထဲ ထည့်သိမ်းလိုက်သည်။

"ဒါဆို မင်းလည်း ပြီးပြီဆိုတော့ ငါ့ညီမ ဘေးကင်းနေရဲ့လား စိတ်ပူနေလို့ သွားရှာတော့မယ်"

"ငါ မင်းနဲ့လိုက်ခဲ့မယ်။ ပျက်စီးဆုံးရှုံးမှုကို ကြည့်ပြီး ပျက်စီးဆုံးမှု အစီရင်ခံစာ လုပ်နိုင်တာပေါ့။ မွန်းစတားကြောင့် တော်တော်လေး စိတ်ရှုပ်နေပြီလား"

ပျက်စီးဆုံးရှုံးမှု အစီရင်ခံစာသည် ကျွမ်းကျင်သူ မုဆိုးတစ်ယောက်၏ လုပ်ပိုင်ခွင့်ထဲမှ ဟုတ်သော်လည်း အသေးအမွှား ကိစ္စလေးပင်။

လီလန်သည် လင်းဟွမ်က သွေးစုပ်ဖုတ်ကောင်ကို မည်ကဲ့သို့ တိုက်ခိုက်ခဲ့သလဲဆိုသည်ကို သိချင်ရုံပင်။ တိုက်ပွဲမြေပြင်ကို ကြည့်ရှုခြင်းက လေ့လာဖို့ အကောင်းဆုံးနည်းလမ်း ဖြစ်သည်။

"မင်းကို အနှောက်အယှက် မပေးချင်ပါဘူး။ မနက်ဖြန်ကျမှ အချိန်နည်းနည်းပေးပြီး ဗီဒီယို ရိုက်လိုက်မယ်။ ပြီးမှ ဇုန် (၇) အစိုးရဆီ ပို့လိုက်ရင် အိမ်စစ်ဆေးဖို့အတွက် သူတို့က လူတွေ လွှတ်လိုက်မှာပဲလေ"

လင်းဟွမ်သည် ပျက်စီးဆုံးရှုံးမှု အစီရင်ခံစာ၏ လုပ်ထုံးလုပ်နည်းများကို သိနေသည်။ ပျက်ဆီးဆုံးရှုံးမှု အစီရင်ခံစာအတွက် ငွေအဆင့် မှုဆိုးက စေတနာ့ဝန်ထမ်း လုပ်ပေးနေသဖြင့် ထူးဆန်းနေသည်။ ဒါကြောင့် လီလန် တစ်ခုခု လုပ်ချင်နေမှန်း သူသိနေသည်။

“ငါက တခါတည်းနဲ့ အပြီးလုပ်ရတာ ပိုကြိုက်တယ်။ ငါရောက်နေမှတော့ ပျက်စီးဆုံးရှုံးမှု အစီရင်ခံစာပါ တခါတည်း မလုပ်သွားရရင် စိတ်ထဲနေရခက်နေမယ်။ ပျက်စီး ဆုံးရှုံးမှုအတွက်

လျှောက်လွှာတင် နေစရာ မလိုဘူး။ စစ်ဆေး မှတ်တမ်းတင်ပြီး အစိုးရဆီ တစ်ခါတည်း ပို့ပေးလိုက်မယ်။ မှုဆိုးအဖွဲ့က အစိုးရရဲ့ အစိတ်အပိုင်းတစ်ခုဆိုတာ မေ့နေပြီလား။ တစ်ယောက်ယောက်ကို ဒီလွှတ်ပြီး အချိန်ဖြုန်းရအောင် မလုပ်ပါနဲ့”

လီလန်က လေးနက်သော လေသံနှင့် ပြောလိုက်သည်။

လင်းဟွမ် တွေဝေသွားပြီး လီလန်က အလျှော့ပေးမည့် ပုံမမြင်သဖြင့် သဘောတူလိုက်သည်။

“သွားကြစို့”

လင်းဟွမ် ခေါင်းညိတ်လိုက်သည်ကို မြင်လိုက်လျှင် လီလန်က ပြောလိုက်သည်။ ထို့နောက် မနီးမဝေး၌ မီးထွန်းထားသော အိမ်သို့ လမ်းလျှောက် သွားကြသည်။

“အဲဒီလမ်း မဟုတ်ဘူး။ ဒီလမ်းပဲ’

လင်းဟွမ်သည် ကူကယ်ရာမဲ့စွာ နောက်ထပ် လမ်းကြောင်းတစ်ခုသို့ ညွှန်ပြလိုက်သည်။

## အခန်း(၅) - ရွှေအဆင့် အသုံးအဆောင်။

လင်းဟွမ်သည် လီလန်ကို အိမ်သို့ ခေါ်လာခဲ့သည်။ ထို့နောက် အောက်ထပ်မှ ရေချိုးခန်းထံ တန်းပြေးသွားသည်။ ရေချိုးခန်း တံခါးကို ခေါက်လိုက်ပြီး

"ရှင်အာ ၊ စိတ်ချရပြီ။ ထွက်လာတော့"

လီလန်သည် ပျက်ဆီးမှု သဲလွန်စများကို လိုက်ကြည့်နေသည်။ ပိုကြည့်လေလေ

ပိုအံ့အောလေလေ ဖြစ်နေသည်။ သဲလွန်းစမှတစ်ဆင့် တိုက်ခိုက်ခဲ့သော နည်းလမ်းကို သူပြောနိုင်သည်။ သို့သော် ဤကဲ့သို့ သေစေနိုင်သည့် တိုက်ခိုက်မှုများကို လင်းဟွမ်က မည်ကဲ့သို့ ရှောင်ခဲ့လဲဆိုသည်ကို တွေးကြည့်၍ မရ ဖြစ်နေသည်။

ခဏအကြာ ရေချိုးခန်း တံခါးပွင့်လာပြီး လင်းရှင်သည် လင်းဟွမ်၏ ရင်ခွင်ထဲသို့ ပြေးဝင်သွားသည်။

မျက်ရည်ကျနေသော လင်းရှင်၏ မျက်လုံးကို မြင်လိုက်လျှင် လင်းဟွမ်သည် စကား

သိပ်မပြောတော့ပေ။ ညီမဖြစ်သူ၏ ဆံပင်များကို ပွတ်ပေးရင်း

"ကြည့်။ အားလုံး အဆင်ပြေသွားပြီ"

ထို့နောက် လင်းရှင်သည် လင်းဟွမ်၏ ရင်ဘက်နှင့် မျက်ရည်များကို တိတ်တဆိတ် သုတ်လိုက်ပြီး လင်းဟွမ်ကို ပြန်လွှတ်ပေးလိုက်သည်။ ထို့နောက် လင်းဟွမ်ကို ကြည့်ကာ

"အစ်ကို၊ မွန်းစတားက ဘယ်မှာလဲ"

"ဖြေရှင်း ပြီးသွားပြီ"

လင်းဟွမ်က ပြုံးပြီး ပြန်ဖြေလိုက်သည်။

လီလန်က သူတို့ထံ လမ်းလျှောက်လာပြီး 'မင်းအစ်ကိုက ကြေးအဆင့်(၃) မွန်းစတား တစ်ကောင်ကို သူ့ဘာသာသူ သတ်လိုက်တယ်' ဟု ပြောလိုက်သည်။

လင်းရှင်သည် လင်းဟွမ်ကို သဘောကျစွာ ကြည့်လိုက်သည်။ မွန်းစတားများတွင် အဆင့်ရှိကြောင်း သိသော်လည်း အဆင့်တစ်ခုစီတိုင်း၏ မတူညီသော စွမ်းရည်များအကြောင်းကို အတိအကျ မသိပေ။

ကြေးအဆင့်(၃) မွန်းစတားက အစွမ်းထက်သော်လည်း သူမ၏အစ်ကိုက ပိုပြီး အစွမ်းထက်ကြောင်းသာ သိသည်။

"အစ်ကို၊ ဒီဦးလေးက ဘယ်သူလဲ"

လင်းရှင်သည် လင်းဟွမ်က အခြားတစ်ယောက်နှင့် အတူတူ ရှိနေသည်ကို သတိထားလိုက်မိသည်။

"ဦးလေး.."

လီလန်သည် လင်းရှင်က သူ့ကိုခေါ်လိုက်သော အသုံးအနှုန်းနှင့် ပက်သက်ပြီး ကြောင်သွားသည်။

“ငါက ၁၈နှစ်ပဲ ရှိသေးတယ်.....”

လင်းဟွမ်သည် လီလန်၏ အသက်အရွယ်အရ ငယ်သော်လည်း ရင့်ကျက်နေသည့် ပုံပေါက်နေသဖြင့် အံ့အောနေမိသည်။ အနည်းဆုံး အသက် ၂၅နှစ်ခန့် ရှိမည်ဟု ထင်ထားခဲ့သည်။ ပို၍ အံ့အောစရာ ကောင်းသည်မှာ လီလန်သည် အသက် ၁၈နှစ်နှင့် ငွေမုဆိုး ဖြစ်နေပြီ။ သူကတော့ ဘေးကင်းရေးဇုံ (၇)၏ ပါရမီရှင် တစ်ယောက်ပင်။

လင်းရှင်သည် မယုံကြည်သော အမူအရာ ထုတ်ဖော်ထားသည်။

"သူ အမှန်အတိုင်း ပြောနေတာ ဖြစ်နိုင်တယ်။ အစ်ကိုလို့ ခေါ်သင့်တယ်။"

လင်းဟွမ်က လင်းရှင်ကို ခေါင်းညိတ် ပြလိုက်သည်။

"အို"

လင်းရှင်းသည် ခေါင်းလှည့်လိုက်ပြီး ကျယ်လောင်စွာ

“တွေ့ရတာ ဝမ်းသာပါတယ် အစ်ကို”

“ကောင်းပြီးလေ..”

လီလန်အတွက် ကိုးရိုးကားယား ဖြစ်နေသည်။ တွေဝေသွားပြီးနောက် သူ၏ သိုလှောင်ရာ နေရာလွတ်ထဲမှ အသက် သလင်းကျောက်တစ်ခုကို ထုတ်ယူပြီး

‘ မင်းက ငါ့ကို အစ်ကိုလို့ခေါ်တော့ ဒါက မင်းအတွက် လက်ဆောင်ပဲ’ ဟု ပြောကာ လင်းရှင်ကို ပေးလိုက်သည်။

“အစ်ကို.....”

လင်းရှင်သည် လင်းဟွမ်ထံ ကူကယ်ရာမဲ့စွာ လှမ်းကြည့်လိုက်သည်။

သူမသည် အသက်သလင်းကျောက် အကြောင်း ကောင်းကောင်း သိသည်။ အသက် သလင်းကျောက်သည် တစ်နှစ်စာ တန်ဖိုးရှိသည်။ အကယ်၍ အင်ပါယာ နှလုံးသားမှ ခရက်ဒစ်အမှတ်များ ထုတ်ယူပြီး ဝယ်ပါက အမှတ်တစ်သိန်း လိုအပ်လိမ့်မည်။ သူမ လက်ခံရန်အတွက် အင်မတန်မှ စျေးကြီးနေသည်။

"ဒါက များလွန်းတယ်။ ငါတို့ လက်မခံနိုင်ဘူး"

လင်းဟွမ်သည် အသက်သလင်းကျောက်ကို စိုက်ကြည့်နေသော်လည်း လီလန်၏ အစိပ္ပါယ်မဲ့ ကြင်နာမှုအတွက် တစ်ခုခု မှားနေပြီဟု တွေးနေခဲ့သည်။

"ဒီအသက် သလင်းကျောက်က ငါ့မှာ ရှိတဲ့ တန်ဖိုးအရှိဆုံး အရာတွေပါ။ ယူလိုက်ပါ။ ငါပေးတဲ့ အရာကို ဘယ်သူမှ ပြန်မပေးရဘူး"

လီလန်က အခိုင်အမာ ပြောဆိုနေသည်။

(ဒီကောင့်ကို ကြည့်ရတာ သူဌေးကြီး တစ်ယောက်လိုပဲ။ အထာဖမ်းကောင်းတဲ့အတွက် ၉၉မှတ်)

လင်းဟွမ်သည် လီလန်ကို စိတ်ထဲမှ တိတ်တဆိတ် တံဆိပ်ကပ်ပေးနေရင်း လင်းရှင်ကို ခေါင်းညိတ်ပြလိုက်သည်။

"ဒါဆိုလည်း ယူလိုက်ပါ"

လင်းဟွမ်သည် လီလန်၏ ရည်ရွယ်ချက်ကို ပိုပြီး သံသယ ဝင်လာသည်။ ဖုံးကွယ်ထားသော

ရည်ရွယ်ချက်မရှိဘဲ သူတို့ကို ဤကဲ့သို့ ကြင်နာရန် မဖြစ်နိုင်ပေ။

လင်းရှင်သည် လင်းဟွမ်ထံမှ ခွင့်ပြုချက်ကို မြင်လိုက်ပြီးနောက် အသက် သလင်းကျောက်ကို ယူလိုက်ကာ လင်းဟွမ်ထံ ပေးလိုက်ပြီး

"အစ်ကို သိမ်းထားပေးပါ"

လင်းဟွမ်သည် အသက် သလင်းကျောက်ကို ယူလိုက်ပြီး သူ၏သိုလောင်ရာ နေရာလွတ်၌ သိမ်းလိုက်သည်။ လှည့်ကြည့်လိုက်ရာ လီလန်က

လင်းရှင်အား အကဲခတ်နေသည်ကို မြင်လိုက်လျှင် လီလန်ကို သူ့ညီမအနားမှ ဆွဲထုတ်လိုက်သည်။

"ငါ့ညီမနဲ့ ချိန်းတွေ့ဖို့ကို စဉ်းတောင် မစဉ်းစားနဲ့။ မင်းပေးခဲ့တဲ့ အသက် သလင်းကျောက်ကို ....."

သူ၏ စကားမဆုံးသေးခင် လီလန်က စကားဖြတ်ပြီး ပြောလိုက်သည်။

"အတွေး မလွန်နဲ့။ ငါက ကလေးမလေးတွေကို စိတ်မဝင်စားဘူး။ သူမက တော်တော်လေး လှလို့ ကြည့်မိတာပဲ ရှိတယ်။"

လင်းဟွမ်သည် တစ်ခုခုကို သဘောပေါက်သွားပြီး ဖင်ကျုံ့သွားကာ ခြေလှမ်း အနည်းငယ် နောက်ပြန်ဆုတ်လိုက်ပြီး အော်ဟစ်လိုက်သည်။

"ဟေး။ ငါက ယောက်ျားတွေကို စိတ်မဝင်စားဘူး။ ဒီဘဝ တင်မကဘူး။ နောက်ဘဝမှာရော ငါက မိန်းကလေးတွေကိုပဲ စိတ်ဝင်စားတယ်"

လီလန်သည် လင်းဟွမ်က သတိထားပြီး စောင့်ကြည့်နေသည်ကို မြင်လိုက်လျှင် အမှန်အတိုင်း ပြောပြရန် ဆုံးဖြတ်လိုက်သည်။

"တကယ်တော့ ဒီသွေးစုပ်ဖုတ်ကောင်ကို မင်းက ဘယ်လို သတ်လိုက်တာလဲ ဆိုတာ ငါနားလည်ချင်လို့။ ဒီသွေးစုပ်ဖုတ်ကောင်က ဘယ်လောက်ပဲ အားနည်းနေပါစေ ကြေးအဆင့်ရှိတဲ့ မွန်းစတားတစ်ကောင် ဖြစ်နေတုန်းပဲ။ မင်းဆီမှာ အထူးစကေး(အတတ်ပညာ) ဒါမှမဟုတ် ပစ္စည်း တစ်ခုခု ရှိတယ်ဆိုရင် မင်းသာရောင်းမယ်ဆို ငါက ဈေးကြီးကြီး ပေးပြီး ဝယ်ချင်တယ်"

"ငါက ဆင်းရဲတဲ့ ကလေးတစ်ယောက်ပဲ။ ဘယ်လိုလုပ်ပြီး စကေး(အတတ်ပညာ)နဲ့

ပစ္စည်းတစ်ခုခု ရှိမှာလဲ။ သွေးစုပ်ဖုတ်ကောင်းရဲ့ တိုက်ခိုက်မှု လမ်းကြောင်းကိုပြပြီး တိုက်ပွဲရဲ့ ဇာတ်လမ်း အပြည့်အစုံကို ပြောပြပါရစေ။”

လင်းဟွမ်သည် လီလန်က အထင်လွဲနေကြောင်း သိလိုက်ရသည်။

ထို့နောက် လင်းဟွမ်သည် လီလန်ကို ဒုတိယအထပ်ရှိ လင်းရှင်း၏ အိပ်ခန်းထဲသို့ ခေါ်သွားခဲ့သည်။ ဖရိုဖရဲ ဖြစ်နေသော အိပ်ခန်းအတွင်း၌ လင်းဟွမ်က ရှင်းပြလိုက်သည်။

လီလန်က နားထောင်နေရင်း အခန်းထဲရှိ ပျက်စီးမှုများကို လှေ့လာနေသည်။ ပိုကြည့်လာသည်နှင့်အမျှ ပို၍ အံအောသင့်လေလေ ဖြစ်လာသည်။

လီလန်သည် လင်းဟွမ်ကို စတင် သဘောကျလာသည်။ သူသာ ထိုကဲ့သို့ ဖြစ်သွားခဲ့လျှင် သွေးစုပ်ဖုတ်ကောင်ကို သတ်ဖို့က သူ့အတွက် မဖြစ်နိုင်သလို သူ၏ရှင်သန်မှုက မသေချာကြောင်း သူသိနေသည်။

"မင်းက သွေးစုပ်ဖုတ်ကောင်ကို တစ်ယောက်တည်း သတ်နိုင်လိမ့်မယ်လို့ ငါမမျှော်လင့်ထားမိဘူး။ မင်းကို လျှော့တွက်ခဲ့မိတယ်။"

လီလန်က လင်းဟွမ်၏ပခုံးကို သဘောကျစွာ ပုတ်ရင်း ပြောလိုက်သည်။

"ကျိုးနေတဲ့ အသက်စက်ဝိုင်းကို ပြင်ဖို့နည်းလမ်းက မရှိဘူး။ မင်းရဲ့ အသက်စက်ဝိုင်းကို ပြင်ဖို့ နည်းလမ်း ရှာနိုင်မယ်ဆိုရင် မင်းက မကြောက်ရွံ့တတ်တဲ့

မုဆိုးတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ငါယုံကြည်တယ်”

“ကံဆိုးတာပဲ။ ငါ့မှာ အချိန် သိပ်မကျန်တော့ဘူး။”

လင်းဟွမ်က ခေါင်းခါပြီး ပြုံးလိုက်သည်။ လီလန်နှင့် သူ၏ကိုယ်ရေးကိုယ်တာ အကြောင်း မပြောချင်ပေ။

“ပျက်စီး ဆုံးရှုံးမှု အစီအရင်ခံစာက ပြီးပြီလား”

“အေး၊ ပြီးပြီ။ အိမ်ကို ခါတ်ပုံ ရိုက်ပါရစေအုံး။”

ထို့နောက် သူ၏သိုလှောင်ရာ နေရာလွတ်ထဲမှ ရှုပ်ထွေးသော ပုံစံရှိသည့် ရွှေဒင်္ဂါးပြားကို ထုတ်ယူလိုက်သည်။ ထိုရွှေဒင်္ဂါးပြားကို လေထဲသို့ မြောက်တင်လိုက်လျှင် ရွှေဒင်္ဂါးပြားသည် လေထဲ၌ စတင် လည်ပတ်လာပြီး မကြာခင် လက်မအရွယ် အလုံးတစ်လုံး ဖြစ်သွားကာ လေထဲတွင် လွင့်မျောသွားသည်။

လင်းဟွမ်သည် ရွှေအလုံးကို စိုက်ကြည့်နေသည်။

ရွှေအလုံးသည် ရုတ်တရက် နှစ်ခြမ်းကွဲသွားပြီး အလယ်ဗဟိုမှ အဖြူရောင် သလင်းကျောက်တစ်ခု ထွက်ပေါ်လာသည်။

အဖြူရောင် သလင်းကျောက်သည် တောက်ပလာပြီး အဖြူရောင် အလင်းများသည် တစ်အိမ်လုံးသို့ ပျံ့နှံ့သွားသည်။

မကြာခင် ရွှေအလုံးသည် မူလ ရွှေဒင်္ဂါးပုံစံ ပြန်ပြောင်းသွားပြီး လေထဲမှ ပြုတ်ကျလာသည်။ လီလန်ကဖမ်းယူပြီး သိုလှောင်ရာ နေရာလွတ်ထဲ၌ သိမ်းဆည်းလိုက်သည်။

"ဒါက ရွှေအဆင့် အသုံးအဆောင်လား"

လင်းဟွမ်သည် မနေနိုင်ဘဲ မေးလိုက်သည်။

"ဟုတ်တယ်။ ဒါကို အလယ်အလတ်အဆင့် ဝပ်ကျင်းတစ်ခုထဲက မတော်တဆ ရခဲ့တဲ့အရုပ်ပဲ"

လီလန်သည် လင်းဟွမ်၏ သိချင်စိတ်ကြောင့် သူ့ကိုယ်သူ ဂုဏ်ယူနေမိသည်။ စကားပြောလာသည်နှင့် အမျှ တစ်ယောက်နှင့် တစ်ယောက် ပိုရင်းနီးလာသည်။

သူက ကြွားလုံးထုတ်ရခြင်းကို အမှန်တကယ် ချစ်မြတ်နိုးကြောင်း ပြသခဲ့သည်။

“ဒါက စုံစမ်းစစ်ဆေးရေးနဲ့ ဆိုင်တဲ့ပစ္စည်းတချို့ မဟုတ်ဘူးလား”

လင်းဟွမ်အတွက် ရှေးအဆင့် အသုံးအဆောင် ပစ္စည်းများကို ပထမဆုံးအကြိမ် မြင်တွေ့ဖူးခြင်း ဖြစ်သည်။

“ဟုတ်တယ်။ တိုက်ပွဲအတွက် မဟုတ်တဲ့ ပစ္စည်းတွေထဲမှာ ဒါက တန်ဖိုးကြီးတယ်လို့ ယူဆလို့ရတယ်။ ဒါပေမယ့် တစ်နှစ်တန်ဖိုးရှိတဲ့

အသက် သလင်းကျောက်နဲ့ အရောင်းအဝယ် လုပ်ခဲ့တယ်။ အဲဒီလူက ဈေးထဲမှာ သွားရောင်းတော့ ဈေးထဲက လူတွေက သာမန် ရှေ့ဟောင်း ရွှေဒင်္ဂါးပြားလို့ပဲ ထင်နေကြတယ်။ သူလည်း ကြောက်နေတာနဲ့ ငါ့ဆီ ပြန်ယူလာခဲ့တယ်။ ဒါကြောင့် ငါနဲ့ အရောင်းအဝယ် လုပ်ပြီးတာနဲ့ ချက်ခြင်း ပြန်ထွက်သွားခဲ့တယ်”

လီလန်က ရယ်မောရင်း ပြောပြလိုက်သည်။

“ဒါက ခိုးတာပဲ”

ရွှေအဆင့် အသုံးအဆောင်ပစ္စည်းက မည်မျှတန်ဖိုးရှိလဲ ဆိုသည်ကို သူ မသိသော်လည်း အသက်သလင်းကျောက် အနည်းငယ်သည် သာမန် သံအဆင့် အသုံးအဆောင် ပစ္စည်းတစ်ခုကိုသာ ရနိုင်ကြောင်းတော့ သူ သိနေသည်။

သူတို့ စကားပြောနေရင်း လင်းဟွမ်သည် လင်းရှင် သမ်းဝေနေသည်ကို တွေ့လိုက်ရသည်။ သူမက အိပ်ငိုက်နေပုံရသဖြင့် လီလန်ကို အဝေး မောင်းထုတ်ရန် ဆုံးဖြတ်လိုက်သည်။

"မစ္စတာ လီလန်၊ ပျက်စီးဆုံးရှုံးမှု အစီရင်ခံစာက ပြီးပြီဆိုတော့ ငါမင်းကို လိုက်ပို့မယ်။ မင်းကိုယ်တိုင်လည်း မြင်မှာပဲ။ ငါတို့မှာလည်း အဆင်မပြေလို့ပါ။ ငါနဲ့ ငါ့ညီမ ဒီည ကြမ်းပြင်ပေါ်မှာပဲ အိပ်ရလိမ့်မယ်"

"ကောင်းပြီ။ မင်းတို့ကို အနှောက်အယှက် မပေးတော့ဘူး။ ပျက်စီးဆုံးရှုံးမှု အစီရင်ခံစာကို ငါတင်ပြလိုက်မယ်။ မင်းဆီကို ၂၄နာရီအတွင်း အကြောင်း ပြန်စေရမယ်။ အစိုးရရဲ့ ခွင့်ပြုချက်ရရင် သုံးရက်အတွင်း ပြုပြင်ပေးဖို့ လူလွှတ်ပေးလိမ့်မယ်။

မင်းရဲ့အိမ်ကို ပြုပြင်နေတဲ့အချိန်မှာ ယာယီအိမ်မှာ ခဏနေရမယ်။ မင်းရဲ့ အသုံးစရိတ်ကတော့ အခုရက်ပိုင်းအတွင်း ထွက်မှာပေါ့ကွာ”

လီလန်က လင်းဟွမ်ကို လုပ်ငန်း အစီအစဉ်အကြောင်း ရှင်းပြလိုက်သည်။

လီလန် ထွက်သွားပြီးနောက် လင်းဟွမ်သည် အိမ်ထဲသို့ အသိစိတ်ကင်းမဲ့စွာ စိုက်ကြည့်နေသည်။

သူနှင့် သူ့ညီမ၏ အိမ်ခန်းများက ပျက်စီးသွားခဲ့သည်။ သူတို့၏ အိပ်ရာများက ကျိုးပဲ့နေသည်။

မြေညီထပ် ဧည့်ခန်းထဲတွင် အပေါက်ကြီးတစ်ခု ရှိနေသည်။ သူတို့သည် ထိုနေရာ၌ အိပ်၍ပင် မရချေ။ မီးဖိုချောင်တွင် ဗီရိုများရှိနေသဖြင့် နေရာအများစု သိမ်းပိုက်ထားပြီး လူတစ်ယောက်သာ အိပ်နိုင်သည်။

"အစ်ကို၊ ဒီည ဘယ်မှာအိပ်ကျမလဲ"

လင်းရှင်သည် လင်းဟွမ်ကို အားကိုးရာမဲ့စွာ ကြည့်နေသည်။

"ငါ့အခန်းထဲကို ရှင်းပါရစေအုံး။ ငါ့အခန်းက မင်းအခန်းထက်စာရင် ပျက်စီးမှု နည်းတယ်"

တစ်နာရီခန့်ကြာပြီး နောက်ဆုံး၌ သူတို့အတွက် ယာယီအိပ်ရာများကို ပြုလုပ်ခဲ့သည်။

လင်းရှင်သည် ပင်ပန်းနေပြီး လင်းဟွမ်က ပျက်စီးနေသော အခန်းများကို ဆက်လက်ကြည့်ရှုနေစဉ် သူမက ချက်ခြင်း အိပ်ပျော်သွားသည်။

လင်းရှင်သည် အိပ်မောကျနေသည်။ လင်းဟွမ်သည် ပါးပြင်ပေါ်မှာ သရေများ စီးကျနေသော လင်းရှင်ကို မြင်လိုက်လျှင် ပြုံးလိုက်ပြီး

"သတိလက်လွတ် နေတတ်တဲ့ ဒီကလေးမလေး ကတော့ကွာ"

ထို့နောက် ချစ်စရာကောင်းသော ဒီကလေးမလေးကို ထိခိုက်စေနိုင်သော မသေချာ၊ မရေရာသည့် အနာဂါတ် အကြောင်းကို တွေးလိုက်မိလျှင် လင်းဟွမ်သည် ရင်မောပြီး သက်ပြင်း ချလိုက်မိသည်။

"တာဝန်ရှိတဲ့ အစ်ကိုဖြစ်ရတာ လွယ်တဲ့အလုပ် မဟုတ်ဘူး ထင်ပါတယ်"

## အခန်း(၆) - ကဒ် အသစ်။

နောက်တစ်နေ့သည် နေသာသော နံနက်ခင်း ဖြစ်ခဲ့သည်။

လင်းရှင်သည် အစောကြီး နိုးလာကာ တက်ကြွနေပြီး သူမ၏ အမူအကျင့်အတိုင်း နောက်တစ်ကြိမ် စိတ်လှုပ်ရှားလာသည်။ သူမသည် သွေးစုပ်ဖုတ်ကောင်နှင့် အဖြစ်အပျက်ကြောင့် စိတ်လှုပ်ရှား နေပုံရသည်။

သို့သော် လင်းဟွမ်သည် အိပ်မပျော်သော်လည်း မမြင်ချင်ယောင် ဆောင်ထားလိုက်သည်။ မဆွဲရသေးသော ကာဒ်ပြားကသာ သူ့စိတ်ထဲ၌ ကြီးစိုးနေသည်။

ထိုအဖြစ်အပျက် အားလုံး ပြီးသွားသည့်နောက်မှာ သူတို့၏ ထမင်းစားပွဲနှင့် ပရိဘောဂ အများစုကို သွေးစုပ်ဖုတ်ကောင်က ဖျက်စီးခဲ့သည်။ သူတို့ ပတ်ပတ်လည်တွင် အရာအားလုံးက ဖရိုဖရဲ ဖြစ်နေသဖြင့် မနက်စာကို သိပ်အားမစိုက်ခဲ့ပေ။ သူတို့ မနက်စာစားနေစဉ် လင်းဟွမ်သည်

သူ၏လက်စွပ်မှ တစ်ဆင့် ထုတ်ပြန်နေသော သတင်းကို ကြည့်လိုက်သည်။ ဒီသတင်းထောက်သည် မနေ့က သတင်းမှာတွေ့ရသော သတင်းထောက်နှင့် အတူတူပင်။

“မနေ့ မွန်းလွဲပိုင်းက ဝပ်ကျင်းအမှတ် ၇ ဒီ ၁၀၁ အနီးမှာပွင့်လာတဲ့ မျက်လုံးတုက အခင်းဖြစ်ပွားပြီး တစ်နာရီအကြာမှာ အလိုလို ပြန်ပိတ်သွားပါတယ်။ အခုလက်ရှိမှာတော့ မွန်းစတားမှုဆိုး ၃၀ကျော်က မျက်လုံးတု ပတ်လည် ကီလိုမီတာ ၃၀၀

အချင်းဝက်အတွင်း မွန်းစတားတွေကို လိုက်ရှာနေကြပါတယ်။

နောက်ပြီးတော့ ကြေးအဆင့်နဲ့ အထက်ရှိတဲ့ မွန်းစတား သုံးထောင်ကျော်ကို သတ်ဖြတ်ခဲ့ကြတယ်။ အစီရင်ခံစာများကို အခြေခံပြီး ပြောရရင် အဲဒီနေရာမှာရှိတဲ့ သံအဆင့် မွန်းစတားတွေက မကြာခင် အသတ်ခံရတော့မှာ ဖြစ်ပါတယ်။ ဝပ်ကျင်းအနီးမှာ နေထိုင်တဲ့ လူတွေအတွက် ဘေးကင်း လုံခြုံနေပါပြီ"

မုဆိုး အဖွဲ့အစည်းသည် ထိုနေ့တွင် ကစားပွဲ၏ ထိပ်ဆုံး၌ ရှိနေခဲ့သည်။ သူတို့သည် ၂၄ နာရီ မပြည့်ခင် မျက်လုံးတုမှထွက်လာသော မွန်စတား အားလုံးကို သတ်နိုင်ခဲ့သည်။

သူတို့သည် သံအဆင့် မွန်းစတားများကို မသတ်ရသေးသော်လည်း မစိုးရိမ်ကြပေ။ ထိုကဲ့သို့ မွန်းစတားများသည် သေးငယ်သော ဝပ်ကျင်းများအတွက် အန္တရာယ် မဖြစ်နိုင်ကြောင်း သူတို့က ယုံကြည်နေကြသည်။ မြို့ခံလူ

အမျိုးအပြားကလည်း မွန်းစတားများ သတ်ဖြတ်ခြင်း ကိစ္စတွင် ပါဝင်လာကြသည်။

သံအဆင့် မွန်းစတား တစ်ကောင်ကို သတ်ဖြတ်ပစ်ရန်အတွက် လက်နက်ကိုင်ထားသည့် အရွယ်ရောက်သော လူခြောက်ယောက် ပါဝင်သည့် အဖွဲ့များ ဖွဲ့စည်းခဲ့ကြသည်။

"အစ်ကို၊ ကျောင်းသွားတော့မယ်"

လင်းရှင်က အော်လိုက်သည်။

"ကောင်းပြီ။ လမ်းပေါ်ရောက်ရင် သတိထားအုံး။ လင်းအာ"

လင်းဟွမ်က ပြန်အော်လိုက်သည်။

လင်းရှင်သည် မနက်စာ စားပြီးသည်နှင့် ကျောင်းထွက်သွားသည်။ လင်းဟွမ်သည် တံခါးအဝသို့ လိုက်ပို့ပြီးနောက် မနက်စာကို အဆုံးသတ်လိုက်ပြီး ရှေ့ရေးအတွက် ပြင်ဆင်လိုက်သည်။

"ရှောင်ဖိန်၊ ငါ့မှာ ကဒ်ဆွဲဖို့ အခွင့်အရေး ရှိသေးတယ်။ အခုချက်ခြင်း လုပ်ခွင့်ပေးပါ"

လင်းဟွမ်သည် သူ့ခန္ဓာကိုယ် အတွင်းမှ အနက်ရောင်ကဒ်ကို ပြောလိုက်သည်။ ကဒ်ဆွဲရန် မစောင့်နိုင်တော့ချေ။

"မင်းရဲ့ကဒ်ကို အခုဆွဲချင်တာ သေချာလား"

ရွှေလက်ချောင်းက မေးလိုက်သည်။

"သေချာတယ်"

လင်းဟွမ်သည် တောင်းဆိုချက်ကို အတည်ပြုကြောင်း ခေါင်းညိတ်လိုက်သည်။

ဘယ်လိုကဒ်မျိုး ရမလဲဟု စောင့်မျှော်ရင်း ရင်ခုန်နေသည်။

'၁၂ကဒ်ကို ကျပန်း ရွေးချယ်ပြီးပါပြီ။ ပိုင်ရှင်ဖြစ်လာလို့ ဂုဏ်ပြုတဲ့အတွက် ကျေးဇူးပြုပြီး ကဒ် ၁၂ ကဒ်ထဲမှ တစ်ကဒ် ဆွဲပါ"

"သတိပေးချက် - မင်းအတွက် အခွင့်အရေး တစ်ခုပဲ ရှိတယ်။ ရွေးချယ်ပြီးတာနဲ့ ပြောင်းလဲခွင့် မရှိတော့ဘူး"

လင်းဟွမ်သည် ရှင်းပြချက်များကို ဖတ်ပြီးနောက် အနက်ရောင် ကဒ် ၁၂-ခုသည် သူ့ရှေ့၌

လွင့်မျောလာသည်။ နာရီ၏ မျက်နှာပြင်ကဲ့သို့ ကိန်းဂဏာန်းများ ပါဝင်သော စက်ဝိုင်းတစ်ခုထဲ၌ စီထားသည်။

လင်းဟွမ်သည် ကဒ်များကို သေသေချာချာ စစ်ဆေးလိုက်သည်။ ကဒ်အားလုံးကို ကြည့်ရသည်မှာ အတူတူပင်။ ကဒ်တိုင်းသည် အနက်ရောင် နောက်ခံရှိပြီး ထိုအပေါ်က အလယ်ဗဟိုတွင် ဆန့်ကျင်ဘက်ဖြစ်သော ရွှေရောင် မီးတောက်ကဲ့သို့ မေးခွန်း အမှတ်အသားတစ်ခု ပါရှိသည်။

ရှောင်ဖိန်က သူ့ကို အလျင်စလို မတိုက်တွန်းခဲ့ပေ။ လင်းဟွမ်သည် အရိပ်အမြွက် မပြဘဲ ခေါင်းခါလိုက်သည်။

"ကြည့်ရတာတော့ ကြည့်ကျက်လုပ်ရတော့မယ် ပုံပဲ"

လက်ကို မြှောက်လိုက်ပြီး ၁၂နာရီ အမှတ်အသားတည့်တည့်ပေါ်တွင် ရှိသောကဒ်ကို ညွှန်ပြရင်း 'ဒါကို လိုချင်တယ်' ဟု ယုံကြည်ချက်ရှိရှိ ပြောလိုက်သည်။

သူ့စကား ဆုံးသွားသည်နှင့် တစ်ပြိုင်နက် ရွေးချယ်ထားသောကဒ်သည် မီးလောင်သွားပြီး ပြာပုံထဲမှ  ကဒ်အသစ်တစ်ခု ထွက်ပေါ်လာသည်။

"တာဝန်ကဒ် တစ်ခုကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။"

ရှောင်ဖိန်က  ကြေငြာလိုက်သည်။

လင်းဟွမ်သည်  ရှောင်ဖိန်၏  အကြောင်းကြားမှုကို လျစ်လျူရှုပြီး ကဒ်ကို အနီးကပ် ကြည့်လိုက်သည်။

ထိုကာဒ်သည် အနက်ရောင် အိမ်ဖော်အဝတ်အစား ဝတ်ထားသော မိန်းမ တစ်ယောက်ပုံပါသည့် ရွှေရောင်ကာဒ်တစ်ခု ဖြစ်သည်။ ဝတ်စုံသည် သူမ၏ခန္ဓာကိုယ် ကောက်ကြောင်းပေါ်တွင် မယုံနိုင်လောက်အောင် ဆွဲဆောင်မှု ရှိနေပြီး အထူးသဖြင့် သူမ၏ ရင်ကြားစေ့နေရာ ဖြစ်သည်။ ဝတ်စားဆင်ယင်မှုသည် ပေါ်လွင်ခြင်း မရှိသော်လည်း သူမ၏ တင့်တယ်လှပသော ရင်သားမှာ သုံးပုံတစ်ပုံ ပေါ်လွင်နေသည်။ မကြည့်မိရန် ခက်ခဲလှသည်။

"မင်းက တာဝန်ကဒ်ကို ရရှိသွားတဲ့အတွက် ဂုဏ်ပြုပါတယ်"

ကဒ်ထဲမှ အမျိုးသမီးသည် စကားလုမ်းပြောပြီး မျက်စ ပစ်ပြသည်။ လင်းဟွမ်သည် တုန်လှုပ်သွားသည်။ သို့သော် မကြာခင် သူ၏အကြည့်များသည် ပြောင်းလက်နေသော ရင်သားများပေါ်သို့ အာရုံ ပြောင်းသွားပြန်သည်။

"ကဲ၊ မင်းရဲ့ တာဝန်တွေကို ဖတ်ပါရစေအုံး"

"တာဝန် - တစ်လအတွင်း တန်ပြန် မုဆိုးတစ်ယောက် ဖြစ်လာအောင် လုပ်ပါ"

“တာဝန်ရဲ့ဆု - ချို့ယွင်းချက် မရှိတဲ့ ကဒ်တစ်ခု”

“တာဝန်ကို ကန့်သတ်အချိန်အတွင်း မပြီးပါက အပြစ်ပေးခံရမယ်။ ရွှေလက်ချောင်းကို ဆုံးရှုံးရမယ်”

“တာဝန် ကြေငြာချက်ကို ပေးပို့ထားပါတယ်။ နောက်ထပ် အချက်အလက်များကို ကဒ်ရဲ့ နောက်ကျောမှာ ဖတ်ကြည့်ပါ”

ထို့နောက် ကဒ်ထဲမှ အမျိုးသမီးသည် မလှုပ်မယှက်ဘဲ သူမ၏ မူလပုံစံကို ပြန်ရောက်သွားသည်။

လင်းဟွမ်သည် ချို့ယွင်းချက် မရှိတဲ့ကဒ်ကို ဂရုမစိုက်နိုင်ပေ။ သူ့အတွက်တော့ တာဝန် ပြီးမြောက်အောင် လုပ်ရမည်။ ထိုသို့ မဟုတ်ပါက ရွှေလက်ချောင်းကို ဆုံးရှုံးရလိမ့်မည်။ ထိုကဲ့သို့ ဖြစ်ခဲ့လျှင် သူတစ်ယောက်တည်းနှင့် ဒီလောကကြီးထဲမှာ အသက်ရှင်သန်ရန် မျှော်လင့်ချက် မရှိတော့ချေ။

ထို့နောက် ကဒ်၏ အနောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ ဖော်ပြချက်များသည် ရွှေရောင်အမျိုးသမီး ပြောခဲ့သော စကားများနှင့်

တစ်ထပ်တည်း တူညီနေသည်။ ထို့နောက် ကဒ်ကို ဖိနှိပ်လိုက်လျှင် ရွှေရောင် အမှုန်များအဖြစ် ပြောင်းလဲသွားပြီး သူ့ကိုယ်ထဲသို့ စိမ့်ဝင်သွားသည်။

“တန်ပြန် မုဆိုးတစ်ယောက် ဖြစ်ဖို့ဆို လျှောက်လွှာတင်တဲ့ အရည်အချင်း ပြည့်မီအောင် အနည်းဆုံး သံအဆင့် ရှိနေရမယ်။ ငါက မလုပ်နိုင်သေးပေမယ့် အင်ပါယာ ဆင်ဆာအဖွဲ့ထဲ အခုပဲ လျှောက်ကြည့်ပြီး ဘာတွေဖြစ်မလဲဆိုတာ စောင့်ကြည့်ရမှာပဲ’ ဟု လင်းဟွမ်က တွေးလိုက်သည်။

သူသည် ယခင်က တန်ပြန် မုဆိုးတစ်ယောက် ဖြစ်လာရန် လိုအပ်သော အရည်အချင်း သတ်မှတ်ချက်နှင့် ပက်သက်ပြီး လေ့လာ ဆန်းစစ်ခဲ့ဖူးသည်။

ခြွင်းချက် ပေးထားသော အလုပ်အကိုင်များစွာ ရှိပြီး ထိန်းချုပ်သူသည် ထိုအထဲမှတစ်ခု ဖြစ်သည်။

အင်ပါယာ ဆင်ဆာတစ်ယောက်က မွန်းစတားများကို လွှမ်းမိုးပြီး နာခံလာအောင် လုပ်နိုင်သည်။ လူပေါင်းများစွာတွင် ထိုကဲ့သို့ အရည်အချင်း မရှိသောကြောင့် ထိန်းချုပ်သူ

အလုပ်သည် အထူးကောင်းမွန်ပြီး လေးစားစရာ ကောင်းသော အလုပ်တစ်ခု ဖြစ်လာခဲ့သည်။

လင်းဟွမ်သည် သူ့ကိုယ်သူ ထိန်းချုပ်သူ အဖြစ် အသွင်းပြောင်းရန် သူ့တွင် ဆင့်ခေါ်နိုင်သော မွန်းစတားကဒ်တစ်ခု ရှိနေသည်။

"သံအဆင့်(၃) သွေးစုပ်ဖုတ်ကောင်က တန်ပြန်မှုဆိုး လျှော့ကျထားသူ အားလုံးထဲမှာ အသန်မာဆုံးလို့ သတ်မှတ်လို့ ရတယ်။ ဒါပေမယ့် သူရဲ့ အားနည်းချက်ကတော့ သိသာလွန်းတယ်။ တိုက်ပွဲထဲမှာ တစ်ယောက်ယောက်က သွေးခွဲအဆိပ်

ပါတဲ့ ညစ်ညမ်းတဲ့လက်နက်ကို သုံးလိုက်ရင် သွေးစုပ်ဖုတ်ကောင်အတွက် အန္တရာယ်များသွားလိမ့်မယ်”

လင်းဟွမ်သည် ခွဲခြမ်းစိတ်ဖြာမှု အချို့ပြုလုပ်ပြီးနောက် သူ၏ ဒုတိယကဒ် ဖြစ်သော အဆင့်တက်ကဒ်ကို ကြည့်လိုက်သည်။

“ဒီအဆင့်တက်ကဒ်ကို သာမန်ကဒ် တစ်ခုအတွက် သုံးလိုက်ရင် အလာဟာသ ဖြစ်သွားလိမ့်မယ်။ ဒါပေမယ့် တခြားနည်းလမ်းကလည်း မရှိတော့ဘူး။ တန်ပြန် မုဆိုးတစ်ယောက် ဖြစ်လာအောင်

အခွင့်အရေးတွေ ရဖို့အတွက် ပစ္စည်းအားလုံး စုဆောင်းဖို့ကလည်း အချိန်ကန့်သတ်ချက် ရှိနေတယ်။ သွေးစုပ်ဖုတ်ကောင်းကဒ်ကို အဆင့်မြှင့်လိုက်ရင် အဲဒီ သွေးစုပ်ဖုတ်ကောင်ရဲ့ စွမ်းရည်က ကြေးအဆင့်တော့ ရှိမှာပဲ။ ဒါဆိုရင် ကျော်ဖြတ်နိုင်မယ့် အခွင့်အရေးက အားကောင်း လာလိမ့်မယ်”

အဆင့်တက်ခြင်းကဒ်သည် ရှားပါးကဒ် တစ်ခုနှင့် သုံးလျှင် တန်ဖိုးမြင့်လာလေ ဖြစ်သည်။

အဆင့်တက်ကဒ်ကို အသုံးပြုပြီး သာမန်ကဒ်တစ်ခုကို ရှားပါးကဒ် ဖြစ်လာအောင် အဆင့်မြှင့်တင်နိုင်သည်။

ထို့အတူ ရှားပါးကဒ်ကို အဆင့်မြှင့်တင်ပါက မော်ကွန်းကဒ် ဖြစ်လာလိမ့်မည်။ မော်ကွန်းကဒ်ကို အသုံးပြုပါက တန်ဖိုး အလွန်ကြီးမားသော ဂန္ဓဝင်ကဒ် ဖြစ်လာလိမ့်မည်။

အစပိုင်းတုန်းကတော့ လင်းဟွမ်သည် ပိုကောင်းသော ကဒ်တစ်ခု ရလာသည့်အချိန်ကျမှ အသုံးပြုရန် စီစဉ်ထားခဲ့သည်။ သို့သော် ယခုအချိန်၌ အသုံးပြုရတော့မည့် ပုံရှိနေသည်။

“ရှောင်ဖိန် ၊ မွန်းစတားကဒ်ထဲက မွန်းစတားကို ဘယ်လို ခေါ်ထုတ်မှာလဲ”

“မင်းသာ အာရုံစူးစိုက်လိုက် မင်းလိုချင်တဲ့ကဒ်က မင်းလက်ထဲမှာ ပေါ်လာလိမ့်မယ်။ ကဒ်ကို ညှစ်လိုက်ရင် ဆင့်ခေါ်မှု အောင်မြင်သွားလိမ့်မယ်။ လိုအပ်တဲ့ ညွှန်ကြားချက်ကိုတော့ အနက်ရောင်ကဒ်ပေါ်မှာ ဖြည်းဖြည်းခြင်း ဖော်ပြပေးလိမ့်မယ်”

“ငါက ကဒ်ကိုဆင့်ခေါ်ရင် လူတွေ မြင်မှာလား”

လင်းဟွမ်က ရှောင်ဖိန်ကို မေးခွန်းထုတ်လိုက်သည်။

“ပိုင်ရှင်ကပဲ ကဒ်တွေကို မြင်နိုင်တယ်။ မင်းကဒ်ရဲ့တည်ရှိမှုကို တခြားလူတွေ မမြင်နိုင်ဘူး”

“ကောင်းလိုက်တာ”

လင်းဟွမ်သည် စိတ်အေးသွားသည်။ သူ၏ကဒ်တွေကိုသာ မြင်နိုင်လျှင် မကောင်းသောရည်ရွယ်ချက် ရှိသည့်လူများက ရွှေလက်ချောင်းကို မြင်သွားမှာ စိုးရိမ်နေသည်။

လင်းဟွမ်သည် သံသယများကို ရှင်းထုတ်ပြီးနောက် လက်ထဲ၌ ရှိနေသော အလုပ်များကိုသာ အာရုံစိုက်လိုက်သည်။

လက်ကို ဆန့်ထုတ်လိုက်ပြီး သူ၏ အသက်စက်ဝိုင်းထဲတွင် ရှိနေသော မွန်းစတားကဒ်ကို ပေါ်လာစေရန် ဆန္ဒပြု စိတ်ကူးလိုက်သည်။

ခဏကြာသောအခါ လက်ဖဝါး တစ်ဝက်စာခန့်ရှိသော အဖြူရောင် သလင်းကဒ် တစ်ခုက ညာဖက် လက်ဖဝါးပေါ်မှာ ပေါ်လာသည်။

ကဒ်သည် အသက်စက်ဝိုင်းပေါ်တွင် ထွင်းထုထားသော သူ့ပုံနှင့်အတိအကျ တူနေသည်။ ယခု လက်ဖဝါးပေါ်တွင် ပေါ်လာသောအခါ ကဒ်ထဲမှ စီးဆင်းလာသော အေးမြသည့် ခံစားချက်ကို ခံစားလိုက်ရသည်။

ရှောင်ဖိန်သည် သူ၏ ကဒ်ပြားများကို အခြားလူများက မြင်နိုင်လား၊ မမြင်နိုင်လား ဆိုသည်ကို အတည် မပြုပေးခဲ့ဘူးဆိုလျှင် သူက အတည်ပြုရန်အတွက် သူ့ပတ်ဝန်းကျင်က အခြားလူများကို တောင်းဆိုလိမ့်မည်။ သို့သော်

ရှောင်ဖိန် ပြောခဲ့သည်မှာ အမှန်ဖြစ်ကြောင်း သူသိနေသည်။

ရှောင်ဖိန်၏ ညွှန်ကြားချက်ကို လိုက်နာပြီး လင်းဟွမ်သည် ကဒ်ကို အတတ်နိုင်ဆုံး ဖျစ်ညှစ်လိုက်သည်။ ခက်ခက်ခဲခဲ မညှစ်မိမည်ကို သူက စိုးရိမ်နေသော်လည်း အနည်းငယ် အားစိုက်လိုက်ရုံဖြင့် ကဒ်သည် အစိတ်အပိုင်း တစ်ထောင်လောက် ကွဲအက်သွားသည်။

မကြာခင် သူ့ဘာသာသူ ပြန်တွဲလာသည်။ တစ်စက္ကန့် မပြည့်ခင် အချိန်လေးအတွင်းမှာပင်

သူနှင့် သက်တူရွယ်တူ လူငယ်လေးတစ်ယောက်က သူ့ရှေ့တွင် ပေါ်လာသည်။

လင်းဟွမ်သည် အစပိုင်း၌ ယုံကြည်မှု ကင်းမဲ့နေသည်။ သူစိတ်ကူးထားသည့် မွန်းစတား အစား အခြားလူသားတစ်ယောက်ကို ခေါ်ယူခဲ့ပုံ ရသည်။

"မင်းရဲ့ မွန်းစတားကဒ်ကို အသက်သွင်း ပြီးပါပြီ။ မင်းမွန်းစတားရဲ့ စွမ်းရည်တွေကို ကျပန်း ထုတ်ယူချင်လား"

## အခန်း(၇) - မင်းက အရမ်း အားနည်းသေးတယ်”

“ငါက စွမ်းရည်တွေကို ထုတ်ယူနိုင်တာလား”

လင်းဟွမ်သည် သူ့ရှေ့က သေတ္တာကို ကြည့်နေရင်း အံ့အောသင့်စွာ မေးလိုက်သည်။ ထို့နောက် ဆက်ပြောလိုက်သည်။

“အဆင့်မြှင့်ပြီးမှ စွမ်းရည်ထုတ်ယူလို့ ရမလား”

“နောက်တစ်ကြိမ်မှ စွမ်းရည် ထုတ်ယူချင်တာလေး”

သေတ္တာက ပြန်တုန့်ပြန်သည်။

“ဒါဆိုလည်း နောက်တစ်ခါမှ လုပ်တော့မယ်”

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။ ဆင့်ခေါ်ထားသော သွေးစုပ်ဖုတ်ကောင်ကို စတင်စစ်ဆေးလိုက်သည်။

သွေးစုပ်ဖုတ်ကောင်သည် လင်းဟွမ်နှင့် အသက်တူပုံရသည်။ ကြည့်ရသည်မှာ အသက် ၁၅နှစ်ခန့်ရှိလိမ့်မည်။ အသွင်အပြင်က ပြတ်သားပြီး သပ်သပ်ရပ်ရပ် ရှိသည်။ အကယ်၍ လူအုပ်ကြီးထဲ၌

ရှိနေပါက သူ့ကို သွေးစုပ်ဖုတ်ကောင် တစ်ကောင်ဟု မည်သူမျှ မပြောနိုင်ပေ။

ဒါသည် သွေးစုပ်ဖုတ်ကောင်၏ ကြောက်စရာ အကောင်းဆုံး အပိုင်းဖြစ်သည်။ သေးငယ်သော ဝပ်ကျင်းစခန်းများထဲတွင် လူသားများသည် နှစ်ပေါင်းရှစ်ရာကျော် လူဦးရေ တိုးပွားလာခဲ့သော်လည်း သွေးစုပ်ဖုတ်ကောင်များသည် သိုးယောင် ဆောင်ထားသော ဝံပုလွေများကဲ့သို့ လူများကြားထဲတွင် ပုန်းအောင်းနေသဖြင့်

သွေးစုပ်ဖုတ်ကောင် အကုန်လုံးကို သတ်ဖြတ်ပစ်ရန် မဖြစ်နိုင်ပေ။

သူတို့ကိုယ်သူတို့ မဖော်ထုတ်သရွေ့ ကွဲလဲမှုကို မည်သူမျှ မမြင်နိုင်ပေ။

“မင်းရဲ့ပုံစံ အပြည့်အစုံကို ငါ့ကို ပြပါ”

လင်းဟွမ်က သွေးစုပ်ဖုတ်ကောင်ကို ခိုင်းလိုက်သည်။

အမိန့်ပေးသံကို ကြားလိုက်လျှင် သွေးစုပ်ဖုတ်ကောင်၏ မျက်လုံးများသည် သွေးကဲ့သို့

နီရဲလာပြီး မျက်လုံး တစ်ဝိုက်တွင် သွေးပြန်ကြောများ ထောင်ထွက်လာသည်။ ကြွက်သားများက လှုပ်ခါလာပြီး စင်တင်မီတာ အနည်းငယ် ပိုမြင့်လာသည်။

လင်းဟွမ်သည် ကြောက်စရာကောင်းသော အငွေ့အသက်ကို ခံစားလိုက်ရမှ မနေ့ညက မည်မျှ ကံကောင်းခဲ့လဲ ဆိုသည်ကို နောက်ဆုံး၌ သိလိုက်ရသည်။

(ဒီ သံအဆင့်(၃) သွေးစုပ်ဖုတ်ကောင်က အရမ်း အစွမ်းထက်တယ်။ မနေ့ညက

သွေးစုပ်ဖုတ်ကောင်ဟာ ကြေးအဆင့်(၃) ဖြစ်ပေမယ့် အဆိပ်မိထားလို့ ဒီကောင့်ထက် အားနည်းနေတယ်။ အစောပိုင်းတုန်းက ရခဲ့တဲ့ ဒဏ်ရာတွေကြောင့် အားနည်းသွားတာ ဖြစ်လိမ့်မယ်။ တကယ်လို့ အဲဒီကောင်သာ ခွန်အားအပြည့် ဖြစ်နေမယ်ဆို ငါ့ကိုသတ်ရတာက ပုရွတ်ဆိတ်ကို သတ်ရတာထက်တောင် လွယ်နေအုံးမယ်)

လင်းဟွမ်သည် ထိုကဲ့သို့ တွေးလိုက်မိလျှင် ကျောရိုးထဲမှ စိမ့်ပြီး အေးသွားသည်။

“သွေးစွမ်းအားကို အသက်သွင်းပါ။”

လင်းဟွမ်သည် သူ့ရှေ့မှ သားရဲကို ဒုတိယ ညွှန်ကြားချက် ပေးလိုက်သည်။ သွေးစုပ်ဖုတ်ကောင်၏ ပုံစံ အစစ်အမှန်ကို မြင်ချင်နေသည်။

စူးစူးရှရှ အော်ညည်း လိုက်ပြီးနောက် ကြက်သွေးရောင် အလွှာနှင့် ပြင်းထန်သော သွေးအနံ့အသက်များက သွေးစုပ်ဖုတ်ကောင်၏ တစ်ကိုယ်လုံးကို ပျံ့နှံ့သွားသည်။ မကြာခင်

သွေးစွမ်းအားများက ဖုံးအုပ်သွားသဖြင့် ယခင်ကထက် အဆ အနည်းငယ် ပိုကြီးလာသည်။

လင်းဟွမ်သည် သွေးစုတ်ဖုတ်ကောင်က သွေးစွမ်းအားကို အသက်သွင်းလိုက်လျှင် ညည်းသံထွက်ပေါ်လာနိုင်သည့် အချက်ကို မေ့သွားခဲ့သည်။ အိမ်နီးနားချင်းများ ကြားသွားမည်ကို စိုးရိမ်နေသည်။ ထိုသို့ ကြားသွားပါက မွန်းစတား မုဆိုးများကို သေချာပေါက် အကြောင်းကြား လိမ့်မည်။

သို့သော် စိုးရိမ်နေသော အရာသည် စိတ်ထဲ၌ လုံးဝ ကွယ်ပျောက်သွားသည်။ သွေးစုပ်ဖုတ်ကောင်၏

နောက်ကျောတွင် ကြီးမားသော အနီရောင် ပန်းပွင့်များနှင့်တူသော သွေးအတောင်ပံ နှစ်ခု ရှိနေသည်။ အချိန်အတော်ကြာအောင် အံ့အော မှင်တက်နေပြီး ကြမ်းပြင်ပေါ် ငုတ်တုတ် ပြုတ်ကျသွားသည်။

သွေးစုပ်ဖုတ်ကောင်သည် လင်းဟွမ် ပေးလာမည့် နောက်ထပ် ညွှန်ကြားချက်များကို ငြိမ်သက်စွာ စောင့်ဆိုင်းနေသည်။

ခဏာအကြောသ၌ လင်းဟွမ်သည် အံ့အောမှင်တက်နေမှုမှ ပြန်လည်လွတ်မြောက်လာပြီး

"ရပြီ။ မင်းရဲ့ အသွင်းယူတဲ့ ပုံစံကို ပြန်ပြောင်းလိုက်ပါ"

လင်းဟွမ် ညွှန်ကြားလိုက်သည်နှင့် တစ်ပြိုင်နက် သွေးစုပ်ဖုတ်ကောင်၏ သွေးစွမ်းအားများသည် မှိန်ဖျော့သွားပြီး မျက်လုံးများက ပုံမှန်ပြန်ဖြစ်သွားသည်။ ယခုမူ လူသားတစ်ယောက်ကဲ့သို့ ပြန်ဖြစ်နေပြန်သည်။

လင်းဟွမ်သည် သူ၏ အသွင်ပြောင်းမှုကို ကိုယ်တိုင် မမြင်ခဲ့လျှင် သူ့ရှေ့တွင် ရပ်နေသောလူကို သွေးစုပ်ဖုတ်ကောင်ဟု ထင်မိမည် မဟုတ်ပေ။

"ငါ မင်းအတွက် အဆင့်တက်ကဒ်ကို အသုံးပြုမယ်။ လာမယ့် တန်ပြန်မုဆိုး အကဲဖြတ်မှုမှာ ငါ့ကို စိတ်မပျက်စေဖို့ မျှော်လင့်ပါတယ်"

သွေးစုပ်ဖုတ်ကောင်က ဘာမှ ပြန်မပြောပေ။ သွေးစုပ်ဖုတ်ကောင်က သူပြောသည်ကို နားလည်လား၊ နားမလည်ဘူးလား ဆိုသည်ကို လင်းဟွမ်လည်း မသချာပေ။

"ရှောင်ဖိန်၊ ငါက အဆင့်တက်ကဒ်ကို အသုံးပြုမယ်"

"အဆင့်တက်ကဒ်က သုံးရင် ကုန်တဲ့ အမျိုးအစားနော်။ ဒါကို တစ်ကြိမ်ပဲ အသုံးပြုနိုင်တယ်။ မင်း အသုံးပြုချင်တာ သေချာလား။ အနက်ရောက်ကဒ်ရဲ့ သတိပေးချက်ကို ဖတ်ပါ"

"သုံးမယ်"

"ညွှန်ကြားချက်တွေကို လိုက်နာပြီး ပစ်မှတ်ကို ရွေးပါ။ မင်းရဲ့ ပစ်မှတ်က သွေးစုပ်ဖုတ်ကောင်

မွန်းစတားကဒ်ပဲ။ အတည်းပြုချက်ကို သဘောတူလား”

ရှောင်ဖိန်က ဆက်ပြောလိုက်သည်။

“အတည်ပြုတယ်”

လင်းဟွမ်သည် စကားပြောပြီးသည်နှင့် တောက်ပသော ရွှေရောင် အလင်းတန်းတစ်ခုက သွေးစုပ်ဖုတ်ကောင်ကို ဖုံးလွှမ်းသွားသည်။

ထို့နောက် သွေးစုပ်ဖုတ်ကောင်၏ ခန္ဓာကိုယ် အနှံ့တွင် ရွှေရောင် အစက်အပြောက်များ ပေါ်လာကာ ရောမ ရွှေရောင် စက်လုံးကြီးတစ်ခု ဖြစ်သွားသည်။

အလင်းရောင်က တောက်ပလွန်းသဖြင့် လင်းဟွမ်သည် မျက်လုံး မှိတ်ထားလိုက်သည်။ သုံးမိနစ်ခန့် ကြာလျှင် အလင်းရောင်က မစူးတော့ကြောင်း သိလိုက်ရသဖြင့် မျက်လုံး ပြန်ဖွင့်လိုက်သည်။

သွေးစုပ်ဖုတ်ကောင်ကို ဖုံးအုပ်ထားသော ရွှေရောင် စက်လုံးသည် မှိန်ဖျော့သွားသည်။

ဆင့်ကဲပြောင်းလဲသွားသော သွေးစုပ်ဖုတ်ကောင်သည် ဖြည်းဖြည်းခြင်း ပြန်ပေါ်လာသည်။

သွေးစုပ်ဖုတ်ကောင်၏ အသွင်အပြင်သည် ထူးထူးခြားခြား ပြောင်းလဲသွားခြင်း မရှိပေ။ ယခင်က သူ၏ဆံပင်သည် အနက်ရောင် ဖြစ်သော်လည်း ယခုမူ ငွေရောင် ဖြစ်နေသည်။

ဆံပင်ပုံစံက ယခင်အတိုင်းပင်။ ဆံပင်ကို လှန်၍ သပ်သပ်ရပ်ရပ် ဖြီးထားကာ ယခင်ကအတိုင်း ကလေးဆန်သည့် ပုံစံကို ထိန်းသိမ်းထားသေးသည်။

သို့သော် ယခင်က ကျောင်းသား ဝတ်စုံနေရာတွင် အနက်ရောင် အင်္ကျီရှည်က တစ်ကိုယ်လုံး ဖုံးအုပ်ထားသည်။

"မင်းရဲ့ ငွေရောင်ဆံပင်က ကားတွန်ရုပ်ပြထဲက ဇာတ်ကောင် တစ်ယောက်လိုပဲ။ မင်းကို ကာနီကီလို့ ခေါ်ရင် အကဲဖြတ်ခွင့် ချိုးဖောက်တာပဲ။ ဒါကြောင့် မင်းကို ပိုင်လို့ပဲ ခေါ်မယ်"

လင်းဟွမ်က အမြန် ဆုံးဖြတ်လိုက်သည်။ ထို့နောက် ပိုင်ထံ လျှောက်သွားပြီး မျက်ခုံးနှစ်ခုကြား နဖူးနေရာကို လက်ညှိုး ထိုးလိုက်သည်။

ထို့နောက် သွေးစုပ်ဖုတ်ကောင်၏ ခန္ဓာကိုယ်သည် အပိုင်းပိုင်း ကွဲသွားပြီး လင်းဟွမ်၏ လက်ဖဝါးပေါ်တွင် သလင်းကဒ် တစ်ခုအဖြစ် ပြန်ပေါ်လာသည်။

ပိုင်၏ကဒ်သည် မူလက အဖြူရောင်ဖြစ်ပြီး ယခုမူ အစိမ်းရောင် ပြောင်းသွားသည့်အတွက် လင်းဟွမ် စိတ်လှုပ်ရှားနေသည်။

ကဒ်ကို လှန်ကြည့်လိုက်ရာ ကဒ်၏ အချက်အလက်များလည်း ပြောင်းလဲသွားသည်ကို သတိထားလိုက်မိသည်။

"မွန်းစတား ကဒ်"

"ရှားပါးအဆင့် - ရှားပါး"

"မွန်းစတား အမျိုးအစား - သွေးစုပ်ဖုတ်ကောင်"

"တိုက်ပွဲအဆင့် - သံအဆင့်(၃)( ကြေး ကြယ် သုံးပွင့်)"

"စွမ်းရည် ၁ - သွေးစွမ်းအား အဆင့်-၂"

"စွမ်းရည် ၂ - သွေးစွမ်းအား - အခြေခံ"

"စမ်းရည် ၃ - (ထပ်တိုး) - သွေးဆူခြင်း - အခြေခံ"

"အခြေအနေ - ဆင့်ခေါ်နိုင်"

“ကဒ်မှတ်ချက် - အသုံးမဝင်သေး”

မျှော်လင့်ထားသည့်အတိုင်း သာမန်ကဒ်သည် ရှားပါးကဒ် အဖြစ် အဆင့်တက်သွားသည်။ ဖောက်ပြချက်တွင် စွမ်းရည် အသစ်တစ်ခု ထပ်ထည့်ပေးထားသည်။ လင်းဟွမ်သည် စိတ်လှုပ်ရှားနေစဉ် အောက်ခြေမှ မှတ်ချက်ကို တွေ့လိုက်ရသည်။

“ရှောင်ဖိန် ဒီထက်ကောင်းတဲ့ မှတ်ချက် ပေးလို့မရဘူးလား”

လင်းဟွမ်သည် ဒါကို မြင်လိုက်လျှင် စိတ်ဆိုးစွာ မေးလိုက်သည်။

“မရဘူး”

အနက်ရောင်ကဒ်၏ ဘေးနားတွင် ကြီးမားသော “မရဘူး” အာမေဋိတ် အမှတ်အသားတစ်ခု ရှိနေသည်။ ရွှေလက်ချောင်းက လေးနက်လွန်းသည်။

“ရှောင်ဖိန်၊ မင်းရဲ့ သဘောထားမျိုးနဲ့ဆို ဘယ်တော့မှ သူငယ်ချင်း ရမှာ မဟုတ်ဘူး”

“သူငယ်ချင်း မလိုဘူး”

“ကောင်းပြီ”

လင်းဟွမ်က လက်မြှောက် လိုက်တော့သည်။

"သွေးဆူတာက ဘာလဲဆိုတာ ကြည့်ရအောင်...."

"သွေးဆူခြင်း - အခြေခံက သွေးစုပ်ဖုတ်ကောင်းရဲ့ စွမ်းအားကို ၁၀မိနစ်အတွင်း တိုးမြင့်လာလိမ့်မယ်။ သွေးဆူခြင်း ကုန်ဆုံးသွားပြီးရင် သွေးစုပ်ဖုတ်ကောင်က အားနည်းပြီး တစ်နာရီကြာတဲ့အထိ တိုက်ခိုက်နိုင်မှာ မဟုတ်တော့ဘူး"

"စွမ်းရည်က သက်ရောက်မှု ကြီးမားပါရဲ့ ဒါပေမယ့် နောက်ဆက်တွဲ ဆိုးကျိုးက ဒုက္ခများတယ်။"

ဟု လင်းဟွမ်က တွေးလိုက်သည်။

ထို့နောက် စိုးရိမ်သောက ရောက်နေသော အမူအရာနှင့် ခေါင်းကုတ်လိုက်ပြီး

"ဒါဆိုလည်း မသုံးဖြစ်အောင် ကြိုးစားမယ်။ ဒီလိုမှမဟုတ်ရင် နောက်ထပ် တစ်နာရီလောက် အန္တရာယ်တောထဲ ရောက်နေအုံးမယ်"

"အို ဟုတ်ပြီ။ ငါ့မှာ ထုတ်ယူရမယ့် စွမ်းရည်တစ်ခု ရှိသေးတယ်"

လင်းဟွမ်သည် ရုတ်တရက် သတိရသွားသည်။

“”ရှောင်ဖိန်၊ ငါက အခု စွမ်းရည်ကို ထုတ်ယူလိုက်ရင် မွန်းစတားကဒ်ထဲက ပျောက်သွားမှာလား”

“စွမ်းရည် ထုတ်ယူခြင်းက မွန်းစတာမှ စွမ်းရည် ရရှိနိုင်တဲ့ နည်းလမ်းတစ်ခုပဲ ဖြစ်တယ်။ ဒါက မွန်းစတားကဒ်ရဲ့ မူလ အရည်အချင်းကို ထိခိုက်မှာ မဟုတ်ဘူး”

“အရမ်း ကောင်းတယ်”

လင်းဟွမ်သည် မျှော်လင့်ချက် အသစ်ရှိလာသော အသံဖြင့် ပြောလိုက်သည်။

လင်းဟွမ်သည် စွမ်းရည်သုံးခုကို သေသေချာချာ လေ့လာလိုက်သည်။

"ဒီ သွေးစွမ်းအားက ကောင်းပါတယ်။ ဒါပေမယ့် ငါ့သက်တမ်းက တိုးတိုးလေး ဖြစ်နေတော့ ဒါကို အားမပေးတော့ဘူး။ ပြန်လည်သန်စွမ်းခြင်း လုပ်ဆောင်ချက်က သိပ်ပြီး ကြီးကြီးမားမား မဟုတ်ဘူး။ ဒါပေမယ့် သွေးဆူခြင်းလို ယာယီ အကူအညီဖြစ်စေတဲ့ အရာထက်တော့ ကောင်းပါတယ်။ အခုလက်ရှိ ငါ့ရဲ့ အခြေခံ တိုက်ခိုက်ရေး အင်းအားကလည်း အားနည်းတယ်။

ခွန်းအား တိုးလာတယ်ဆိုရင်တောင် အများကြီး အထောက်အကူ ဖြစ်မှာ မဟုတ်ဘူး။ တစ်နာရီလောက် မောပန်းနေရင် အသက်ထွက်တာတောင် ပိုမြန် သွားအုံးမယ်။”

လင်းဟွမ်သည် ထိုအရာများကို သေသေချာချာ ခွဲခြမ်း စိတ်ဖြာနေသည်။

“ရှောင်ဖိန်၊ စွမ်းရည်တစ်ခု ထုတ်ယူမယ်”

လင်းဟွမ်သည် အနည်းငယ် စဉ်းစားပြီးနောက် နောက်ထပ် မတွေဝေ ချင်တော့ပေ။

“စွမ်းရည် ထုတ်ယူခြင်း အသက်ဝင်ပါပြီ။ စွမ်းရည်ကို ကျပန်း ရွေးချယ်နေပါတယ်.....”

“ကျပန်း ရွေးချယ်ခြင်း ပြီးပါပြီ။ သွေးစွမ်းအား အဆင့်(၂)ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။”

ရှောင်ဖိန်က ကြေငြာလိုက်သည်။

လင်းဟွမ်သည် မှတ်ချက်ကို ဖတ်နေရင်း ခန္ဓာကိုယ်ထဲသို့ တစ်ခုခု ထည့်သွင်းခံရသလို ခံစားလိုက်ရသည်။

အကဲဖြတ်ကဒ်ကို ချက်ခြင်း ထုတ်ယူလိုက်သည်။

“ပိုင်ရှင် - လင်းဟွမ်”

“လိင် - ကျား”

“အသက် - ၁၅ နှစ်”

“တိုက်ပွဲခွန်အား - မရှိ ( အကဲဖြတ်မှု ကန့်သတ်ချက်ထဲ ဘောင်မဝင်သေး)”

“စွမ်းရည် - သွေးစွမ်းအား ( အဆင့် ၂)”

“ဆင့်ခေါ်ခွင့် အာဏာ - အသက်ဝင်တယ်”

“ဆင့်ခေါ်နိုင်သော အရေအတွက်  - ၁”

"မှတ်ချက် - မင်းက အရမ်း အားနည်းနေသေးတယ်"

လင်းဟွမ်သည် နောက်ဆုံး မှတ်ချက်ကို လျစ်လျူရှုလိုက်ပြီး စွမ်းရည်နှင့် ဆိုင်သော 'သွေးစွမ်းအား - အဆင့် -၂' ကို အာရုံစိုက်ခဲ့သည်။ သွေးစုပ်ဖုတ်ကောင်၏ စွမ်းရည်ကို ရရှိထားကြောင်း သိလိုက်ရသဖြင့် အံ့အော သင့်သွားသည်။

"အခုတော့ သွေးစုပ်ဖုတ်ကောင်က အဆင်သင့်ဖြစ်နေပြီ။ ငါ့ကိုယ်ငါ ပြင်ဆင်ဖို့ အချိန်ကျပြီ"

## အခန်း(၈) - တည်ငြိမ်သော နေထိုင်ရာ။

ပါဆယ်ထုပ်အတွက် ကျေးဇူးပြုပြီး လက်မှတ်ထိုးပေးပါ။”

မနက်ခင်း အစောကြီးတွင် တစ်ယောက်ယောက်က တံခါးအဝ၌ လာအော်နေသည်။

လင်းဟွမ်သည် တံခါးဖွင့်လိုက်ရာ သစ်ကိုင်း တစ်ခုပေါ်တွင် သူ့ခြေထောက်နှင့် သူရပ်နေသော အဝါရောင် ငှက်တစ်ကောင်ကို တွေ့လိုက်ရသည်။

အဝါရောင်ငှက်ကို ငွေလျှာငှက်ဟု ခေါ်ကြပြီး ဘာသာစကားပေါင်း တစ်ထောင် အထိ သင်ယူနိုင်ကြသည်။ သို့သော် ထိုငှက်များ၏ ဘာသာစကားအပေါ် နားလည်မှုသည် ခြောက်နှစ်သား ကလေးတစ်ယောက်နှင့် ဆင်တူပြီး ရိုးရှင်းသော ရည်ရွယ်ချက်များနှင့်သာ လူသားများကို ပြောဆို ဆက်သွယ်နိုင်ကြသည်။

လူသားများက ထိုဌက်များကို ပို့ဆောင်ရေး အတွက်သာမက ထိုဌက်များ၏ မှတ်ဉာဏ် စွမ်းရည်အတွက်ပါ လေ့ကျင့်ပေးခဲ့ကြသည်။ သူတို့၏ အမွေးတစ်ခုစီတွင် ရေခဲတုံးကဲ့သို့ အရာတစ်ခုစီ ပါဝင်ပြီး ထိုအရာများသည် လျှို့ဝှက် သိုလှောင်ရာ နေရာလွတ်များ ဖြစ်ကြသည်။

ဌက်လေးသည် အိမ်တံခါး ဖွင့်လိုက်သည်ကို မြင်လိုက်လျှင် အိမ်လက်ရန်းသို့ ပျံသန်းလာပြီး

"မင်္ဂလာ နံနက်ခင်းပါ မစ္စတာလင်းဟွမ်။ မင်းရဲ့ ပါဆယ်ထုတ်က ဒီမှာပါ။ ကျေးဇူးပြုပြီး မင်းနာမည်နဲ့ လက်မှတ် ထိုးပေးပါအုံး"

ထို့နောက် ဌက်သည် ၎င်း၏အတောင်ပံများကို ခါလိုက်ရာ ကိုယ်ပေါ်မှ ပါဆယ်ထုပ် အချို့ ပြုတ်ကျလာသည်။

ထိုအထဲမှ အချို့ဆိုလျှင် ဌက်ထက်ပင် အဆအနည်းငယ် ကြီးနေသေးသည်။

ထို့နောက် ခေါင်းကို ခါးယမ်လိုက်ရာ ပါးစပ်ထဲမှ ပြေစာတစ်ခု ထွက်ပေါ်လာသည်။ ထို့နောက်

လင်းဟွမ်ပခုံးထံ ပျံသန်းသွားပြီး ပြေစာကို ပေးလိုက်သည်။

ပြေစာထဲတွင် ပို့ဆောင်ပေးသည့် ပစ္စည်း အားလုံး၏ အသေးစိတ် အချက်အလက်များကို ဖော်ပြထားသည်။

လင်းဟွမ်သည် တစ်ချက် ဖတ်ကြည့်လိုက်ပြီးနောက် လက်မှတ် ရေးထိုးပြီး ပြေစာကို ဌက်လေးထံ ပြန်ပေးလိုက်သည်။ ပြေစာ ပြန်ပေးသောအခါ၌ တံခါးဘေးရှိ ပန်ကန်လုံးထဲမှ သကြားလုံး အချို့ကို ထုတ်ယူလိုက်ပြီး

'မင်း အတွက်' ဟု

ပြောရင်း ဌက်လေးကို ပေးလိုက်သည်။

"ကျေးဇူး တင်ပါတယ်"

ဌက်လေးက လင်းဟွမ်၏ လက်ဖဝါးပေါ်တွင် အတောင်ပံ ခတ်လိုက်ရာ ပြေစာနှင့် သကြားလုံးများ ပျောက်ကွယ်သွားသည်။

ထို့နောက် ခေါင်းညိတ်ပြီး ပျံသန်း ထွက်ခွာသွားသည်။

လင်းပှွမ်သည် ပစ္စည်းများကို အိမ်ထဲရွှေ့ကာ တံခါးပိတ် လိုက်ပြီးနောက် စတင် စစ်ဆေးလိုက်သည်။

“သံအဆင့် ဓါး တစ်ချောင်း”

“အခြေခံ စစ်ရှင်သန်ခြင်း ဓါး တစ်ချောင်း”

“အခြေခံ စစ်ရေဖူး တစ်ဖူး”

“ကျည်ကာ ( မီးခိုးရောင် လင်ယုန်) ဆယ်ခု”

“ကျည်ဖူး ဆယ်ဖူးထဲမှာ ကျည်ဆံ ငါးရာ”

“ရေစိုခံ ခရီးကြမ်း ပစ္စည်း တစ်ခု”

“ ညကြည့်မျက်မှန် တစ်ခု”

“မှန်ပြောင်း တစ်ခု”

“အရေးပေါ် သွေးပြန်ဆေး နှစ်ခု”

“ပတ်တီး တစ်ခု”

.....

သူ့ စုဆောင်းငွေ၏ ရှစ်ဆယ် ရာခိုင်နှုန်းနှင့် ဒီပစ္စည်း အကုန် ဝယ်ယူခဲ့သည်။

စါးတစ်ချောင်းတည်းကို အကျိုးဆောင်အမှတ် (ခရက်ဒစ်အမှတ်) တစ်သောင်း ပေးခဲ့ရသည်။

ရေးဖူးကို နေရာလွတ် ကြွက်လေးဟုခေါ်သော မွန်းစတား တစ်ကောင်မှ ပြုလုပ်ထားခြင်း ဖြစ်သည်။ အတိအကျပြောလျှင် ထိုမွန်းစတား၏ အစာအိမ်ကို ပြုလုပ်ထားခြင်း ဖြစ်သည်။ ထိုအရာသည် အခြား အရာများနှင့် မတူဘဲ ဟင်လင်းပြင်ကို ဖိသိပ် ထားနိုင်သောကြောင့် ဖြစ်သည်။

အရည်တစ်တန်အထိ ထည့်သွင်းနိုင်သော ရေဗူးသည် အကျိုးဆောင်အမှတ် ရှစ်ထောင် ကုန်ကျသည်။ သံချပ်ကာဖောက် ကျည်ဆံသည် တစ်တောင့်တိုင်းကို အကျိုးဆောင်အမှတ် ငါးရာ

ကုန်ကျသည်။ ထို့ကြောင့် တစ်ဖူးလျှင် အမှတ် ငါးထောင် ကုန်ကျသည်။ ကျန်သည့် အရာ အားလုံးပေါင်းလိုက်လျှင် အကျိုးဆောင် အမှတ် နှစ်ထောင် ဖြစ်သည်။

လင်းဟွမ်သည် ဤမျှ များပြားသော အကျိုးဆောင် အမှတ်များကို တစ်ကြိမ်တည်း အသုံးပြုခြင်းသည် ဒါက ပထမဆုံးအကြိမ် ဖြစ်သည်။ တန်ပြန်မုဆိုး အကဲဖြတ် စစ်ဆေးမှုတွင် အသုံးဝင်ကြောင်း ပြသနိုင်ပါက ထိုက်တန်သည်ဟု တွေးထားသည်။

အကဲဖြတ်စစ်ဆေးခြင်း၏ အကြောင်းအရာများသည် အမြဲတမ်း ကွဲပြားသော်လည်း နောက်ဆုံးတစ်ခုသည် တောတွင်း၌ ရှင်သန်နိုင်ရေး စမ်းသပ်ချက် ဖြစ်သည်။

ဒီပစ္စည်းများသည် ထိုတာဝန်အတွက် ရည်ရွယ်သည်။

"ငါတော့ သဘောကျတယ်။ ဝန်ဆောင်မှုက အရမ်းမြန်တယ်။ မနေ့ကမှ အော်ဒါမှာတယ်။ ဒီနေ့ ရောက်တယ်။ ပျက်စီးတဲ့အရာတွေ ပြန်ပြင်နေတုန်း တည်းခိုနိုင်တယ်လို့ ပို့ပေးထားတဲ့ လိပ်စာကို

ပြောင်းပြီးနေရင် ကောင်းမလား။ ဒါပေမယ့် မလိုပါဘူး”

ထို့နောက် လင်းဟွမ်သည် ပစ္စည်းအားလုံးကို သိုလှောင်ရာ နေရာလွတ်ထဲတွင် သိမ်းဆည်းလိုက်သည်။

အကဲဖြတ်မှု လျှောက်လွှာကို နှလုံးသား ကွန်ရက်မှတစ်ဆင့် မုဆိုးအဖွဲ့အစည်း ဝဘ်ဆိုဒ်တွင် လှမ်းလျှောက်လိုက်သည်။ အကဲဖြတ်မှုကို အလယ်အလတ် ဝပ်ကျင်းတစ်ခုတွင် ပြုလုပ်မည်။

လစဉ်လတိုင်း အလယ်အလတ်အဆင့် ဝပ်ကျင်းတစ်ခုတွင် အကဲဖြတ်မှု စစ်ဆေးပွဲ ပြုလုပ်သည်။ အနီးဆုံး အလယ်အလတ် ဝပ်ကျင်းသည် အမှတ် ၇ စီ ၈၇ ဖြစ်သည်။

အမှန်တကယ် အကဲဖြတ်မှုကို တစ်ပတ်အကြာတွင် ပြုလုပ်မည်။ လင်ယုန်ဌက်နှင့် ပျံသန်းပါက ထိုဝပ်ကျင်းသို့ ရောက်ရှိရန် အချိန်နှစ်နာရီခန့်သာ ကြာမြင့်သည်။ ဒါမှလည်း စိန်ခေါ်မှုအတွက် ပြင်ဆင်ရန် အချိန် လုံလုံလောက်လောက် ရှိလိမ့်မည်။

လင်းဟွမ်သည် ဘာတွေ ပြင်ဆင်ရင် ကောင်းမလဲဟု စဉ်းစားနေစဉ် တစ်ယောက်ယောက်က တံခါး လာခေါက်သည်။

လင်းဟွမ်သည် မမျှော်လင့်ထားသဖြင့် အံ့အော သင့်သွားသည်။

'အစောကြီးပဲ ရှိသေးတယ်။ ဘယ်သူ ဖြစ်မလဲ' ဟု တွေးလိုက်မိသည်။

တံခါးကို ဖွင့်လိုက်ရာ လူလတ်ပိုင်း အမျိုးသား တစ်ယောက် ရပ်နေပြီး သူ့နောက်၌ ယူနီဖောင်း

ဝတ်ဆင်ထားသော လူတစ်စု မတ်တပ်ရပ်နေကြသည်။

စုအကြီး ဝတ်ဆင်ထားသော ထိုလူက လင်းဟွမ်ကို ပြုံးပြလိုက်ပြီး

“မစ္စတာလင်းဟွမ်၊ မနေ့က ပြည်ထောင်စု အစိုးရဆီကနေ ပြုပြင်မွန်းမံပေးရမယ့် အမိန့်ကို ရထားပါတယ်။ ဒါကြောင့် မင်းအိမ်ကို ပြင်ပေးဖို့ ငါတို့လာခဲ့ကြတာပဲ။ မင်းဆီမှာ မွန်းမံချင်တဲ့ ဖြည့်စွက်ချက် ရှိရင်၊ မှတ်ချက် ရှိရင် ငါတို့ကို ပြောလို့ရပါတယ်။ ငါတို့ ချက်ခြင်း စလုပ်တော့မယ်”

“ကျွန်တော်ဆီမှာ ထွေထွေထူးထူး မှတ်ချက်တော့မရှိပါဘူး။ ကြမ်းပြင်နဲ့ နံရံက အက်ကွဲကြောင်းတွေနဲ့ နံရံ အားလုံးကို အလုံပိတ်ပေးပြီး လုံလုံခြုံခြုံနဲ့ စနစ်တကျ ဖြစ်သွားရင် ကျွန်တော် ကျေနပ်ပါတယ်”

လင်းဟွမ်သည် ထိုနေ့က အဖြစ်အပျက် အနည်းငယ်ကို ပြန်လည် ပြောပြရင်း ပြန်ဖြေလိုက်သည်။ သို့သော် စိတ်ထဲ၌ အံ့အောသင့်နေသည်။ ဤမျှ မြန်မြန်ဆန်ဆန် ၊

ထိထိရောက်ရောက် လာခဲ့လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

ဒီနေ့ မနက်ကတင် ပြန်လည်သုံးသပ်ချက် အောင်မြင်ပြီး လူလွှတ်ပေး လိုက်မည်ဟု ပြည်ထောင်စု လွှတ်တော်ထံမှ အကြောင်းကြားချက်ကို ရရှိထားခဲ့သည်။

“ဒီလိုဆိုရင် ငါတို့ အစွမ်းကုန် လုပ်ပေးပါ့မယ်။”

ထိုလူက စကားပြောရင်း လင်းဟွမ်ကို ကဒ်တစ်ကဒ် ထုတ်ပေးလိုက်သည်။ ဟိုတယ် အခန်းတစ်ခု၏ သော့ကဒ် ဖြစ်နေသည်။

" ပြုပြင်တာက ငါးရက်လောက် ကြာမယ်။ ငါးရက်ထက် မပိုဘူးလို့ အာမခံတယ်။ ဒါကြောင့် မင်းကို ငါးရက်စာ ဘိုကင် လုပ်ထားပေးတယ်"

"ကျေးဇူးတင်ပါတယ်"

လင်းဟွမ်သည် ကျေးဇူးတင်စကားပြောရင်း သော့ကဒ်ကိုယူကာ ထိုအပေါ်မှ နာမည်ကို မြင်လိုက်လျှင် အံ့အောသင့်သွားသည်။

သောကဒ်ပေါ်တွင် 'တည်ငြိမ်သော' ဟူသော စာလုံးကို ရေးထားသည်။

ဒါသည် ဝပ်ကျင်းထဲတွင် အကျော်ကြားဆုံး ဟိုတယ်ဖြစ်သည့် တည်ငြိမ်သော နေထိုင်ရာ ဟိုတယ်ဖြစ်သည်။ အခန်း၌ားခသည် တစ်ညလျှင် အကျိုးဆောင်အမှတ် တစ်ထောင်ကျော် ကုန်ကျသည်။ ဒါသည် ပိုကြီးသော ဝပ်ကျင်းများတွင် ရှိသည့် ဟိုတယ်များ၏ အခန်းတစ်ခန်း၌ားရမ်းခ စျေးနှုန်းနှင့် တူညီလုနီးပါး ရှိသည်။

"နောက်ထပ် ရက်ပိုင်းလောက်ကြာရင် မင်းအိမ်က အဆင်ပြေသွားမှာပါ။ ပစ္စည်းလာပို့တာ ရှိရင်လည်း ဟိုတယ်ကို ပို့လိုက်ပါ့မယ်။ အဖိုးတန်

ပစ္စည်းတွေရှိရင်လည်း အခုပဲ အချိန်ယူပြီး ယူသွားလိုက်ပါ။ မင်းအဆင်သင့်ဖြစ်ရင် ငါတို့ကို အကြောင်းကြားပါ”

ဝတ်စုံ ဝတ်ထားသောလူက ပြောလိုက်သည်။

“တန်ဖိုးရှိ ပစ္စည်းလား ၊ တကယ်တော့ ဘာမှ မရှိဘူး”

လင်းဟွမ်က ခေါင်းခါလိုက်ပြီး

"ငါနဲ့ ငါ့ညီမလေးသုံးတဲ့ ရေချိုးခန်းသုံး ပစ္စည်းတချို့တော့ ယူသွားမယ်။ မင်းတို့ ဝင်လာလို့ ရပါတယ်"

လင်းဟွမ်က ထိုသို့ပြောရင်း ထိုလူများကို ဝင်ခွင့်ပြုလိုက်သည်။

"မဟုတ်တာ။ ရပါတယ်။ မင်းပြီးမှပဲ ငါတို့ ဝင်ပါ့မယ်"

ဝတ်စုံ ဝတ်ထားသောလူက တံခါး အဝမှာသာ မတ်တပ်ရပ်နေသည်။

ထိုလူက ငြင်းသဖြင့် လင်းဟွမ်လည်း ပခုံးတွန့်ပြီး ရေချိုးခန်းသုံး ပစ္စည်းများကို ယူဆောင်ရန် အပေါ်ထပ်သို့ တက်သွားသည်။ ဘာမှ မကျန်ခဲ့ကြောင်း သေချာအောင် စစ်ဆေးပြီးမှ အောက်ထပ်သို့ ပြန်ဆင်းလာကာ တံခါးထံ လျှောက်သွားလိုက်သည်။

“ကောင်းပြီး၊ အခုက မင်းတို့အလှည့်ပဲ။ ငါတော့ ဟိုတယ် သွားတော့မယ်။”

လင်းဟွမ်က ပြောလိုက်သည်။ ထို့နောက် ဝတ်စုံဝတ်ထားသော အမျိုးသားအနား ကပ်ပြီး တိုးတိုးလေး ပြောလိုက်သည်။

"ဒါက ပင်မတံခါး စကားဝှက်ပါ။ အခန်းတံခါး အကုန် ဖွင့်ထားတယ်။ အခန်းသော့တွေက ဒုတိယအထပ် ရေးချိုးခန်းထဲက ဆေးသတ္တာထဲမှာ ရှိတယ်။ မင်းလိုတယ်ဆိုရင် မင်းဘာသာမင်းပဲ ယူလိုက်ပါ။"

ဝတ်စုံနက်နှင့် လူကို ယုံကြည်သော်လည်း သူ့နေရာကို လက်လွတ်စပယ် မထားသွားချင်ပေ။

ဝတ်စုံနက် ဝတ်ထားသော အမျိုးသားက ခေါင်းညိတ်ပြလိုက်ပြီး အာမခံလိုက်သည်။

"စိတ်မပူပါနဲ့။ ငါတို့ အစွမ်းကုန် ကြိုးစားပြီး ပြီးအောင် လုပ်ပေးပါ့မယ်"

ဝူလင်မြို့သည် အဓိကလမ်း လေးခုသာရှိသော မြို့ငယ်လေးတစ်မြို့ ဖြစ်သည်။ လင်းဟွမ်နှင့် သူ့ညီမတို့သည် လမ်းအမှတ် ၁၀၁ တွင် နေထိုင်ကြသည်။ ဝမ်ကျင်းကို စတင် ချဲ့ထွင်းသောအခါ လမ်းတစ်ကျော်အထိ ချဲ့ထွင်းရန် မျှော်လင့်ခဲ့ကြပြီး ဘီ အဆင့် ကြီးမားသော

ဝပ်ကျင်းဖြစ်လာစေရန် အကောင်း မြင်စိတ်ဖြင့် လမ်း ၁၀၁က စတင်ခဲ့ခြင်း ဖြစ်သည်။

လင်းဟွမ်သည် ဆယ်မိနစ်ခန့် လမ်းလျှောက်ပြီးနောက် တည်ငြိမ်သော နေထိုင်ရာသို့ ရောက်ရှိလာခဲ့သည်။ အရှေ့တိုင်း ကျက်သရေကို ဆောင်ပြီး အလှဆင်ထားသော ဝင်ပေါက်နှင့် ခြံဝန်းကိုမြင်ပြီး ဝမ်းသာသွားသည်။

ဝမ်းပေါက်အဝတွင် ရပ်ပြီး ဟိုတယ်ကို ဓါတ်ပုံ ရိုက်လိုက်သည်။ ထို့နောက် လင်းရှင်ထံ စာရိုက်ပို့လိုက်သည်။

"ငါတို့အိမ်ကို စပြင်နေပြီ။ နောက်ငါးရက်လောက် ဒီနေရာမှာ နေရမယ်။ အခန်း နံပါတ်က ၃၀၂။ ကျောင်းပြီးရင် ဒီကိုလာခဲ့ပါ"

"အစ်ကို။ မင်းနောက်နေတာ မဟုတ်လား"

လင်းရှင်ထံမှ စာသည် ချက်ခြင်း ပြန်ဝင်လာသည်။

လင်းရှင် ကျောင်းသွားသည့် လမ်းနှင့် ဟိုတယ်သည် သိပ်မဝေးသဖြင့် သူမသည် ဟိုတယ် တည်နေရာကို ရင်းနှီးနေသည်။

တစ်ခါတစ်လေ ဓါတ်ပုံရိုက်ရန် ဟိုတယ် ဥယျာဉ်ထဲကိုပင် ရှောက်ရှိ လာတတ်သေးသည်။

'တည်ငြိမ်သော နေထိုင်ရာ' ရှိ အခန်းများသည် ဘယ်လို၊ ဘယ်ပုံ ရှိမလဲဆိုသည်ကို သူမက အမြဲတမ်း သိချင်နေခဲ့သည်။ ထို့ကြောင့် လင်းဟွမ် စာပို့လာသည့်အချိန်တွင် နောက်ပြောင်နေသည်ဟု ထင်နေခဲ့သည်။

လင်းဟွမ်က ဘာမှ မရှင်းပြတော့ပေ။ ထို့အစား သက်သေပြရန် သော့ကဒ်ကို ဓါတ်ပုံရိုက်ပြီး ပို့ပေးလိုက်သည်။

လင်းဟွမ် သတိမထားမိသော အချက်သည် သူဟိုတယ်ထဲသို့ ဝင်လာသည်နှင့် လူတစ်ယောက်၏ မျက်လုံးများက သူ့ကို မမှိတ်မသုန် စိုက်ကြည့်နေခဲ့သည်။

"ဟားဟား။ စိတ်ဝင်စားစရာ ကောင်းတဲ့ လူငယ်လေး ရောက်လာပြီ"

## အခန်း(၉) - ဇိမ်ကျသော ဘဝ။

လင်းဟွမ်သည် 'တည်ငြိမ်သော နေထိုင်ရာ' ရှိ ညေ့်ကြိုခန်းကို လှမ်းကြည့်လိုက်ရာ လီလန်ကဲ့သို့ စတိုင်ကျသော ဟိုတယ် ပိုင်ရှင်ကို တွေ့လိုက်ရလိမ့်မည်ဟု စိတ်ကူးထားခဲ့သည်။ ပိုင်ရှင်ကို တွေ့လိုက်ရသောအခါ သူ့စိတ်ကူးနှင့် ဝေးကွာနေမှန်း သိလိုက်ရသည်။

ပိုင်ရှင်သည် သာမန် လူလတ်ပိုင်းတစ်ဦး ဖြစ်ပြီး အရပ်ပုသည်။ ပိန်ပါး၍ နဖူးပြောင်သည်။

အသက်သည် ၄၀ မှ ၆၀ ကြားဖြစ်နိုင်သောကြောင့် အသက် ခန့်မှန်းရသည်မှာ ခက်လှသည်။ စိတ်ဖိစီးမှုနှင့် အသက်အရွယ်ကြောင့် အရေးအကြောင်း အနည်းငယ်မျှရှိသော အသားအရေကို ပိုင်ဆိုင်ထားသည်။

သူသည် သူ့ခန္ဓာကိုယ်ထက် အလွန်ကြီးသော အဝါရောင်တောက်တောက် အကျႌတစ်ထည်ကို ပေါ့ပေါ့ပါးပါး ဝတ်ဆင်ထားသည်။ အောက်ပိုင်းတွင် ဒူးအောက် အနည်းငယ်ရောက်သော ဘောင်းဘီ တိုကို ဝတ်ဆင်ထားပြီး ပွနေသဖြင့်

လှမ်းကြည့်လိုက်ပါက စကတ် ဝတ်ထားသည်နှင့် တူနေသည်။ ကြည့်ရသည်မှာ တော်တော်လေး အရွယ်အစား ကြီးသည်။

"မင်္ဂလာပါ။ အခန်း ၃၀၂ကို လာတည်းတဲ့ ဧည့်သည်လား။"

ကောင်တာ အနောက်တွင် ရပ်နေသော ကိုထိပ်ပြောင်က အပြုံးချိုချိုလေး ပြုံးပြီး မေးလိုက်သည်။ သန်းရှင်းပြီး တောက်ပြောင်နေသော သွားကို အနည်းငယ် ပေါ်အောင် ထုတ်ဖော်ထားသည်။

“ဟုတ်ပါတယ်။ မင်းက ဒီဟိုတယ်ပိုင်ရှင်ထင်တယ်”

လင်းဟွမ်သည် မှတ်ပုံတင်နှင့် သော့ကဒ်ကို ထုတ်လိုက်ပြီး

“မင်းရဲ့ ခြံကြီးက ခမ်းနားလွန်းတယ်”

“ကျေးဇူးတင်ပါတယ်။ ဒါက ငါ့ရဲ့ဝါသနာတစ်ခုပါ။ ငါ့ရဲ့ဒီဇိုင်းတွေနဲ့ လုပ်ပြီးထားတာလေ”

ပိုင်ရှင်က နှိမ့်ချစွာ ပြောလိုက်သည်။

လင်းဟွမ်သည် ထိုစကားကို မမျှော်လင့်ထားသဖြင့် အံ့အောသင့်သွားသည်။ ခြံကို အလှဆင်ရန် ဒီဇိုင်နာတစ်ဦး ငှားရမ်းခဲ့မည်ဟု ထင်နေခဲ့သည်။ ထိုအစား ကြည့်လိုက်လျှင် မသပ်မရပ် ဖြစ်နေသော ထိုလူက အကောင်းဆုံး လုပ်ဆောင်ခဲ့သည်။

"ဆာ၊ မင်းအခန်းက တတိယထပ် ညာဘက်ခြမ်းကို တည့်တည့် လျှောက်သွားရင် ရောက်လိမ့်မယ်။"

ထိုလူက လင်းဟွမ်ကို သေ့ဝေးရင်း လှေကားကို ညွှန်ပြကာ ပြောလိုက်သည်။

“အိုး ဟုတ်ပြီ။ မင်းရဲ့ဘေးခန်းက ဧည့်သည်က နည်းနည်းဆိုးတယ်။ မနက်တိုင်း ခြံထဲမှာ ဓါးရေး လေ့ကျင့်တယ်။ သူ့ရဲ့ဆူညံသံက မင်းအတွက် အနှောက်အယှက် ဖြစ်မယ်ဆိုရင် ကြိုပြီး တောင်းပန်ပါတယ်”

“ကောင်းပြီလေ။ မှတ်ထားလိုက်ပါ့မယ်”

လင်းဟွမ်သည် ထိုအကြောင်းကို ဆက်မတွေးတော့ဘဲ အပေါ်ထပ်သို့ တက်သွားသည်။

လှေကားကို မဟော်ဂနီဖြင့် ပြုလုပ်ထားသည်။ ညာဘက်လက်ကိုင်နှင့် လက်တန်းကို အသေးစိတ် ထွင်းထုထားသော ခရုပတ် လှေကားတစ်ခု ဖြစ်သည်။ ပုံသဏ္ဍာန်များကို အဓိက အရွက်အမျိုးမျိုးနှင့် ပန်းပွင့်များ ပြုလုပ်ထားသည်။ အဝေးမှကြည့်လျှင် အစစ်နှင့် တူလှသည်။

လင်းဟွမ်က လှေကားပေါ်သို့ တက်လိုက်ရာ ကျွီခနဲ အသံတိုးတိုးလေး မြည်သွားသည်။ ပိုင်ရှင် ညွှန်ပြသည့်အတိုင်း တတိယအထပ်သို့

တက်သွားသည်။ ညာဘက်ကိုလှည့်ပြီး သူ့အခန်း ရောက်သည့်အထိ တည့်တည့် လျှောက်သွားသည်။

ခဏအကြာတွင် အခန်း ၃၀၂ အပြင်ဘက်သို့ ရောက်ရှိလာသည်။ အခန်း ၃၀၁ တွင်နေသော လူက မည်သို့မည်ပုံရှိမလဲ ဆိုသည်ကို သိချင်သောကြောင့် အခန်း ၃၀၁ကို မနေနိုင်ဘဲ လှမ်းကြည့်လိုက်မိသည်။

ထို့နောက် အခန်း ၃၀၂ တံခါးတွင် သော့ကဒ်ကို ကပ်ပြီး တံခါးဖွင့်လိုက်သည်။ အခန်းကို မြင်လိုက်ရာ အံ့အောသင့်သွားသည်။

"ပြည့်ထောင်စု အစိုးရက သက်သောချောင်ချိရေး ငွေကို တော်တော်လေး ထောက်ပံ့တာပဲ 'ဟု တွေးလိုက်မိသည်။

ဒါသည် ဖိမ်ခံအခန်း ဖြစ်သည်။ ဧည့်ခန်းသည် တစ်ရာ စတုရန်းမီတာခန့် ကျယ်ပြန့်သည်။ ဧည့်ခန်းအလယ်တွင် မီးပဒေသာ မီးတစ်လုံးရှိသည်။ မီးသီးများအပြင် ကျန်သည့် အစိတ်အပိုင်းများကို ရွှေစင်ဖြင့် ပြုလုပ်ထားသည်။ အင်မတန်မှလှပပြီး အမှတ်တကယ် ဈေးကြီးသည်။

အခန်း၏ပုံစံသည် ဖိမ်ခံအမျိုးအစား ဖြစ်သော်လည်း ခပ်လျှိုလျှို ဖြစ်နေသည်။ မီးပဒေသာမှလွဲ၍ ကျန်သော အလှဆင်ပစ္စည်းများကို ဟန်တစ်လုံး၊ ပန်တစ်လုံး ဆောက်လုပ်ထားခြင်း မရှိပေ။ ကော်ဇောကိုပင် အနား၌ ရွှေချည်နှင့် ချုပ်ထားသည်။ အနီးကပ် မကြည့်ပါက ဒါသည် ရွှေကြိုးများနှင့် ပြုလုပ်ထားသော ပုံစံတစ်ခုဟု ထင်ရပေသည်။

"ဒီပိုင်ရှင်က တော်တော် ချမ်းသာတာပဲ။ ကော်ဇောမှာတောင် ရွှေအနားသတ်တွေ ထည့်ထားသေးတယ်"

လင်းဟွမ်သည် ငုတ်တုတ်ထိုင်ပြီး အနီးကပ် ကြည့်လိုက်သည်။ ထိုနောက် အံ့အောသင့်စွာ အော်ဟစ်လိုက်သည်။

"တောက်၊ တကယ့် ရွှေအစစ်ဟ"

အနီးကပ် စစ်ဆေးပြီးနောက် သေချာသွားသည်။

ယနေ့ကမ္ဘာတွင် ရွှေသည် ဖိမ်ခံပစ္စည်းများကို အလှဆင်ရာတွင် အဓိကအသုံးပြုသော ရှားပါး သတ္တုတစ်မျိုး ဖြစ်သည်။ ဈေးကြီးပြီး တစ်ဂရမ်လျှင် အကျိုးဆောင် အမှတ် ၃၀၀ ကုန်ကျသည်။ ကော်ဇောကို အမည်မသိ မွန်းစတားများ၏ အရေပြားဖြင့် ပြုလုပ်ထားပြီး ကော်ဇောကို အနားကွပ်ထားသော ရွှေချည်များနှင့်တင် အကျိုးဆောင်အမှတ် တစ်သိန်း ကုန်ကျနေသည်။

လင်းဟွမ်သည် အပေါ်က ပဒေသာမီးကို ကြည့်လိုက်ပြီး ‘ မီးခွက်က ရွှေအစစ်နဲ့

လုပ်ထားတာလား၊ ဒါဆို အကျိုးဆောင်အမှတ် ဆယ်သိန်းလောက် ကုန်ကျနိုင်တယ်’ ဟု ကောက်ချက် ချလိုက်သည်။

အခန်း တစ်ခုလုံးကို သေသေချာချာ ကြည့်ပြီးနောက် တအံ့တအော သက်ပြင်းချလိုက်သည်။ ယခုအခါ၌ ဒီဇိမ်ခံ ဟော်တယ်တွင် နေရသည်ကို အရသာ တွေ့လာသည်။

'ဒီဟိုတယ်ရဲ့ အသက်အသာဆုံး အခန်းက တစ်ညကို အကျိုးဆောင်အမှတ် တစ်ထောင် ကုန်ကျတာ မဆန်းတော့ပါဘူး'

ဟု တွေးလိုက်မိသည်။

အိပ်ခန်းနှစ်ခန်းနှင့် ဧည့်ခန်းတစ်ခု ပါဝင်သည်။ ဧည့်ခန်းသည် ကျယ်ရုံသာမက အခြားအခန်းများ၏ အရွယ်အစားသည်လည်း မသေးလှပေ။ အခန်းတိုင်းတွင် ရေးချိုးခန်းနှစ်ခန်း ပါရှိသည်။

လင်းဟွမ်သည် လေသာဆောင် အောက်ဘက်ရှိ အံ့အောစရာ ကောင်းသော ခြံဝန်းမြင်ကွင်းကို

မြင်နိုင်စေရန် ဘယ်ဘက်ရှိ ပိုကြီးသောအခန်းတွင် အိပ်ရန် ရွေးချယ်လိုက်သည်။

ကန့်လန့်ကာကို ဆွဲဖွင့်ပြီး ပြတင်းပေါက်ကို တွန်းဖွင့်လိုက်သည်။ ဘေးဘက်တွင် ချည်ကြိုးထိုးထားသော စားပွဲနှင့် ကုလားထိုင်များ ရှိသည်။

လင်းဟွမ်သည် လေသာဆောင် ထောင့်သို့ လျှောက်သွားပြီး လက်ရန်းကို ကျော်ကြည့်လိုက်သည်။ ခြံတစ်ခုလုံးကို မြင်နေရသည်။ ဒီထောင့်မှ ကြည့်ပါက

ဥယျာဉ်ကြီးသည် ပို၍ ရင်သပ်ရှုမောဖွယ် ကောင်းလှသည်။

“ငါချမ်းသာလာတဲ့ အချိန်ကျရင် ခြံဝန်ကျယ်တဲ့ အိမ်တစ်လုံးဆောက်ဖို့ ဒီပိုင်ရှင်ကို လာပြီး ဒီဇိုင်းဆွဲခိုင်းရမယ်”

လင်းဟွမ်က ပြုံးပြီး သူ့ဘာသာသူ တွေးလိုက်သည်။

နေ့ခင်းဘက်တွင် လင်းဟွမ်က ဒန်းကုတင်ပေါ်၌ အနားယူနေစဉ် ကျောင်းမှပြန်လာသော

လင်းရှင်သည် 'တည်ငြိမ်သော နေထိုင်ရာ' သို့ တည့်တည့်မတ်မတ် ပြေးလာသည်။

ဟိုတယ်က ဘယ်လိုပုံစံ ရှိမလဲဆိုသည်ကို အလွန် သိချင်နေသဖြင့် မစောင့်နိုင်အောင် ဖြစ်နေသည်။

သို့သော် သူမသည် ဟိုတယ်ဝင်ပေါက်သို့ ရောက်လာသောအခါ အထဲသို့ မဝင်ရဲတော့ချေ။

ထို့နောက် အင်ပါယာနန့်လုံးသား လက်စွပ်ကို အသုံးပြုပြီး လင်းဟွမ်ကို လှမ်းခေါ်လိုက်သည်။

လင်းဟွမ်က ချက်ခြင်း ကောက်ကိုင်လိုက်ပြီး 'ကျောင်းဆင်းပြီလား' ဟု မေးလိုက်သည်။

"အင်း၊ ငါ ဟိုတယ်ဝင်ပေါက်မှာ ရောက်နေပြီ...."

လင်းရှင်က တိုးတိုးလေး ပြောလိုက်သည်။

" အခန်း ၃ဝ၂ကို လာခဲ့'

လင်းဟွမ်သည် ဒန်းကုတင်ပေါ်မှ ဆင်းပြီး လေသာဆောင်တွင် မတ်တပ်ရပ်ကာ လင်းရှင်းအား လက်ဝှေ့ယမ်း ပြလိုက်သည်။

လင်းရှင်သည် လက်ပြနေသော လင်းဟွမ်ကို မြင်လိုက်မှ သူမကို နောက်ပြောင်ရန်အတွက် ဆွဲခေါ်ဖို့ ကြိုးစားနေခြင်း မဟုတ်ကြောင်း နောက်ဆုံး၌ လက်ခံသွားသည်။ သူမက ပြန်ပြီး လက်ဝှေ့ယမ်းပြကာ ဟိုတယ်တံခါးကို ဖြတ်လျှောက်လိုက်သည်။

ခြံဝန်းကို ဖြတ်ပြီးနောက် ဟိုတယ် ဧည့်ကြိုခန်းသို့ ရောက်ရှိသွားသည်။ ပိုင်ရှင်က သူမကို ကြည့်နေသည်ကို မြင်လိုက်လျှင် ချက်ခြင်းရှင်းပြလိုက်သည်။

"ငါက ငါ့အစ်ကိုနဲ့ အတူတူနေတာပါ။ သူ့နာမည်က လင်းဟွမ်ပါ"

"အို။ စောစောလေးကမှ တွေ့ခဲ့တဲ့ ကောင်လေးလား။ အခန်း ၃၀၂မှာ နေတယ်။ အဲဒါက တတိယ ညာဘက်မှာ ရှိတယ်။'

ဟိုတယ်ပိုင်ရှင်က သူမကို ခေါင်းညိတ်ပြရင်း ပြန်ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

လင်းရှင်သည် ထိုသို့ပြောပြီးနောက် လှျာလေး တစ်လစ်ထုတ်ကာ လှေကားပေါ်ကို ပြေးတက်သွားသည်။

အခန်းသို့ရောက်လျှင် တံခါး ဖွင့်ထားသည်။ လင်းရှင်သည် အခန်း နံပါတ်ကို တစ်ချက် ကြည့်လိုက်လျှင် အခန်း မမှားပေ။

“အခန်း ၃၀၂ပဲ”

အတည်ပြုပြီးနောက် အခန်းထဲသို့ ဝင်လိုက်သည်။

“ဝိုး....”

အခန်း အလှဆင်ထားမှုကို သဘောကျသွားသည်။

“လှတယ် မဟုတ်လား”

လင်းဟွမ်က လျှောက်လာပြီး သစ်သီးဖျော်ရည်တစ်ခွက် ပေးလိုက်သည်။

“လှတယ်”

လင်းရှင်သည် ခေါင်းကို သွက်သွက်လေး ငြိမ့်ပြပြီး သစ်သီးဖျော်ရည်ကို သံသယစိတ်ဖြင့် လှမ်းကြည့်နေသည်။

ထို့နောက် 'သစ်သီးဖျော်ရည် အတွက် ပိုက်ဆံ ပေးရမှာလား' ဟု မေးလိုက်သည်။

"မဟုတ်ဘူး။ အကုန်လုံးပါတယ်။ အခန်းထဲက အစားအသောက်နဲ့ ဖျော်ရည်၊ ယမကာတွေတောင် အခမဲ့ပဲ။ ဟိုတယ်ပိုင်ရှင်နဲ့ အခုပဲ အတည်ပြုထားတယ်"

လင်းဟွမ်က ပြုံးပြီး ပြန်ပြောလိုက်သည်။

ထို့နောက် လင်းရှင်သည် စိတ်အေးသွားကာ ဖျော်ရည်ကို လှမ်းကြည့်လိုက်သည်။ တစ်ငုံသောက်ပြီးနောက် မျက်လုံးများ အရောင်

တောက်ပလာသည်။ ဖျော်ရည်ကို ဂလု။ ဂလုနှင့် အသံမြည်အောင် သောက်ပြီးနောက်

"အရသာ ရှိလိုက်တာ။ အစ်ကို ဒါကဘာလဲ"

"မသိဘူး။ ဟိုတယ်ပိုင်ရှင်က ဒီဖျော်ရည်ကို သူ့ဘာသာသူ လုပ်တာလို့ ပြောတာပဲ။ စိတ်ငြိမ် လက်ဖက်ရည် လို့ခေါ်တယ်။ အဓိကပ ပါဝင်ပစ္စည်းက မွန်းစတားအပင်ရဲ့ အမြစ်ပဲ။ အရမ်း ကောင်းတယ်လို့ ထင်တာပဲ"

လင်းဟွမ်သည် ဒီနေ့တွင် နှစ်ခွက် သောက်ခဲ့သေးသည်။ အချို ကြိုက်သူမဟုတ်သော်လည်း ဒီဖျော်ရည်ကို မသောက်ရန် စိတ်မထိန်းနိုင်ခဲ့ပေ။

"ဒီက အစားအသောက်က တော်တော်လေး အရသာရှိတယ်။ မင် ဗိုက်ဆာရင် အခုပဲ ညစာ သွားစားရအောင်"

လင်းဟွမ်သည် ဟိုတယ်၌ နေ့လည်စာစားခဲ့ပြီး အလွန် အရသာရှိကြောင်း သိနေသည်။

လင်းရှင်သည် လင်းဟွမ် မမေးခင်ကပင် ဗိုက်ဆာနေသည်။ ယခုမူ လင်းဟွမ်က သူတို့

ကျေးသောအစာများက အလွန် အရသာရှိသည်ဟု ပြောလိုက်သဖြင့် စိတ်လှုပ်ရှားလာသည်။

ထို့နောက် ဒုတိယအထပ်ရှိ စားသောက်ဆိုင်သို့ သွားလိုက်ကြသည်။

သူတို့ ရောက်သွားသော အချိန်၌ စားသောက်ဆိုင်တွင် ညှော်သည့် နှစ်ယောက် ရှိနေသည်။ မုဆိုးတွေ ဖြစ်နိုင်ချေများသည်။ သူတို့သည် မနေ့ညက မွန်းစတားများကို ရှာဖွေခဲ့ကြသော အဖွဲ့တွင် ပါဝင်ခဲ့ကြပုံရသည်။

ညစာသည် ဘူဖေးဖြစ်သည်။ ဟင်းပွဲအားလုံးကို ပန်းကန် သေးသေးလေးများ အပေါ်တွင် ခင်းထားသည်။ နှစ်ယောက်စလုံးသည် ပန်းကန်ထဲမှ အများစုက ဘာတွေလည်း ဆိုသည်ကို သေသေချာချာ မသိသော်လည်း မီးဖိုထဲက ထွက်လာသလို ပူပူနွေးနွေးလေး ဖြစ်နေသဖြင့် ဝမ်းသာသွားသည်။

သူတို့ နှစ်ယောက်သည် ပန်ကန်းသေးသေးလေးများကို စားပွဲတစ်ခုပေါ်

ယူသွားပြီး တင်လိုက်သည်။ ထို့နောက် အမုန်း ဆွဲကြတော့သည်။

စားသောက်ဆိုင်၌ လူသိပ်မရှိပေ။ လင်းရှင်နှင့် လင်းဟွမ်တို့ အစားပုံထဲ၌ ခေါင်းနှစ်နေချိန် အများစုသည် အချင်းချင်း စကား ပြောဆိုနေကြသည်။

ရုတ်တရုတ် စကားပြောသံများ တိတ်ဆိတ်သွားပြီး စားသောက်ဆိုင် တစ်ခုလုံး တိတ်ဆိတ်သွားသည်။

လူတိုင်းက တံခါးပေါက်ဘက်သို့ လှမ်းကြည့်နေကြသဖြင့် လင်းဟွမ်နှင့် လင်းရှင်တို့လည်း လိုက်ကြည့်လိုက်ကြသည်။

## အခန်း(၁၀) - စွမ်းရည် ကဒ် အပိုင်းအစများ။

တံခါးဝ၌ အနက်ရောင် ချုပ်ဝတ်တန်ဆာ ဝတ်ဆင်ထားသော အရပ်ရှည်ရှည် လူတစ်ယောက် မတ်တပ်ရပ်နေသည်။ ကြည့်ရသည်မှာ အရပ်က နှစ်မီတာခန့် ရှိလိမ့်မည်။ ဟိုတယ် ပိုင်ရှင်ကဲ့သို့ပင် ထိပ်ပြောင်သည်။

မျက်နှာတစ်ခုလုံးတွင် အမွေးငုတ်တိုလေးများက အမှိုက်ကဲ့သို့ ပြည့်နှက်နေပြီး ဘယ်ဘက်မျက်လုံးမှ မေးစေ့အထိ ရှည်လျားသော အမာရွတ်တစ်ခု

ရှိသည်။ ပျက်ရှဒဏ်များနှင့် အမာရွတ်များကြောင့် ဘယ်ဘက်မျက်လုံးသည် မျက်ဖြူဆံ မရှိဘဲ ကန်းနေပုံရသည်။ မျက်လုံးအိမ် မရှိပေ။ အမာရွတ်နှင့် မျက်လုံးက သူ့မျက်နှာ၏ ရက်စက် ကြမ်းကြုတ်မှုကို ထပ်ပေါင်းအားဖြည့် ပေးထားသည်။

သူ့မျက်နှာနှင့် အမူအရာကြောင့် ပတ်ဝန်းကျင်ရှိ လူများသည် ကျောအေးသွားကြသည်။

အရပ်ရှည်သောလူသည် စားသောက်ဆိုင်ထဲသို့ ဝင်လာသောအခါ သူက လူတိုင်းကို လိုက်ကြည့်သည်။ လူအများက အကြည့်ခြင်း

မဆုံမိအောင် ခေါင်းငုံ့ထားကြသည်။ လင်းဟွမ်ပင် မျက်လုံးချင်း မဆုံမိအောင် အကြည့်လွှဲထားသည်။ လင်းဟွမ်သည် လင်းရှင်၏ကျောကို လက်နှင့် ပွတ်သပ်ကာ အစာကို နည်းနည်းမြန်အောင်စားရန် အချက်ပြလိုက်သည်။

အံအောစရာ ကောင်းသည်မှာ ထိုလူသည် အစားအစာများကို ထည့်ပြီးနောက် လင်းဟွမ်နှင့် လင်းရှင်တို့ထံ လျှောက်သွားသည်။ ထို့နောက် စားပွဲခုံက ထိုင်ခုံတစ်ခုမှာ ယူထိုင်လိုက်သည်။

ထို့နေရာသည် လင်းဟွမ်နှင့် မျက်နှာချင်းဆိုင်နေရာ ဖြစ်နေသည်။

လင်းဟွမ်က လှမ်းကြည့်လျှင် မတော်တဆ အကြည့်ခြင်း ဆုံသွားကြသည်။ သို့သော် သူတို့ နှစ်ယောက်စလုံးသည် တစ်ယောက်နှင့်တစ်ယောက် အကြည့်မလွဲကြပေ။ ထိုအစား တစ်ယောက်ကို တစ်ယောက် အကဲခတ်နေကြသည်။

လင်းဟွမ်သည် ထိုလူက သူ့ကို ရွေးချယ်ခဲ့သည်မှာ တော်တော်လေး ထူးဆန်းနေသည်ဟု ထင်နေသည်။ လင်းရှင်ကို

ဖယ်လိုက်ပြီး စာသောက်ဆိုင်ထဲမှ လူဆယ်ယောက်ထဲတွင် သူက အညံ့ဆုံးနှင့် အဆင်းရဲဆုံးဆိုသည်မှာ သေချာသည်။ ထိုလူက သူ့ကို သတိထားမိစရာအကြောင်း မရှိနိုင်ပေ။

'ငါက တစ်ခါမှ မမြင်ဖူးတဲ့ မျက်နှာသစ် ဖြစ်နေလို့ထင်တယ်'

လင်းဟွမ်က ကောက်ချက် ချလိုက်သည်။

ညစာစားပြီးသည်နှင့် သူတို့နှစ်ယောက်လည်း မတ်တပ် ထရပ်လိုက်သည်။ လင်းရှင်လည်း သူမ၏

ဇွန်းနှင့်ခရင်းကို ချကာ သူတို့ထံ လမ်းလျှောက်လာသည်။

လင်းဟွမ်သည် မမြင်ချင်ယောင်ဆောင်ကာ လင်းရှင်ကို ဆွဲခေါ်ပြီး စားသောက်ဆိုင်ထဲမှ အမြန် ထွက်သွားလိုက်သည်။

တတိယအထပ်သို့ ရောက်သောအခါ ထိုလူလည်း ပါလာသည်။ သူတို့ ညာဘက်ကို လှည့်လိုက်သည့် အချိန်မှာလည်း ထိုလူ ပါလာသေးသည်။

လင်းဟွမ်သည် လင်းရှင်ကို သူ့ကျောဘက်သို့ ပို့ကာ မျက်မှောင်ကြုတ်ပြီး မေးခွန်း ထုတ်လိုက်သည်။

"ဘာလို့ ငါတို့နောက်ကို လိုက်နေတာလဲ"

"ဒါက ငါ့အခန်းကို သွားတဲ့လမ်းပဲ"

ထိုလူက လင်းဟွမ်ကို စိုက်ကြည့်ပြီး ပြန်ဖြေသည်။ သူတို့ကို ကျော်တက်သွားပြီး စင်္ကြံအဆုံးအထိ ဆက်လျှောက်သွားသည်။ ထို့နောက် အခန်း ၃၀၁ ရှေ့တွင်ရပ်ကာ အခန်းထဲသို့ ဝင်သွားသည်။

လင်းဟွမ် ရှက်သွားသည်။ လင်းရှင်နှင့်အတူ အခန်းထဲသို့ ပြန်လာခဲ့သည်။

“အစ်ကို၊ အဲဒီလူက အရမ်း ကြောက်ဖို့ကောင်းတာပဲ”

တံခါးပိတ်ပြီးနောက် လင်းရှင်က ပြောလိုက်သည်။

“ခုနက ငါတို့ဆီပြေးလာတော့ သူ့ကိုလူဆိုးလို့ ထင်နေခဲ့တယ်”

“စိတ်မပူပါနဲ့။ နေ့ခင်းကြောင်တောင် ကြီးပါ။ သူက လူဆိုးဖြစ်နေရင်တောင် ငါတို့ ကြောက်စရာ

မလိုပါဘူး။ နောက်ပြီးတော့ ဒီဟိုတယ်ထဲမှာ မုဆိုးတွေ အများကြီးရှိတယ်။ ဘာဖြစ်လို့ ကြောက်ရမှာလဲ”

လင်းဟွမ်က လင်းရှင် စိတ်အေးသွားစေရန် မျှော်လင့်ပြီး ပြောလိုက်သည်။ လင်းဟွမ်သည် အခန်း၃၀၁ မှ ညော့်သည်က ညနက် သန်းခေါင်အချိန်တွင် ဥယျာဉ်ထဲ၌ ခါးလေ့ကျင့်လေ့ရှိသည့် ထူးဆန်းသော လူတစ်ယောက်ဖြစ်ကြောင်း ပိုင်ရှင်က ပြောခဲ့သည်ကို ပြန်သတိရသွားသည်။

"သူက တကယ် ထူးဆန်းတာပဲ"

လင်းဟွမ်သည် သူဘာသာသူ တွေးနေလိုက်သည်။

ညစာစားပြီးနောက် လင်းဟွမ်သည် ယခင်က တန်ပြန်မုဆိုး အကဲဖြတ်မှု ဗီဒီယိုဖိုင် အပြောင်းများကို ဆက်ကြည့်နေခဲ့သည်။ မုဆိုး အဖွဲ့အစည်းသည် အကဲဖြတ်ဗီဒီယို အပြည့်အစုံကို မည်သည့်အခါမှ ထုတ်ပြန်မည် မဟုတ်ပေ။

တမူ ထူးခြားသော လုပ်ဆောင်ချက်အချို့ကိုသာ ထုတ်ပြန်တတ်သည်။ ဒါသည် အကဲဖြတ်မှုအတွက်

လျှောက်ထားမည့် လူအရေအတွက်ကို ပိုမို ဆွဲဆောင်နိုင်ရန် ကြေငြာတစ်ခု ဖြစ်သည်။

လင်းဟွမ်သည် ထိုလုပ်ရပ်များကို ကြည့်ရန် မဟုတ်ပေ။ သူလိုချင်သည်မှာ အကဲဖြတ်မှုအတွက် အထောက်အကူ ဖြစ်စေနိုင်သည့် အကဲဖြတ်သူများ၏ တွေးခေါ်ပုံနှင့် ပက်သက်သော အကြောင်းအရာများ ဖြစ်သည်။

ဗီဒီယို အခုနှစ်ဆယ်ကျော်ကြည့်ပြီး စာရွက်စာတမ်းအချို့ ဖတ်ခဲ့သည်။ မကြာခင် သန်းခေါင်ယံ အချိန်ရောက်လာသည်။

လင်းရှင်က သွားတိုက်ပြီး အိပ်ရာဝင်သွားသည်။ လင်းဟွမ်သည် နှလုံးသားကွန်ရက်ကို ပိတ်ကာ မတ်တပ်ထရပ်ကာ အပျင်းကြော တစ်ချက် ဆန့်လိုက်သည်။ ထို့နောက် အိပ်ရာမဝင်ခင် ရေးချိုးလိုက်သည်။

လင်းဟွမ် အိပ်ရာဝင်ပြီး မိနစ်ပိုင်းခန့် အကြာတွင် စကြံ၌ လူတစ်ယောက်ယောက်က တံခါးပိတ်လိုက်သည့်အသံကို ကြားလိုက်ရသည်။

လက်စွပ်မှ နာရီကို ကြည့်လိုက်သည်။ အချိန်က ၁၂ နာရီ။

လင်းဟွမ် တွေဝေသွားသည်။ ထို့နောက် ထထိုင်ကာ လေသာဆောင် တံခါးကို တွန်းဖွင့်လိုက်သည်။ ညဝတ်အင်္ကျီဝတ်ကာ လေသာဆောင် အောက်ဘက်ရှိ ခြံဝန်းထဲသို့ လှမ်းကြည့်လိုက်သည်။

ဥယျာဉ် အဝင်ဝ အနီးတွင် မီးလုံးကြီး နှစ်လုံးရှိပြီး ဥယျာဉ် ကြီးတစ်ခုလုံးက လင်းထိန်းနေသည်။

ချုံပုတ်များအတွင်းက ပိုးကောင်များ၏ အော်မြည်သံများ ထွက်ပေါ်နေသည်။

ခဏအကြာ အမာရွတ်နှင့်လူသည် ဟိုတယ်တံခါးမှ ထွက်လာသည်။

ဘယ်ဘက်လက်ထဲတွင် အနက်ရောင်ခါးတစ်လက်ကို ကိုင်ထားပြီး ဥယျာဉ်ဘယ်ဘက်ခြမ်းရှိ မြင်ခင်းပြင်ပေါ်ကို လျှောက်သွားသည်။

လင်းဟွမ်သည် ထိုကဲ့သို့ ခါးများ၏ စျေးနှုန်းအတိုင်းအတာကို လုံးဝ မသိပေ။ ထူးထူးဆန်းဆန်းသူစိုးရိမ်နေသည်မှာ ထိုလူ နင်း၍ပိသွားသောမြက်ပင်များအတွက်သာ ဖြစ်သည်။

“ဒီလူက မြက်ခင်းကို နေ့တိုင်းဖျက်ဆီးပြီး ပိုင်ရှင်ကို ပြင်ခိုင်းနေတာလား”

ထိုလူသည် သူရှိသည့် နေရာမှာပင် မျက်လုံးမှိတ်ပြီး မတ်တပ်ရပ်နေသည်။ ရုတ်တရုတ် ဓါးကိုမြှောက်ပြီး သူ၏ညာဘက်ကို တစောင်း ခုတ်ချလိုက်သည်။

လင်းဟွမ် အံ့အောသွားသည်။ ယခုလက်ရှိ သူချို့တဲ့နေသည့် အရာမှာ တိုက်ခိုက်ရေးအစွမ်း ဖြစ်သည်။ ထို့နောက် ထိုလူ လှုပ်ရှားသမျှကို လိုက်ကြည့်နေသည်။

သူ၏နည်းစနစ်အရ ပုံစံ ၁၈ မျိုးရှိသည်။ သူသရုပ်ပြနေသော နည်းစနစ်သည် မယုံနိုင်စရာ ကောင်းလောက်အောင် ပြင်းထန် ကြမ်းတမ်းလွန်းသည်။ လင်းဟွမ် ခိုးကြည့်နေသည်ကိုလည်း သတိမထားမိချေ။ သူသည် တူညီသောနည်းစနစ်ကို သုံးကြိမ်သုံးခါ ကစားပြီး ဓါးကို ဓါးအိပ်ထဲထည့်ကာ ဟိုတည်ထဲ ပြန်ဝင်သွားသည်။

လင်းဟွမ်သည် နည်းစနစ်ကို အလွတ် ကျက်မှတ်ပြီး လက်ဗလာဖြင့် လေ့ကျင့်လိုက်သည်။

တော်တော်လေး စိတ်မကျေနပ်စရာပင်။ ထို့နောက် သိုလှောင်ရာ နေရာလွတ်ထဲမှ ဓါးကိုထုတ်ယူပြီး လက်တွေ့ လေ့ကျင့်လိုက်သည်။

လင်းဟွမ်သည် တကယ် မှတ်ဉာဏ်ကောင်းသဖြင့် စောစောတုန်းက ထိုလူလေ့ကျင့်ခဲ့သော ပုံစံ ၁၈ မျိုးကို ပြန်ပြီး လေ့ကျင့်နိုင်ခဲ့သည်။

လေ့ကျင်မှုအပေါ် အာရုံစိုက်နေသဖြင့် ထိုလူ မည်သည့်လမ်းကြောင်းမှ ထွက်ခွာသွားသည်ကို သတိမထားလိုက်မိပေ။

လင်းဟွမ် ငါးကြိမ်မြောက် လေ့ကျင့်ပြီးသည့်အချိန်၌ ကျယ်လောင်သော အကြောင်းကြားချက် ထွက်ပေါ်လာပြီး သူ့ရှေ့တွင် ဖောက်ထွင်းမြင်ရသော သေတ္တာတစ်လုံး ပေါ်လာသည်။

"မဟာခါးကျမ်း စွမ်းရည်ကဒ်တစ်ပိုင်း ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။"

လင်းဟွမ်သည် ထိုအကြောင်းကြားချက်ကို ကြားလိုက်လျှင် စိတ်လှုပ်ရှားသွားသည်။ ပို၍ လေ့ကျင့်ချင်စိတ် ဖြစ်လာသည်။

“ဒါတွေကို စွမ်းရည် ကာဒ်အဖြစ် ပေါင်းစည်းသွားအောင် ဘယ်လောက် စုစည်းရမလဲဆိုတာ ငါမသိဘူး။ ဒါပေမယ့် ဂရုလည်း မစိုက်ဘူး။ ဒီညတော့ အကြိမ်ရာဂဏန်းလောက် လေ့ကျင့်ရမယ်။ အဲဒီအချိန်ကျရင် စွမ်းရည်ကာဒ် အပြည့် ဖြစ်လာမယ်ဆိုတာ သေချာတယ်”

သို့သော် နောက်ထပ် သုံးကြိမ် ထပ်လေ့ကျင့်သော်လည်း ဘာဆုမှ ထပ်မရတော့ချေ။

“ငါးကြိမ်လေ့ကျင့်မှ တစ်ခါ ဆုပေးမှာလား”

နောက်ထပ် နှစ်ကြိမ် ထပ်လေ့ကျင့်ခဲ့သော်လည်း ဘာမှ မရရှိခဲ့ပေ။

"ဘာဖြစ်တာလဲ"

လင်းဟွမ်သည် ထူဆန်းသည်ဟု ထင်နေသည်။

"ဒါက လေ့ကျင့်မှု ပမာဏနဲ့ မဆိုင်ဘူးလား။ ဒါဆိုဘာဖြစ်မလဲ။"

သူ သိချင်လာသည်။

လင်းဟွမ်သည် သံသယစိတ်ဖြင့် ရှစ်ကြိမ်မြောက်အထိ လေ့ကျင့်လိုက်သည်။ ရုတ်တရတ် အကြောင်းကြားချက် ထွက်ပေါ်လာသည်။

“မဟာခါးကျမ်း စွမ်းရည်ကဒ်တစ်ပိုင်း ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

“ငါ နောက်တစ်ခု ရပြီကွ။ ဒါက ကြံ့ညသလို ပေးတာဖြစ်နေမလား”

လင်းဟွမ်သည် မနေနိုင်တော့ဘဲ

"ရှောင်ဖိန်၊ စွမ်းရည်ကဒ်တွေက ကြံ့သလို လာတာလား"

"မဟုတ်ဘူး။ စွမ်းရည်တစ်ခုရဲ့ ၈၀ ရာခိုင်နှုန်းထက်ကျော်လွန်မှ ထိရောက်တဲ့ လေ့ကျင်မှုတစ်ခုလို့ သတ်မှတ်တယ်။ ထိရောက်တဲ့ လေ့ကျင့်မှု တစ်ခုစီတိုင်းအတွက် စွမ်ရည်ကဒ်တစ်ခု ချီးမြင့်တယ်။ ထပ်ခါထပ်ခါ မလုပ်ဘူးဆိုရင်တော့ စွမ်းရည်ကဒ်အပိုင်းတွေ ပိုရလာမှာ မဟုတ်ဘူး။ တစ်ရာရာခိုင်နှုန်း ထိရောက်တဲ့ လေ့ကျင့်မှု လုပ်ရင်တော့ စွမ်းရည်ကဒ်အပိုင်းတွေ ပိုရမယ်"

ရှောင်ဖိန်၏ ပြန်ကြားချက်က လင်းဟွမ်အတွက် အများကြီး အထောက်အကူ ဖြစ်ခဲ့သည်။

"ဒါပဲပေါ့။ ငါ စွမ်းရည်ကာဒ်အပိုင်းတွေ မရတဲ့ အခေါက်တိုင်းက ထိရောက်မှု ရှစ်ဆယ် ရာခိုင်နှုန်းထက် နည်းလို့ပေါ့။ ငါးကြိမ်မြောက် လေ့ကျင့်တဲ့ အချိန်ကျမှ အောင်မြင်ခဲ့တယ်။ ဒါပေမယ့် နောက်ပိုင်းမှာ ဘာမှမရခဲ့ဘူး။ တူညီတဲ့စံနှုန်းနဲ့ ထပ်ခါတလဲလဲ ငါးကြိမ် လုပ်ခဲ့လို့ပေါ့"

လင်းဟွမ်က ကောက်ချက် ချလိုက်သည်။

ယခုတော့ နားလည်လာသဖြင့် သူ၏ လေ့ကျင့်မှုများကို ပိုပြီး အလေးအနက် ထားလာခဲ့သည်။ ဥယျာဉ်ထဲ၌ ထိုလူ လှူပ်ရှားခဲ့သမျှကို ပြန်လည် မြင်ယောင်ကြည့်ပြီး တတ်နိုင်သမျှ လေ့ကျင့်လိုက်သည်။ တစ်ရာ ရာခိုင်နှုန်း မထိရောက်သည့်တိုင်အောင် တတ်နိုင်သမျှ စွမ်းရည်ကဒ်များစွာကို ရယူချင်ခဲ့သည်။

အထပ်ထပ်အခါခါ လေ့ကျင့်ခဲ့သည်။

နောက်တစ်နေ့ နံနက် မိုးလင်းသောအခါ လင်းဟွမ်သည် အကြိမ်တစ်ရာကျော် လေ့ကျင့်ခဲ့သည်။

ထို့နောက် ပင်ပန်းနွမ်းနယ်စွာ အခန်းထဲသို့ ပြန်သွားခဲ့သည်။

သို့သော် စွမ်းရည်ကဒ်အပိုင်းများကို ရရှိနိုင်သော အခွင့်အရေးသည် နှစ်ဆယ်ရာခိုင်နှုန်းသာ ရှိပြီး ထိုတစ်ညလုံးအတွက် နှစ်ဆယ့် တစ်ပိုင်းသာ ရရှိခဲ့သည်။

## အခန်း(၁၁) - မဟာခါးကျမ်း အပိုင်းတစ်။

နောက်တစ်နေ့ မနက်၌ လင်းဟွမ်သည် အခန်းထဲတွင် တစ်နေကုန် အိပ်နေခဲ့သည်။ မနက်ပိုင်းတွင် လင်းရှင် ထွက်သွားသည်ကိုပင် သတိမထားခဲ့မိပါ။

လင်းရှင် ကျောင်းကပြန်ရောက်မှ နိုးလာခဲ့သည်။ ထို့နောက် လင်းရှင်နှင့်အတူတူ ဒုတိယအထပ်တွင် နေ့လည်စာ စားခဲ့သည်။

စားသောက်ဆိုင်ထဲတွင် အခန်း ၃၀၁ တွင် နေထိုင်သော အမာရွတ် အမျိုးသားနှင့် ဝင်တိုက်မိသည်။ လင်းဟွမ်က ပြုံးပြလိုက်သော်လည်း အမာရွတ်နှင့်အမျိုးသားက အမူအရာ ကင်းမဲ့စွာ ခေါင်းညိတ်ပြသည်။

ညဘက် ရောက်သောအခါ လင်းရှင်က အိပ်ရာဝင်သွားပြီး လင်းဟွမ်သည် အမာရွတ် အမျိုးသားကိုပင် မစောင့်တော့ဘဲ လေသာဆောင်တွင် ဓါးသိုင်းကို စတင် လေ့ကျင့်ခဲ့သည်။ တတိယ ကြိမ်မြောက်

လေ့ကျင့်ပြီးသောအခါ၌ ပန်းခြံထဲတွင် လေ့ကျင့်နေသော အမာရွတ် အမျိုးသားနှင့် လူကို တွေ့လိုက်ရသည်။

ဒီတစ်ကြိမ်တွင် လင်းဟွမ်သည် သူလေ့ကျင့်နေမှုကို မမှိတ်မသုန် စိုက်ကြည့်နေခဲ့သည်။ နည်းစနစ် အပြည့်အစုံကို တစ်ဆင့်ပြီး တစ်ဆင့် ရှင်းရှင်းလင်းလင်း မြင်နေရသည်။

ထိုအမျိုးသား ဟိုတယ်ထဲသို့ ပြန်ဝင်သွားသည်နှင့် လင်းဟွမ်က သူမြင်ခဲ့သည့်အတိုင်း လေ့ကျင့်လိုက်သည်။

ထိုညတွင် အကြိမ်တစ်ရာကျော် လေ့ကျင့်ခဲ့ပြီး စွမ်းရည်ကဒ် အပိုင်းအစ ၃၆ခု ရရှိခဲ့သည်။

မနေ့ညက သူရရှိထားသော စွမ်းရည်ကဒ် အပိုင်းအစ စုစုပေါင်း ငါးဆယ့်ခုနှစ်ခု ရှိနေသည်။

ကံမကောင်းစွာဖြင့် စွမ်းရည်ကဒ် တစ်ခု ဖွဲ့စည်းရန် မလုံလောက်သေးပေ။

သုံးရက် မြောက်နေ့တွင် လင်းဟွမ်သည် နေ့ခင်းဘက် လင်းရှင် ကျောင်းမှ ပြန်ရောက်လာသည့်အချိန်အထိ အိပ်ပျော်နေခဲ့သည်။

“အစ်ကို၊ ညအိပ်မပျော်တဲ့ ရောဂါ ခံစားနေရတာလား”

လင်းရှင်က စိုးရိမ်တကြီး မေးလိုက်သည်။

“အင်း။ နည်းနည်းလေးပါ”

လင်းဟွမ်သည် လင်းရှင်ကို အကြောင်းပြချက် ရှင်းပြစရာမလိုအောင် သူမ ပြောသည့်အတိုင်း ဝန်ခံလိုက်သည်။

"ဒါဆိုလည်း မင်းက နေ့ခင်းဘက်မှာ ပိုအပ်သင့်တယ်။ နောက်ပိုင်း ညစာကို မင်းအတွက် ငါယူလာပေးမယ်"

လင်းရှင်သည် သူမ၏အစ်ကိုအတွက် တစ်ခုခု လုပ်ပေးရသဖြင့် ဝမ်းသာနေပုံရသည်။

"ကောင်းပြီလေ။ ငါအိပ်ပြီးတာနဲ့ အတူတူ သွားစားကြတာပေါ့"

လင်းဟွမ်က ပြောလိုက်သည်။ လင်းရှင်၏ ကမ်းလှမ်းချက်ကို ကြားရသည်မှာ ကြည်နူးစရာကောင်းသော်လည်း သူမကို ဒုက္ခမပေးချင်ပေ။

"အို၊ ဟုတ်ပြီ။ ဟိုတယ်ပိုင်ရှင်က ငါတို့အိမ်ကနေ လာပို့ထားတဲ့ပစ္စည်း ရှိတယ်ပြောပြီး ဒါကို ယူလာခဲ့တယ်"

လင်းရှင်သည် သူမ၏ သိုလောင်ရာ နေရာလွတ်ထဲမှ သေတ္တာတစ်လုံးကို ထုတ်ယူရင်း ပြောလိုက်သည်။

"ပစ္စည်းလာပို့တာလား။ အခုတလော ဘာမှ မဝယ်ခဲ့ပါဘူး"

လင်းဟွမ်က သေတ္တာကို လှမ်းကြည့်ရင်း ပြောလိုက်သည်။ ဒါသည် မုဆိုးအဖွဲ့အစည်း အပိုင်း ၇မှ ပါဆယ်ထုတ်ဖြစ်သည်။ တစ်နေ့က သွေးစုပ်ဖုတ်ကောင်ကို သတ်လိုက်သဖြင့် ရရှိလာသော ဆုလာဘ်ဖြစ်နိုင်ကြောင်း ရုတ်တရက် ပြန်သတိရသွားသည်။

“ကြေးအဆင့် သွေးစုပ်ဖုတ်ကောင်ကို သတ်လိုက်တဲ့ မုဆိုး အဖွဲ့အစည်းက ဘာဆုလာဘ်တွေ ပေးမလဲဆိုတာ တွေးမိတယ်”

လင်းဟွမ်သည် သေတ္တာကို စိုက်ကြည့်ရင်း မျှော်လင့်ချက်ကြီးစွာ တွေးလိုက်သည်။

ဒါသည် အနက်ရောင် ခရီးဆောင်အိတ်နှင့် တွဲထားသော စာအိတ်တစ်ခု ဖြစ်သည်။

ခရီးဆောင်အိတ်ကို ဖွင့်ရန် ဂဏာန်းလေးလုံး ကုဒ်တစ်ခု လိုအပ်သည်။

စာအိတ်ကို စုတ်ဖြဲပြီး အထဲမှ စာတစ်စောင် ထုတ်ယူလိုက်သည်။

သူ သံသယ ရှိနေသည့်အတိုင်း ဒါသည် သွေးစုပ်ဖုတ်ကောင်ကို သတ်လိုက်သည့်အတွက် မုဆိုးအဖွဲ့အစည်းမှ ပေးသော ကျေးဇူးတင်လွှာတစ်ခု ဖြစ်နေသည်။ မှတ်စုအဆုံးတွင် ဆုအဖြစ် ပေးထားသော ခရီးဆောင်အိတ်ကို ဖွင့်ရန်အတွက် ကုဒ်တစ်ခုကို ဖော်ပြထားသည်။

လင်းဟွမ်သည် အံ့အောသင့်စွာ ရေရွတ်လိုက်သည်။

“ မုဆိုးအဖွဲ့အစည်းက အရမ်း ရက်ရောတာပဲ”

ကုဒ်နံပါတ်မှာ ၇၁၀၁ ဖြစ်ပြီး လင်းဟွမ်က ကုဒ်နံပါတ်ကို ချက်ခြင်း ရိုက်ထည့်လိုက်သည်။ အထောက်အထား စီစစ်သော မျက်နှာပြင် ပေါ်လာသည်။ လင်းဟွမ်သည် ဝင်ရောက်ကြည့်ရှုသည့်အကြောင်းကို အတည်ပြုရန် သူ၏ အင်ပါယာ နှလုံးသား လက်စွပ်ဖြင့် စကန်ဖတ်လိုက်သည်။

ထို့နောက် ခရီးဆောင်အိတ်ကို ခလုတ်နှိပ်ပြီး ဖွင့်လိုက်သည်နှင့် အိတ်ထဲမှ ပစ္စည်းများသည် သူ့ကို ဖုံးလွှမ်းသွားသည်။

"ဒါက သေနတ်လား"

လင်းရှင်က မေးလိုက်သည်။

"ဟုတ်တယ်။ လင်းယုန် ကုမ္ပဏီရဲ့ နောက်ဆုံးထွက် သံအဆင့် သေနတ်အနက်ရောင် လင်းယုန် ၃၃ ပဲ။ ပစ္စတို ဒါမှမဟုတ် စနိုက်ပါအဖြစ် ပြောင်းလဲနိုင်တယ်။ ဒါက ဈေးကွက်ထဲမှာရှိတဲ့ အကောင်းဆုံး သံအဆင့် သေနတ်တစ်လက်ပဲ။

ဈေးနှုန်းက ကြေးအဆင့် သေနတ် တချို့ထက်တောင် ဈေးကြီးသေးတယ်”

လင်းဟွမ်က သေနတ်ကို ကိုင်တွယ် လှေ့လာကြည့်နေရင်း ပြောလိုက်သည်။

ဒီသေနတ်၏ ကြမ်းတမ်းသော အသွင်အပြင်သည် မဆန်းတော့ချေ။ ဒါသည် သူပိုင်ဆိုင်ထားသော မီးခိုရောင် လင်ယုန် ၁၇ ထက် အဆပေါင်းများစွာ သာလွန်သည်။ သေနတ်တစ်ခုလုံးကို ငွေရောင် အစင်းကြောင်းများ ပြည့်နက်နေသော အနက်ရောင်

သတ္တုနှင့် ပြုလုပ်ထားသည်။ ကြည့်ရသည်မှာ တော်တော်လေး အထာကျလွန်းသည်။

လင်းဟွမ်သည် စိတ်တိုင်းကျ ကြည့်ရှုပြီးနောက် သေတ္တာထဲကို ပြန်ထည့်လိုက်သည်။

သေနတ်ကို ထိရောက်စေရန် အသက်စွမ်းအင်များ လိုအပ်သည်။ အထူးပြုသေနတ်များတွင် စွမ်းအင်ကျည်ဆံများကို ဖန်တီးရန်အတွက် သေနတ်ထဲသို့ လုံလောက်သော အသက်စွမ်းအင်များ ထည့်သွင်းပေးရသည်။

သူသည် ကြေးအဆင့်ကို မရောက်မချင်း အသက်စွမ်းအင် မလုံလောက်သည့်အတွက် အနက်ရောင် လင်းယုန် ၃၃ကို ယာယီ မေ့ထားရလိမ့်မည်။

"ငါက ကြေးအဆင့် ရောက်သွားရင် အဝေးပစ် တိုက်ခိုက်မှုအတွက် ဒီအနက်ရောင် လင်းယုန် ၃၃ကို အသုံးပြုပြီး အနီးကပ် တိုက်ခိုက်မှုအတွက်ဆို သွေးစွမ်းအား ပေါင်းထည့်လိုက်တာနဲ့ ငါ့ရဲ့ စွမ်းအားက တိုးတက်လာလိမ့်မယ်"

လင်းဟွမ်က သူ့ကိုယ်သူ ပြန်ပြောလိုက်သည်။ သူ့ခေါင်းထဲတွင် ထိုအကြောင်းကို တွေးနေမိသည်။ ရည်မှန်းချက် ကြီးမားခြင်း မဟုတ်ပေ။ သူက သူ၏နည်းဗျူဟာကို ကောင်းကောင်း သိနေခြင်း ဖြစ်သည်။

“ဒါပေမယ့် အခုလောလောဆယ် ငါ့ရဲ့ ဦးစားပေးက တန်ပြန်မုဆိုး အကဲဖြတ်မှု မတိုင်ခင် စွမ်းရည်ကဒ် အပိုင်းအစတွေ စုပေါင်းပြီး မဟာခေါ်ကျမ်းကို စွမ်းရည်ကဒ် အဖြစ် ပေါင်းစပ်ရမယ်။ အနည်းဆုံးတော့

သွေးစုပ်ဖုတ်ကောင်ကို အပြည့်အဝ အားရိုးနေရမယ့်အစား ကိုယ့်ကိုယ်ကို အားကိုးနိုင်ရမယ်”

လင်းဟွမ်သည် လင်းရှင်နှင့် အတူတူ ညစာစားပြီးနောက် သူ၏အခန်းထဲတွင် စိတ်ငြိမ်ခြင်း လက်ဖက်ရည်တစ်ခွက် သောက်လိုက်သည်.။

ထို့နောက် ကော်ဇော၊ စားပွဲနှင့် ကုလားထိုင်များကို ဘေးဘက်သို့ရွှေ့ကာ ခါးသိုင်းကို ခြေဗလာဖြင့် စတင် လေ့ကျင့်လိုက်သည်။

သူလေ့ကျင့်ခဲ့သော လေသာဆောင်သည် နှစ်မီတာကျော် ကျယ်သော်လည်း သူ့အတွက် အလွန် သေးငယ်နေသေးသည်။ ထို့ကြောင့် ညေ့ခန်းထဲတွင် လေ့ကျင့်မှု ပြုလုပ်ရန် ရွေးချယ်ခဲ့သည်။

လျှော်ပေးရန် မတတ်နိုင်မှန်း သိနေသည့်အတွက် ပရိဘောဂများကို ဘေးဖယ်ထားလိုက်သည်။

လင်းရှင်သည် သူမ၏အစ်ကိုက ဘာတွေ လုပ်နေလဲ ဆိုသည်ကို သိချင်သော်လည်း စိတ်အနှောက်အယှက် မပေးချင်သောကြောင့်

အိပ်စာလုပ်ရန် သူမ၏ အခန်းထဲသို့ ပြန်သွားခဲ့သည်။

လင်းဟွမ်သည် ညော့ခန်းက ပိုပြီး ကျယ်ဝန်းသဖြင့် သူ၏လေ့ကျင့်မှုက ယခင်ကထက်စာလျှင် ပို၍ အဆင်ပြေ ချောမွေ့လာသည်ဟု ခံစားနေပြီး စွမ်းရည်ကဒ် အပိုင်းအစများကို ရရှိနိုင်သည့် အခွင့်အရေးကလည်း မြင့်တက်လာခဲ့သည်။

အရုဏ်တက်ချိန်အထိ အကြိမ်ပေါင်း တစ်ရာကျော် လေ့ကျင့်ခဲ့သည်။ သူ၏ စွမ်းဆောင်ရည်သည် အလွန်တိုးတက်ခဲ့ပြီး

လေ့ကျင့်မှု တစ်ခုစီတိုင်းသည် ခြောက်ဆယ် ရာခိုင်နှုန်းကျော် ပိုကောင်းခဲ့ပြီး တစ်ညတည်းနှင့် အပိုင်းအစ ၆၈-ခု ရရှိခဲ့သည်။

ဖြစ်နိုင်ချေ ပိုများလာခြင်းသည် ပုံမှန် မဟုတ်သောကြောင့် ထူးဆန်းသည်ဟု ခံစားနေခဲ့ရသည်။ ပထမနေ့တုန်းက နှစ်ဆယ် ရာခိုင်းနှုန်းပင် ထိရောက်မှု မရှိခဲ့ချေ။ ထူးဆန်းသည်မှာ တစ်ညလုံး လေ့ကျင့်ခဲ့သော်လည်း ပင်ပန်းမှု လုံးဝ မရှိခြင်းပင်။

လွန်ခဲ့သောနှစ်ရက်က စပြီး လေ့ကျင့်ခဲ့သော အခြေအနေအရ သူ၏ ခန္ဓာကိုယ်သည် အလွန်ပင်ပန်းနေပြီး အိပ်ငိုက်နေရမည်။ ကုတင်ပေါ်၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရမည်။ သို့သော်လည်း သူသည် မပင်ပန်းရုံသာမက အိပ်ချင်သလိုလည်း မခံစားရပေ။

"စိတ်ကြွဆေးပြား သောက်ထားရသလိုပဲ"

လင်းဟွမ်သည် တိုးတိုးလေး ရေရွတ်လိုက်သည်။ ထို့နောက်တွင် ဒီကို ရောက်လာပြီးနောက် စားခဲ့သော အစားအသောက်များ အကြောင်းကို

ပြန်စဉ်းစား ကြည့်လိုက်သည်။ ခြားနားချက်ကို ချက်ခြင်း သတိထားလိုက်မိသည်။

(စိတ်ငြိမ်ခြင်း လက်ဖက်ရည်ကြောင့် ဖြစ်နေမလား။ ဒါပေမယ့် ဒါက ရက်ပိုင်လေးပဲ ရှိသေးတယ်လေ။ စိတ်လှုပ်ရှားတာလည်း မရှိဘူး။ ညဘက်မှာလည်း ကောင်းကောင်း အိပ်ပျော်ခဲ့တယ်။)

ခဏကြာလျှင် စိတ်ငြိမ်ခြင်း လက်ဖက်ရည်ကို နောက်တစ်ခွက် ထပ်သောက်လိုက်သည်။

ချိုမြသော လက်ဖက်ရည် အရသာက လည်ချောင်းထဲသို့ ဖြတ်သန်း စီးဆင်းသွားလျှင် ခွန်အားများ ပြန်ရလာသကဲ့သို့ ခံစားလိုက်ရသည်။

"ဒါဆို ဒီလက်ဖက်ရည်ရဲ့ အကျိုးသက်ရောက်မှုပေါ့"

လင်းဟွမ်က ကောက်ချက် ချလိုက်သည်။

တစ်ဖက်အခန်းမှ တံခါးပိတ်သံကို ရုတ်တရက် ကြားလိုက်သည်။ ထို့နောက် အမာရွတ်နှင့်လူ လေ့ကျင့်မှုကို ကြည့်ရှုရန် လေသာဆောင်ကို

ချက်ခြင်း သွားလိုက်သည်။ ဒီတစ်ကြိမ်၌ ထို အဘိုးကြီး လုပ်သမျှကို သူမှတ်မိနေပြီ။

ထိုလူက သုံးကြိမ်တိုင်တိုင် အစအဆုံး လေ့ကျင့်ပြီးသောအခါ လင်းဟွမ်သည် သူ မြင်ခဲ့သမျှကို ပြန်လည် သုံးသပ်နေလိုက်သည်။ ထို့နောက် ညွှန့်ခန်းထဲတွင် ထပ်မံ လေ့ကျင့်နေခဲ့သည်။

မနက် ခုနှစ်နာရီ ထိုးသည့်အချိန်တွင် လင်းဟွမ်သည် အကြိမ် တစ်ရာကျော် လေ့ကျင်ခဲ့သည်။ ထိရောက်မှုက ရှစ်ဆယ်

ရာခိုင်နှုန်းကျော်အထိ တိုးတက်လာခဲ့သည်။ ထိုညက စွမ်းရည်ကဒ် အပိုင်းအစ ၈၈- ခု ရရှိခဲ့သည်။

လင်းရှင် နိုးလာသောအခါ ညှော်ခန်းထဲတွင် လှေ့ကျင့်နေသော လင်းဟွမ်ကို တွေ့လိုက်ရသည်။ သူမ၏အစ်ကိုသည် အိပ်နေရာမှ ပြန်နိုးလာပြီး လေ့ကျင့်နေသည်ဟု ထင်သည့်အတွက် အများကြီး မစဉ်းစားဘဲ ကျောင်းကို ထွက်သွားခဲ့သည်။

လင်းဟွမ်သည် မနက်စာ စားပြီးသည့်အချိန်အထိ အိပ်မပျော်သေးပေ။ တက်ကြွ လန်းဆန်းနေပြီး ပင်ပန်းနွမ်းနယ်မှု လုံးဝ မရှိပေ။

စိတ်ငြိမ်ခြင်း လက်ဖက်ရည်ကို နောက်တစ်ခွက် ထပ်သောက်လိုက်ပြီး နောက်တစ်ကြိမ် ထပ်လေ့ကျင့်လိုက်သည်။ ထိရောက်မှုကို ဒီထက်ပိုပြီး တိုးမြင့်နိုင်မလားဟု သိချင်နေသည်။

နံနက် ရှစ်နာရီမှ ညနေငါးနာရီ အထိ အကြိမ်တစ်ရာကျော် လေ့ကျင်ခဲ့သည်။

အပိုင်းအစ ၈၇-ခု ရရှိကြောင်း အကြောင်းကြားချက် ရရှိခဲ့သည်။

“ မဟာခါးကျမ်းရဲ့ စွမ်းရည်ကဒ် အပိုင်းအစ သုံးရာကျော် စုဆောင်းပြီးသွားပြီ။ ဒါကို ပေါင်းစပ်ပြီး

မဟာခါးကျမ်း စွမ်းရည် - ရှားပါးကဒ် အဖြစ် ဖွဲ့စည်းနိုင်တယ်။ ပေါင်းစပ်မှုကို ပြုလုပ်ချင်လား”

# အခန်း(၁၂) - သူဌေး ယွီနှင့် ကော်ရီ။

"ဒါက ရှားပါးစွမ်းရည်ပဲ။ အခုပဲပေါင်းစပ်မယ်"

လင်းဟွမ်သည် အကြောင်းကြားချက်ကို ရရှိသည်နှင့် အတည်ပြုလိုက်သည်။

မကြာခင် သူ၏ အသက်စက်ဝိုင်းထဲတွင် အစိမ်းရောင် သလင်းကဒ်တစ်ခု ပေါ်လာသည်။ လင်းဟွမ်သည် ကဒ်ကို မြင်လိုက်သည်နှင့် ဆွဲယူလိုက်သည်။

ကဒ်တစ်ခုလုံးသည် အစိမ်းရောင် ဖြစ်နေသည်။ ကဒ်ပေါ်တွင် သန်မာကြံ့ခိုင်သော လူတစ်ယောက်က လွင်ပြင်ကို ကျောပေးပြီး ဓါးတစ်ချောင်းကိုင်ကာ မတ်တပ်ရပ်နေသည်။

လင်းဟွမ်သည် ထိုပုံကို ခဏမျှ စိုက်ကြည့်ပြီးနောက် အညွှန်းကို ဖတ်ကြည့်ရန် ကဒ်နောက်ကျောသို့ လှန်လိုက်သည်။

“စွမ်းရည်ကဒ်”

“စွမ်းရည် အမည် - မဟာဓါးကျမ်း(အကျိုးအပဲ့)

"ရှားပါးမှုအဆင့် - ရှားပါး"

"ကျွမ်းကျင်မှု အမျိုးအစား - ခါး"

"ကျွမ်းကျင်မှုအဆင့် - ရွှေအဆင့်"

အခြေအနေ - လက်ခံနိုင်"

"မှတ်ချက် - ဒီကျွမ်းကျင်မှုက အဆင့်ကန့်သတ်ချက် မရှိတဲ့ အထူးစွမ်းရည်ထဲတွင် ပါဝင်တယ်။ ပိုင်ရှင်အပေါ်မူတည်ပြီး စွမ်းအား အပြောင်းအလဲ ရှိတယ်"

"ကဒ် မှတ်ချက် - အသင့်အတင့်"

"ရှောင်ဖိန် ၊ မဟာခါးကျမ်းက ရှားပါးတယ်လို့ ဒီမှာပြောနေတယ်။ ဒါက မဟာခါးကျမ်းရဲ့ ပြီးပြည့်စုံတဲ့ပုံစံလို့ ပြောတာလား။ ဒါမှမဟုတ် အခုလက်ရှိ ရှိနေတာက မပြည့်စုံသေးဘူးလား"

လင်းဟွမ်သည် မနေနိုင်ဘဲ မေးလိုက်သည်။

"မဟာခါးကျမ်းမှာ အပိုင်းနှစ်ပိုင်း ရှိတယ်။ ပြီးပြည့်စုံတဲ့ကဒ်က ဂန္ဓဝင်အဆင့် ကဒ်ပဲ။ ယခုလက်ရှိ မင်းမှာက ကဒ်ရဲ့အပိုင်းတစ်ပိုင်းပဲ ရှိလို့ စွမ်းရည်ကဒ်က အဆင့်နိမ့်ပြီး ရှားပါးအဆင့် ဖြစ်သွားတယ်"

လင်းဟွမ်သည် ရောင်ဖိန်၏ ရှင်းပြချက်ကြောင့် အံ့အောသင့်သွားသည်။ သူခိုးသင်ခဲ့သော မဟာဓါးကျမ်သည် ဂန္ထဝင်အဆင့် စွမ်းရည်တစ်ခု ဖြစ်နေလိမ့်မည်ဟု မထင်ထားခဲ့မိချေ။

ထို့နောက် လက်ထဲရှိကဒ်ပြားကို ချေမွလိုက်ရာ အစိမ်းရောင် စွမ်းအင်အဖြစ် ပြောင်းလဲသွားပြီး ခန္ဓာကိုယ်ထဲသို့ စိမ့်ဝင်သွားသည်။

လင်းဟွမ်၏ အကဲဖြတ်ကဒ်ထဲတွင် အပြောင်းအလဲများ ဖြစ်ပေါ်လာသည်။

"ပိုင်ရှင် - လင်းဟွမ်"

“လိင်- ကျား”

“အသက် - ၁၅နှစ်”

“တိုင်ပွဲအင်အား - မရှိ။ (အကဲဖြတ်မှု ဘောင်မဝင်သေးပါ)”

“စွမ်းရည် - သွေးစွမ်းအား( အဆင့် -၂)”

“စွမ်းရည် ၂ - မဟာဓါးကျမ်း (ဓါးကျွမ်းကျင်မှု)”

“ဆင့်ခေါ်မှု အာဏာ - အသက်ဝင်”

“ဆင့်ခေါ်နိုင်သော အရေအတွက် - တစ်ကောင်”

“မှတ်ချက် - အရမ်း…အရမ်း အားနည်းတယ်”

"မဟာခါးကျမ်းက အရမ်းတန်ဖိုး ရှိတယ်။ ဒါပေမဲ့ အမာရွတ်နဲ့လူက ငါခိုးသင်တာကို မတားခဲ့ဘူး။ သူ့ရဲ့အစွမ်းအစနဲ့ဆိုရင် ငါအခန်းထဲကနေ ခိုးသင်နေတာကို သတိမထားမိစရာ အကြောင်း မရှိပါဘူး"

လင်းဟွမ်သည် တွေးလိုက်မိသည်။

ဖြစ်နိုင်ချေက နှစ်ခုသာရှိသည်။

ဒီကောင်လေးက မကျွမ်းကျင် နိုင်ပါဘူးလို့ တွေးတာလား ဒါမှမဟုတ် လူတွေကို ပိုတတ်အောင် မျှဝေပေးချင်တဲ့ ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာလား......

"ဘာပဲဖြစ်ဖြစ် သူ့ကို လူချင်းတွေ့ပြီး ကျေးဇူးတင်ရမယ်။ ဒါဆို ဒုတိယအပိုင်းကို သင်ပေးနိုင်မလား ဆိုပြီး မေးနိုင်လိမ့်မယ်။ ဟီး...ဟီး..."

လင်းဟွမ်သည် မဟာခါးကျမ်းကို အပြည့်အစုံ တစ်ခေါက် လေ့ကျင်ပြီးနောက် သူက တန်ပြန်မှုဆိုး အကဲဖြတ်မှုတွင် မည်မျှ အထင်ကြီးစရာ ကောင်းမလဲဟု စိတ်ကူးယဉ်နေစဉ် လင်းရှင်သည် ကျောင်းမှ ပြန်ရောက်လာသည်။

"အစ်ကို၊ မင်းက အစားအသောက်အကြောင်း တွေးနေတာလား။ သရေယိုနေပြီ"

လင်းရှင်သည် အခန်းထဲသို့ ဝင်လာသောအခါ နေ့ခင်းဘက် အိပ်မက်မက်နေသော မျက်နှာပုံစံမျိုးဖြင့် လင်းဟွမ်ကို မြင်လိုက်ရသည်။

"ဟုတ်တယ်။ ငါတို့ ချမ်းသာလာတဲ့အခါ နေ့တိုင်း ကောင်းကောင်း စားရအောင် တည်ငြိမ်သော နေထိုင်ရာက စားဖို့မှူးကို ငှားရမယ်"

လင်းဟွမ်က ပြောလိုက်သည်။

"ကျေးဇူးပြုပြီး ဆက်လုပ်ပါ"

လင်းရှင်သည် ဟိုတယ်စာများကို အမှန်တကယ် သဘောကျသောကြောင့် လင်းဟွမ်၏ အဓိပ္ပါယ်မရှိသော စကားကို ကြားလိုက်လျှင် စိတ်လှုပ်ရှားသွားသည်။

လင်းဟွမ်သည် လင်းရှင်က သူ၏ပေါက်ကရ စကားများကို ယုံကြည်သွားသည့်အတွက် စိတ်သက်သာရာ ရသွားသည်။

ညစာ စားပြီးသောအခါ လင်းဟွမ်သည် အခန်း ၃၀၁၏ တံခါးဖွင့်သံကို ကြားလိုက်ရသည်နှင့်

လင်းရှင်ကို သူမပါဘဲ တစ်ယောက်တည်း ပြန်သွားရန် ပြောလိုက်သည်။

အမာရွတ်နှင့်လူ၏ အစားစားချိန်သည် ပုံမှန် အချိန်ဇယားရှိပြီး ညနေ ဖြနာရီတွင် စားသောက်ဆိုင်၌ အမြဲတမ်း ရှိနေခဲ့ပြီး ညနေ ဖြနာရီ ၁၅ မိနစ်တွင် အမြဲတမ်း ပြီးဆုံးသည်။

လင်းရှင်နှင့် လင်းဟွမ်တို့သည် အချိန်ဇယား မသတ်မှတ်ထားသောကြောင့် တစ်ခါတစ်ရံ စောပြီး တစ်ခါတစ်ရံ နောက်ကျတတ်သည်။ စားသောက်ဆိုင်သို့ ရောက်သောအခါ အမာရွတ်နှင့်လူ

ထမင်းစားပြီးပြီ ဖြစ်သဖြင့် သူ့အခန်းထဲ ပြန်ရောက်နေနိုင်သည်။

လင်းဟွမ်သည် အခန်းတံခါး ခေါက်လိုက်သည်။ ခဏအကြာ တံခါးပွင့်လာသည်။

အမာရွတ်နှင့်လူက လင်းဟွမ်ကို အမူအရာ ကင်းမဲ့သော မျက်နှာဖြင့် ကြည့်လိုက်ပြီး

'ဘာကူညီ ပေးရမလဲ"

"ဓါးပညာ သင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

လင်းဟွမ်သည် ထိုလူ၏ မျက်လုံးကို စိုက်ကြည့်ပြီး စိတ်ရင်းနှင့် ပြောလိုက်သည်။ ထို့နောက် ဦးညွှတ် အရိုအသေ ပေးလိုက်သည်။

အမာရွတ်နှင့်လူသည် အမူအရာ ကင်းမဲ့နေဆဲ ဖြစ်သည်။

"မင်း တိတ်တဆိတ် သင်နေတာ ငါသိတယ်။ ငါကမင်းကို ဘာမှ မသင်ပေးခဲ့ဘူး။ မင်းတတ်မြောက်သွားတယ်ဆိုရင်တောင် မင်းရဲ့ ကြိုးစားအားထုတ်မှုပဲ။ ဒါက ငါ့ကိစ္စ မဟုတ်ဘူး"

အမာရွတ်နှင့်လူက မခိုးမခန့် ရယ်မောပြီး ပြန်ပြောလိုက်သည်။

“ဘာပဲဖြစ်ဖြစ် ငါကမင်းကို ကျေးဇူးတင်ပါတယ်”

လင်းဟွမ်က ရိုးသားစွာပြုံးပြီး တံခါးအဝတွင် ရပ်နေလိုက်သည်။ သူ၏ ကျေးဇူးတင်မှုကို လက်မခံလည်း အရေးမကြီးပေ။

သို့သော် လင်းဟွမ်သည် ထိုလူ၏ အေးစက်စက် တုံ့ပြန်မှုကို ကြည့်လိုက်ပြီး မဟာဓါးကျမ်း၏ ဒုတိယအပိုင်းကို မေးချင်သော စိတ်ကူးကို

စွန့်လွှတ်လိုက်သည်။ ထို့နောက် အခန်းထဲသို့ ပြန်လာခဲ့သည်။

“တန်ပြန်မုဆိုး အကဲဖြတ်မှုပြီးမှပဲ ဒုတိယ အပိုင်းရဲ့အကြောင်းကို မေးကြည့်ရမယ်။”

အခန်းထဲသို့ ပြန်ရောက်ပြီး မကြာခင် လင်းဟွမ်၏လက်စွပ်သည် တုန်ခါလာသည်။ လူစိမ်းတစ်ယောက်က သူနှင့် စကားပြောဆိုရန် တောင်းဆိုနေသည်။

လင်းဟွမ်သည် သံသယစိတ်ဖြင့် ဖုန်းကိုင်လိုက်သည်။ ရင်းနှီးသူ တစ်ယောက်ပင်။

"မစ္စတာ လင်းဟွမ်၊ မင်းရဲ့အိမ်ကို ပြုပြင်မွမ်းမံပြီးပါပြီ။ မင်းကြည့်ချင်တဲ့အချိန် ပြန်လာလို့ရပါပြီ။ စိတ်တိုင်းမကျတာ ရှိရင် ကျေးဇူးပြုပြီး ဆက်သွယ်ပေးပါ။ ငါတို့ မင်းအတွက် ပြန်ပြင်ပေးပါ့မယ်"

ဖုန်းထဲမှ အသံက ပြောလိုက်သည်။ လင်းဟွမ်သည် လွန်ခဲ့သော ရက်ပိုင်းက တွေ့ခဲ့သော ဝတ်စုံနက်နှင့် လူ၏ အသံဖြစ်ကြောင်း မှတ်မိလိုက်သည်။

"ဟုတ်ကဲ့။ မနက်ဖြန် နေ့လည်ခင်း ပြန်လာခဲ့ပါ့မယ်။ အခန်းသော့ကဒ်ကို ဟိုတယ်ပိုင်ရှင်ထံ ပြန်ပေးခဲ့ပါ့မယ်"

လင်းဟွမ်က သဘောတူလိုက်သည်။

လင်းဟွမ် ဖုန်းချပြီးနောက် လင်းရှင်သည် အခန်းထဲမှ လမ်းလျှောက်ထွက်လာပြီး စိတ်ပျက်နေသော မျက်နှာဖြင့်

"အစ်ကို၊ မနက်ဖြန် ပြန်ရမှာလား"

"ဟုတ်တယ်။ ငါတို့အိမ်က ပြီးပြီး ဟိုတယ်မှာ နေစရာ မလိုတော့ဘူး"

လင်းဟွမ်က ပြန်ဖြေလိုက်သည်။

"ကောင်းပြီလေ..."

လင်းရှင်၏ အသံထဲတွင် တွန့်ဆုတ်မှုများ ပါဝင်နေသည်။ 'တည်ငြိမ်သော နေထိုင်ရာ'က အစားအသောက်နှင့် အချိုရည်များကို သူမ သဘာကျနေသည်။

လင်းဟွမ်သည် သူ့ညီမ၏ တုန့်ပြန်မှုကို သတိထားမိပြီး

“မင်း မပြန်ချင်သေးဘူးဆိုရင်လည်း ငါတို့က ဒီမှာ ငါးရက်နေခွင့်ရှိလို့ နောက်တစ်ရက် ထပ်နေနိုင်သေးတယ်။ မနက်ဖြန် ထပ်နေပြီး သဘက်ခါမှ အိမ်ပြန်ကြတာပေါ့”

“ငါက မတွန့်ဆုတ်ပါဘူး.... ဒါပေမဲ့.....”

လင်းရှင်သည် ဝန်မခံချင်ပေ။

“ဟုတ်ပါပြီ။ တွန့်ဆုတ်နေတဲ့လူက ငါပါ”

လင်းဟွမ်သည် ခေါင်းခါပြီး ပြုံးလိုက်သည်။

“ကဲ မနက်ဖြန်နေ့ခင်းကျမှ ငါတို့တွေ သွားကြမယ်”

အချိန် ကုန်ဆုံးသွားသည်မှာ မြန်လှသည်။ လင်းဟွမ်သည် ဆက်လေ့ကျင်ခဲ့သလို အမာရွတ်နှင့်လူ လေ့ကျင့်နေသည်ကိုလည်း ဆက်ပြီးစောင့်ကြည့်နေခဲ့သည်။ သို့သော် မည်မျှပင် လေ့ကျင့်နေစေကာမူ စွမ်းရည်ကဒ် အပိုင်းအစများကို ထပ်မံပြီး မရရှိတော့ချေ။

ထို့ကြောင့် လေ့ကျင့်ချိန်ကို အလွန်အကျွံ မသုံးစွဲတော့ဘဲ အကဲဖြတ်မှုမတိုင်ခင် အနားယူရန် ဆုံးဖြတ်လိုက်သည်။

ခြောက်ရက်မြောက်နေ့ မနက်တွင် မနက်စာ စားပြီးနောက် လင်းရှင်နှင့် လင်းဟွမ်တို့သည် အခန်းထဲသို့ ပြန်လာကြပြီး ပရိဘောဂများကို အရင်အတိုင်း ပြန်ဖြစ်အောင် နေရာ ပြန်ရွှေ့ခဲ့ကြသည်။ ထို့နောက် ဟိုတယ်ပိုင်ရှင်ကို နှုတ်ဆက်လိုက်ကြသည်။

သူဌေးယွီသည် သူတို့ ထွက်ခွာသွားသည်ကို ကြည့်ရင်း ပြုံးပြီးကျန်ခဲ့သည်။ အမာရွတ်နှင့်လူက သူ့နောက်တွင် ရုတ်တရုတ် ပေါ်လာသည်။

"ဆာ။ ဒီကလေးတွေအပေါ် မင်းရဲ့အမြင်ကို ငါနားမလည်နိုင်ဘူး ဖြစ်နေတယ်။ သွေးစုပ်ဖုတ်ကောင်ကို သတ်လိုက်တယ် ဆိုတာကလည်း ကံကောင်းလို့ပါ။ နောက်ပြီးတော့ ပျက်စီးနေတဲ့ သူ့ရဲ့ အသက်စက်ဝိုင်းကလည်း နစ်လပဲ ကျန်တော့တယ်"

သူဌေးယွီက ငြီးတွားလိုက်သည်။

"ကော်ရီ၊ မင်းနဲ့ငါက သိနေတာ ကြာလှပြီ။ ငါ ယွီချင်းရဲ့ရလဒ်က ဘယ်နှခါ မှားဖူးလို့လဲ"

"မင်...ဘယ်တော့မှ မမှားဖူးဘူး"

ဝန်ခံလိုက်သည်။ အမောရှုတ်နှင့်လူသည် ကြောင်သွားပြီး ခေါင်းခါလိုက်သည်။

"ဒါပေမယ့် ဆာ။ မင်းက ထူးခြားတဲ့လူပါ။ မင်းကဒီကမ္ဘာရဲ့ ဘယ်အရာတွေကိုမှ ဂရုမစိုက်ဘူး။ ဘာဖြစ်လို့ သူ့ကို ဓါးပညာ သင်ချင်ပေးချင်ရတာလဲ"

“စိတ်မပူပါနဲ့။ ငါ့မှာ အစီအစဉ်တွေ ရှိပါတယ်။ မင်းပြောစမ်းပါအုံး။ သူ့ကို ဘယ်လိုထင်လဲ”

သူဌေးယွီက မေးလိုက်သည်။

“သူ့ရဲ့အပြုအမူကတော့ မဆိုးပါဘူး။ ဒါပေမဲ့ ပါရမီရှင်လည်း မဟုတ်ဘူး။ ပြီးခဲ့တဲ့ ရက်ပိုင်းက တွေ့ခဲ့တဲ့ လီလန်နဲ့ယှဉ်ရင် တော်တော်လေး ဝေးသေးတယ်”

ကော်ရီက မှတ်ချက်မေးလိုက်သည်။

“တကယ်လား။ မေးပါရစေအုံး။ မဟာခါးကျမ်းစာရဲ့ ပထမပိုင်းကို သင်ယူဖို့ ဘယ်လောက်ကြာခဲ့လဲ”

“မဟာခါးကျမ်းက လွယ်တယ် ထင်ရပေမဲ့ လက်တွေ့မှာတော့ ခါးသမားတွေအတွက် အခိပ္ပါယ် အများကြီးရှိတယ်။ ငါက နေ့တိုင်း ၁၈-နာရီကျော် လေ့ကျင့်ခဲ့ပြီး ပထမပိုင်း တတ်ကျွမ်းဖို့အတွက် ၁၀၃-ရက် ကြာခဲ့တယ်”

ကော်ရီသည် ထိုအကြောင်းအရာကို ပြန်တွေးပြီး အလေးအနက်ထားကာ ပြန်ဖြေခဲ့သည်။

“မင်းရဲ့ အရည်အချင်းနဲ့တောင် ပထမပိုင်းကို သင်ယူဖို့ ၁၀၃-ရက်ကြာရင် သူဆို ဘယ်လောက်ကြာမယ်လို့ ထင်လဲ”

သူဌေးယွီက မျက်ခုံးပင့်ပြီး ကော်ရီကိုကြည့်ကာ မေးလိုက်သည်။

“အနည်းဆုံး နှစ်နှစ်ကနေ သုံးနှစ်လောက်တော့ လိုမယ်လို့ ထင်တယ်”

တိုးတိုးလေး ပြန်ပြောလိုက်သည်။ ကော်ရီသည် လင်းဟွမ်ကို ယုံကြည်ခြင်း မရှိသည်မှာ ထင်ရှားနေသည်။

"မင်းက သူ့ကို လျှော့တွက်နေပြီလို့ ငါပြောလိုက်မယ်။ သူက မဟာခါးကျမ်း ပထမပိုင်းကို တတ်ကျွမ်းဖို့အတွက် သုံးရက်ပဲ အချိန်ယူခဲ့ရတယ်"

သူဌေးယွီက မယုံကြည်နိုင်သဖြင့် ပါးစပ်အဟောင်းသား ဖြစ်နေသော ကော်ရီကို လက်သုံးချောင်း ထောင်ပြလိုက်သည်။

လွန်ခဲ့သော ရက်ပိုင်းအတွင်း လင်းဟွမ် လေ့ကျင့်နေသော ဗီဒီယိုဖိုင်သည် သူတို့ရှေ့တွင် ပေါ်လာသည်။

ကော်ရီသည် ဗီဒီယိုဖိုင်ကို မြင်လိုက်လျှင် မယုံကြည်နိုင်စွာ 'ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ' ဟု ရေရွတ်လိုက်မိသည်။

"မဖြစ်နိုင်တဲ့အရာ ဘာမှမရှိဘူး"

ယွီချင်းက ဗီဒီယိုဖိုင်ကို ပြန်သိမ်းရန် လက်ဟန့်ယမ်းရင်း ပြောလိုက်သည်။

"နှစ်ရက်လောက် အချိန်ယူပြီး သန့်ရှင်းရေးလုပ်. ငါတို့ အမြန်ထွက်သွားသင့်ပြီ"

ကော်ရီသည် နောက်ထပ် မေးခွန်းများ မမေးတော့ဘဲ ခေါင်းညိတ်ကာ သက်ပြင်းချလိုက်ပြီး

"ကောင်းပြီ..."

## အခန်း(၁၃) - ငါက စာရင်းတောင် မသွင်းရသေးဘူးလေ။

လင်းဟွမ်သည် တည်ငြိမ်သော နေထိုင်ရာတွင် ဘာတွေဖြစ်ပျက်နေလဲ ဆိုသည်ကို မသိခဲ့ပေ။

သူတို့နှစ်ယောက်သည် ဇိမ်ခံဟိုတယ်၏ အတွေ့အကြုံကြောင့် အိမ်ကို ပြန်ရောက်သောအခါ ဘာကို မျှော်လင့်ရမှန်းမသိ ဖြစ်နေကြသည်။ သို့သော် သူတို့သည် အိမ်အဝသို့ ရောက်သောအခါ

မြင်လိုက်ရသော မြင်ကွင်းကြောင်း ဆွံ့အ၍ မှင်တက်သွားကြသည်။

"အစ်ကို။ ဒါက ငါတို့အိမ်လား။"

လင်းရှင်သည် လင်းဟွမ်၏ အင်္ကျီလက်စကို ဆွဲရင်း မေးလိုက်သည်။ သူတို့ရှေ့၌ ရှိနေသော အဖြစ်မှန်ကို မသေချာ မရေရာ ဖြစ်နေကြသည်။

လင်းဟွမ်သည် မူလအိမ်နှင့် ယှဉ်လိုက်လျှင် လုံးဝ ကွဲပြားခြားနားသွားသော အိမ်ကြီးကို ကြည့်ပြီး အံ့အော မှင်တက်နေသည်။

ဒီအိမ်သည် ယခင်တုန်းက သေးငယ်ပြီး နှစ်ထပ်ထပ်ခိုး အိမ်ကလေးသာ ဖြစ်သော်လည်း ယခုအခါတွင် သုံးထပ် ဇိမ်ခံအိမ်ကြီး ဖြစ်လာခဲ့သည်။ လေသာဆောင်တွင် ပန်းမျိုးစုံ ဖုံးလွှမ်းနေသော ပန်းဥယျာဉ်ကြီး တစ်ခု ရှိနေသေးသည်။

အိမ်နံပါတ်ကို ကြည့်လိုက်ရာ နံပါတ် ၂၃ ဖြစ်နေသေးဖြင့် အိမ်အသစ်သည် သူတို့၏ အိမ်ဖြစ်ကြောင်း လင်းဟွမ်က အတည်ပြုလိုက်သည်။ ကြီးကြီးမားမား ပြုပြင်လိုက်သဖြင့် ကိုယ်အိမ်ကို ကိုယ် ပြန်မမှတ်မိ ဖြစ်နေသည်။

တံခါးတွင် လျှို့ဝှက်ကုဒ်ကို ရိုက်သွင်းပြီး အိမ်ထဲသို့ ဝင်သွားကြသည်။

အိမ်၏ မူလတည်ဆောက်ပုံ အများစုသည် တူညီသော်လည်း ကျန်နေရာများက လုံးဝ ကွဲပြားနေသည်။

မူလက သစ်သားကြမ်းခင်း နေရာတွင် ယခုအခါ၌ အလွန်ဈေးကြီးသည်ဟု ထင်ရသော သစ်သား အချောထည်များက နေရာယူထားသည်.။

မျက်နှာကျက်ပေါ်ရှိ တွဲလောင်းမီးအိမ်သည် ယခုအခါ ဇိမ်ခံမီးပဒေသာကြီး ဖြစ်နေသည်။

မီးဖိုချောင်ရှိ ဗီဒိုများသည် လုံး၀ အသစ်စက်စက် ဖြစ်ပြီး အံဆွဲတစ်ခုစီတွင်လည်း အံ့၀င်ခွင်ကျ ဖြစ်သော အသုံးအဆောင်ပစ္စည်း အသစ်များကို စနစ်တကျ စီထားသည်။

ယခင်က မမြင်ဖူးသော မွန်းစတား သားရေဖြင့် ပြုလုပ်ထားသော ကော်ဇောတစ်ချပ်လည်း ရှိသေးသည်။

ဆိုဖာ၊ ကုလားထိုင်နှင့် ထမင်းစားပွဲများပင် အသစ် ဖြစ်နေခဲ့သည်။ ရေးချိုးခန်းထဲမှ အိမ်သာ အိုးများကိုလည်း ပြောင်းလဲထားသည်။

ထို့အပြင် ဒုတိယအထပ်သို့ တက်သွားသောအခါ အံ့အောမှုများက ဆက်တိုက် မြင့်တက်လာခဲ့သည်။ မူလက လူနှစ်ယောက်အတွက် ရည်ရွယ်ထားသော အခန်းနေရာသည် ယခုအခါ တစ်ခန်းတည်း ဖြစ်သွားသည်။ ဒါသည် မူလ အရွယ်အစားထက် နှစ်ဆ ပိုကြီးပြီး လေသာဆောင်က သုံးဆ ကျယ်လာသည်။

ထပ်ထည့်ထားသော တတိယအထပ်တွင် အိပ်ခန်းကြီးတစ်ခု၊ ကုတင်ကြီး တစ်လုံးနှင့် ရေချိုးခန်းတစ်ခု အဖြစ် ဒီဇိုင်းဆွဲထားသည်။

တတိယထပ်၏ အပေါ်ဘက် ဝင်ပေါက်တွင် လေသာဆောင် ပန်းဥယျာဉ်ကို မြင်နေရသည်။

ထိုအထဲတွင် ပန်းများရှိနေရုံ သာမက ဟင်းလင်းပြင်ထီး၊ စားပွဲခုံ၊ ကုလားထိုင်အပြင် ဒန်းစသည်ဖြင့် ပရိဘောဂများ စုံလင်လှသည်။

ဤကဲ့သို့ ပြုပြင်မွမ်းမံခြင်းသည် အိမ်နှစ်လုံး ဒါမှမဟုတ် သုံးလုံး ပေါင်းထားသည်ထက် ပို၍ ကုန်ကျနိုင်သည့် အကြောင်းကို လင်းဟွမ်က သိနေသည်။ စဉ်းစားကြည့်ပါက အမှန်တကယ် ထူးဆန်းလွန်းသည်။ ထို့နောက် အောက်ထပ်သို့

ပြန်ဆင်းလာပြီး လူလတ်ပိုင်း အမျိုးသားထံ ဖုန်းခေါ်လိုက်သည်။

ခဏကြာလျှင် ထိုလူက ဖုန်းကိုင်ပြီး ရယ်ရယ်မောမောဖြင့်

"မစ္စတာလင်း၊ ပြုပြင်ပေးထားတာကို စိတ်တိုင်းကျရဲ့လား"

"ဒီဝပ်ကျင်းထဲမှာ တခြားအိမ်တွေကို မွန်းစတားတွေက ဝင်ရောက်ဖျက်ဆီးလို့ ပြုပြင်မွန်းမံပေးတာကို မြင်ခဲ့ဖူးပါတယ်။ ငါတို့အိမ်လောက် အခွင့်ထူး မရခဲ့ဘူး။ ငါတို့ကို ပြုပြင်ပေးရုံတောင်

မကာဘူး ပရိဘောဂအစုံ အသစ်နဲ့ ကော်ဇော တစ်ချပ်တောင် ရှိသေးတယ်။ ဒါက ရယ်စရာ ကောင်းလွန်းတယ်။ မင်းကဘယ်သူလဲ။ မင်းရဲ့ ရည်ရွယ်ချက်က ဘာလဲ”

လင်းဟွမ်သည် စိတ်ထဲတွင် အဖြေရှာမရ ဖြစ်နေသဖြင့် ရှင်းရှင်းလင်းလင်း ဖြစ်အောင် မေးလိုက်သည်။

“မင်းက ဆရာလီရဲ့ သူငယ်ချင်းလေ။ ငါတို့ မင်းအတွက် အတတ်နိုင်ဆုံး လုပ်ပေးရမှာပေါ့။”

လူလတ်ပိုင်း အမျိုးသားက စိတ်မကွက်ဘဲ လီလန်၏အကြောင်းကို ပြန်ပြောလိုက်သည်။

"ဆရာလီ ဟုတ်လား။"

လင်းဟွမ် ကြောင်သွားသည်။

"ဒါဆို မင်းက လီလန်ကို ဆိုလိုတာလား"

ဆက် မေးလိုက်သည်။

"ဟုတ်ပါတယ်။ အဲဒါက ဆရာလီပါ။ သူက မင်းရဲ့ပျက်စီးဆုံးရှုံးမှု အစီရင်ခံစာကို တင်သွင်းတဲ့လူပဲ။ ဒါက ငါတို့ အထက်လူကြီးအတွက်

အရေးကြီးတယ်။ ဒါကြောင့် ဒီတာဝန်ကို အတတ်နိုင်ဆုံးနဲ့ အဆင်ပြေဆုံးဖြစ်အောင် လုပ်ဖို့ အမိန့်ပေးခဲ့တယ်။ အားစိုက်မှုနဲ့ ကုန်ကျစရိတ်ကို နှမြောစရာ မလိုဘူးလေ”

ထိုလူက ပြန်ရှင်းပြသည်။

“အတိအကျဆို လီလန်က ဘယ်လို အဆင့်အတန်းမျိုးမှာ ရပ်တည်နေတာလဲ”

“မင်း မသိဘူးလား။ သူ့အဖေက မုဆိုးအဖွဲ့အစည်း အဖွဲ့ခွဲ ခုနှစ်ရဲ့ ဒုတိယ

ဥက္ကဋ္ဌဖြစ်ပြီး သူ့အမေက အဖွဲ့ခွဲ ခုနှစ်ရဲ့ ကောင်စီဝင်ပဲ”

ထိုအမျိုးသားက လင်းဟွမ်အား တုန်လှုပ်ခြောက်ခြားစရာ ကောင်းသော အကြောင်းကို ထုတ်ဖော် ပြောဆိုလိုက်သည်။

လင်းဟွမ်နှင့် လီလန်တို့သည် သူငယ်ချင်းများ ဖြစ်ကြသည်ဟု ထိုလူများက တွေးနေကြပြီး ဒီကြင်နာမှုကြောင့် သူတို့အတွက် အဆင့်အတန်း ကွာခြားမှုကို ပေါင်းကူးပေးနိုင်ရန် မျှော်လင့်နေကြသည်။ သူတို့ မသိသည်မှာ

လင်းဟွမ်နှင့် လီလန်တို့သည် အရင်က တစ်ခါသာတွေ့ဖူးကြပြီး သူတို့နှစ်ယောက်ကြား၌ ခင်မင်ရင်းနှီးမှု မရှိပေ။

လင်းဟွမ်ကလည်း သူတို့ကို အကောင်းဆုံး ကြိုးစားပြီး ပြုပြင်ပေးရမည်ဟု မပြောခဲ့ချေ။

လင်းဟွမ်သည် ဖုန်းချပြီးနောက် ပြုပြင်မွမ်းမံသည့် ကိစ္စနှင့် ပက်သက်သောအတွေးများ အားလုံးကို မောင်းထုတ် လိုက်သည်။ သူတို့၏ အိမ်အသစ်တွင် အထိုင်ချပြီးနောက် တန်ပြန်မုဆိုး အကဲဖြတ်မှုအတွက် စတင် ပြင်ဆင်ခဲ့သည်။

ထိုနေ့သည် လင်းရှင်၏ ကျောင်းပိတ်ရက် ဖြစ်သည်။ နေ့လည်စာ အတူတူ စားပြီးနောက် လီလန် ပေးထားသော အသက်သလင်းကျောက်ကို ခရက်ဒစ်ဗျူရိုမှ ချပေးသော အကျိုးဆောင်အမှတ် တစ်သိန်းနှင့် လဲလှယ်ခဲ့သည်။

ထို့နောက် လင်းရှင်၏ စာရင်းထဲကို အကျိုးဆောင်မှတ် နှစ်သောင်း ထည့်ပေးခဲ့သည်။

“တန်ပြန်မုဆိုး အကဲဖြတ်မှုက ၁၀ရက်ကနေ ၁၅ရက်လောက် ကြာလိမ့်မယ်။ ကျေးဇူးပြုပြီး မင်းကိုယ်မင်း ဂရုစိုက်။ လိုအပ်လာရင် ပိုက်ဆံသုံး။

ငါသာ မုဆိုးဖြစ်လာရင် ငါတို့ နှစ်ယောက်စလုံးအတွက် ပိုက်ဆံ လုံလုံလောက်လောက် ရလိမ့်မယ်”

‘ဟုတ်တယ် အစ်ကို။ မင်းက အကဲဖြတ်မှု အောင်မြင်မှာ ကျိန်းသေတယ်”

လင်းရှင်က အားပေးလိုက်သည်။ သူမက လင်းဟွမ်ကို အများကြီး ယုံကြည်သည်။

ထို့နောက် လင်းယုန် စခန်းသို့ ရောက်ရှိလာကြသည်။

လင်းဟွမ်သည် လင်းရှင်၏ခေါင်းကို ပုတ်ပြီး နှုတ်ဆက်လိုက်သည်။ ထို့နောက် ငွေပေးပြီး ထွက်ခွာတော့မည့် လင်းယုန်ပေါ်ကို တက်လိုက်သည်။

လင်းရှင်သည် လင်းဟွမ် လိုက်ပါသွားသော လင်းယုန်က တိမ်တွေထဲ ရောက်သွားသည့်အထိ ငေးကြည့်နေခဲ့သည်။ ထို့နောက် နောက်လှည့်ပြီး စခန်းထဲမှ ထွက်ခွာသွားသည်။

လင်းယုန်ငှက်ပေါ်တွင် လင်းဟွမ်သည် သူနေထိုင်ရာ ကမ္ဘာပေါ်ရှိ မွန်းစတားများအကြောင်း တွေးရင်း အံ့အောသင့်နေသည်။

ဒီလင်းယုန်သည် ကြောင်မျိုးနွယ်ဝင်ဖြစ်ပြီး ခြေလက် လေးချောင်းပါကာ ခြေသည်းများကို လိုသလို ဆန့်ထုတ်နိုင်သည်။

ခုန်ပေါက် ပြေးလွှားမှုကလည်း အံ့မခန်းပင်။

လင်းယုန်သည် ခြေလက်များမှလွဲ၍ ကျန်သည့် အစိတ်အပိုင်းများသည် ငှက်သားရဲကြီးနှင့် ဆင်တူသည်။

လင်းယုန်တစ်ကောင်၏ မျက်နှာရှိပြီး အတောင်ပံတစ်စုံက ရှစ်မီတာ ကျယ်ပြန့်သည်။

ထိုသတ္တဝါသည် သာလွန်ကောင်းမွန်သော ခန္ဓာကိုယ် ဖွဲ့စည်းပုံ၏ အားသာချက်များကြောင့် လေကို အပြည့်အဝ ထိန်းချုပ်နိုင်ပြီး ကျန်သော သတ္တဝါများထက် အလျင်မြန်ဆုံး လုပ်ရှားနိုင်သည့် မွန်းစတားတစ်ကောင် ဖြစ်လာခဲ့သည်။

လွန်းခဲ့သော ရာစုနှစ် အနည်းငယ်က ဒီမွန်းစတားများသည် လူသားများအတွက် ခေါင်းအကိုက်ရဆုံး ပြဿနာတစ်ခု ဖြစ်ခဲ့သည်။

ခရီးထွက်တိုင်း အထုပ်ကြီးကြီးများနှင့် ခရီးထွက်ရသည်။ လင်းယုန်များ၏ လျင်မြန်မှုနှင့် ပြင်းထန်သော တိုက်ခိုက်မှုများကြောင့် ဝပ်ကျင်း စခန်းအချို့သည် အလွယ်တကူ ဖျက်ဆီးခံခဲ့ရသည်။

ကံကောင်းထောက်မစွာဖြင့် လူသားများသည် လင်းယုန်၏ တိုက်ခိုက်ရေးပုံစံကို လိုက်လျောညီထွေ ဖြစ်အောင် ပြုလုပ်နိုင်ခဲ့ကြပြီး ကစားပွဲကို အလှည့်အပြောင်း လုပ်နိုင်ခဲ့ကြသည်။

လွန်ခဲ့သော နှစ်ရာပေါင်းများစွာကပင် လူသားများသည် လင်းယုန်များကို ဖမ်းယူပြီး

ယဉ်ပါးအောင် လုပ်ခဲ့ကြသည်။ ယနေ့ကာလတွင် အများသုံး သယ်ယူပို့ဆောင်ရေးများထဲမှ တစ်ခု ဖြစ်လာခဲ့သည်။

လင်းဟွမ်စီးနေသော လင်းယုန်သည် အကြီးဆုံး မဟုတ်သော်လည်း အကောင်းဆုံး အမွေးအတောင်များ ရှိသည်။

၎င်း၏ ဝမ်းဗိုက်တွင် ရွှေအိုရောင်အမွေး အနည်းငယ် ရှိသည်။ အခြားငှက်များနှင့် ယှဉ်လိုက်လျှင် ထူးခြားသော ရုပ်ရည်ရှိပြီး အစားကောင်းကောင်း ကျွေးထားပုံရသည်။

လင်းယုန်ဌက်တစ်ကောင်၏ ပျံသန်းမှုနှုန်းသည် တစ်နာရီကို ကီလို ၇၀၀ ဖြစ်သည်။ အရှိန်အဟုန် အပြည့်နှင့်ဆိုလျှင် သွက်လက်မှုက ဆတိုး တိုးလာလိမ့်မည်။ သို့သော် အသက်လု ပြေးသည့်အချိန်မှသာ ထိုသို့ အရှိန်အဟုန်ကို အသုံးပြုတတ်ကြသည်။

ထိုသို့သော အမြန်နှုန်းနှင့် ပျံသန်းမှု အခြေအနေများအောက်တွင် လင်းယုန်၏ကျောပေါ်၌ စီးနေသော လူများအတွက် ငရဲတစ်ခုကဲ့သို့ ဖြစ်သွားလိမ့်မည်။ ထို့ကြောင့် အရေးပေါ်

အခြေအနေတွင် စီးနင်သူများကို ကာကွယ်နိုင်ရန် ထွင်းဖောက်မြင်ရသော ကာကွယ်ရေး ဒိုင်းတစ်ခု ဖြစ်လာနိုင်သည့် အထူး ကိရိယာများကို ကုန်းနီးပေါ်တွင် တပ်ဆင်ထားသည်။

လင်းယုန်သည် အမှတ် ၇ ဒီ ၁၀၁မှ အမှတ် ၇ စီ ၈၇သို့ ပျံသန်းရန် နှစ်နာရီပင် မကြာလိုက်ချေ။

လင်းဟွမ်သည် လင်းယုန်စခန်းမှ ထွက်လာပြီး လက်စွပ်အတွင်းမှမြေပုံကို ထုတ်ကြည့်ကာ မှဆိုးအဖွဲ့အစည်း ဌာနခွဲသို့ ဦးတည် သွားလိုက်သည်။

သိပ်မကြာခင် ဌာနကို ရောက်ရှိလာခဲ့သည်။ အနီးအနားတွင် စောင့်နေကြသော လူများက များပြားနေပြီး အဆောက်အဦး အဝင်ဝတွင် ရော့ခ် ဂီတ ဖျော်ဖြေပွဲကို ဝင်တိုးနေသည့်အလား လူအုပ်ကြီးကို မြင်လိုက်ရသည်။

စီအဆင့် ဝပ်ကျင်းများသည် လူဦးရေ သန်းအနည်းငယ် ရှိသော အလယ်အလတ်အဆင့် ဝပ်ကျင်း အမျိုးအစားထဲတွင် ပါဝင်သည်။ အနီးတစ်ဝိုက်တွင် မုဆိုး ထောင်ပေါင်းများစွာ ရှိကောင်း ရှိနိုင်သည်။ အနီးအနားရှိ ဝပ်ကျင်းများမှ

မုဆိုးများ၊ သူတို့၏တာဝန်ကို ထမ်းဆောင်ရန် ရောက်နေကြသော မုဆိုးများ၊ နေ့စဉ်သွားလာနေသော သာမန်လူများဖြင့် နေရာတစ်ခုလုံးသည် သဘာဝအတိုင်း စည်ကားနေသည်။

လင်းဟွမ်သည် တော်တော်လေး တိုးဝှေ့ပြီးနောက် ဌာနခွဲဝင်ပေါက်သို့ ရောက်ရှိသွားသည်။ အထဲသို့ ဝင်သွားလျှင် မိန်းမပျိုးလေးတစ်ယောက်က သူ့ထံ ချည်းကပ်လာသည်။

ထိုအမျိုးသမီးကို ကြည့်ရသည်မှာ အသက် ၂၀ ဝန်းကျင်သာ ရှိပုံရသည်။ သူမက မုဆိုးအဖွဲ့အစည်း ဝတ်စုံကို ဝတ်ဆင်ထားသည်။ သူမက အပြုံးအကြီးကြီး ပြုံးပြီး နှုတ်ဆက်လိုက်သည်။

“မင်္ဂလာပါဆာ။ ဘာများ ကူညီပေးရမလဲ”

“ငါက တန်ပြန်မုဆိုး အကဲဖြတ်မှုအတွက် ရောက်လာတာပါ”

လင်းဟွမ်က ပြန်ဖြေလိုက်သည်။

"ကောင်းပြီး ကျေးဇူးပြုပြီး ငါ့နောက် လိုက်ခဲ့ပေးပါ"

အမျိုးသမီးလေးက လင်းဟွမ်ကို နောက်တစ်ကြိမ် ပြုံးပြပြီး အစည်းအဝေးခန်းသို့ ခေါ်ဆောင်သွားသည်။ ထို့နောက် သူမက 'မင်း ဝင်လို့ရပြီ'ဟု အမူအရာ ပြလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

လင်းဟွမ်က ခေါင်းညိတ်ပြလိုက်ပြီး တံခါးကို တွန်းဖွင့်လိုက်သည်။

အစည်းအဝေးအခန်းထဲတွင် လူပေါင်းတစ်ရာ ရှိနေသဖြင့် အံ့အောသင့်သွားသည်။

"ဒီနေ့ စာရင်းသွင်းတဲ့လူတွေက အများကြီးလား။ တက်ရောက်တဲ့ လူအရေအတွက်ပါ တွက်ကြည့်လိုက်ရင် မနက်ဖြန်မှာ လူတစ်ထောင် ကျော်သွားမယ် ထင်တယ်"

လင်းဟွမ်သည် ထိုင်ရန်အတွက် ထိုင်ခုံရှာနေရင်း အံ့အောသင့်နေသည်။

ခဏကြာလျှင် အခန်းထဲကို လူများ ပိုဝင်လာကြသည်။ ဖက်တီးတစ်ယောက်သည်

လင်းဟွမ်၏ ဘယ်ဘက်ဘေးက လူလွတ်နေသော ထိုင်ခုံကို ဝင်ထိုင်လိုက်သည်။

ဖက်တီးက အလွန်ဖော်ရွေသည်။ ထို့နောက် လင်းဟွမ်ကို ပြုံးပြပြီး တိုးတိုးလေး ပြောလိုက်သည်။

"မင်းက သံအဆင့်တောင် မရောက်သေးဘူး ပဏာမ အဆင့်ကို ကျောင်ဖြတ်နိုင်ခဲ့တာပဲ အရမ်းကောင်းတယ်။ ဒီနေရာကိုရောက်ဖို့ ဖြတ်လမ်း ရှာခဲ့တာလား"

"မဏာမ အဆင့်ကို အောင်မြင်ပြီးပြီ ဟုတ်လား။ အားလုံးက စာရင်းသွင်းပြီးပြီလို့ ပြောတာလား"

လင်းဟွမ်သည် ဖက်တီးကို မယုံကြည်နိုင်စွာ ကြည့်လိုက်သည်။

"အေးလေ။ ဒီလိုမှမဟုတ်ရင် ဒီနေ့ည လေးနာရီမှာ ဖြေဆိုသူရဲ့ အကဲဖြတ်တဲ့ အကြောင်းအရာနဲ့ စည်းကမ်းချက်တွေကို  ဘယ်လို သိနိုင်မှာလဲ"

ဖက်တီးလေးသည် လင်းဟွမ် မေးသော မေးခွန်းက ထူးဆန်းသည်ဟု တွေးလိုက်မိသည်။ ထို့နောက် သံသယ မျက်လုံးများဖြင့် လှမ်းကြည့်လိုက်ပြီး

"မင်းက  မှတ်ပုံ မတင်ရသေးဘူးလို့ မပြောနဲ့နော်"

ဖက်တီးလေးက မေးလိုက်သည်။

"အမ်….."

လင်းဟွမ် ပြန်မဖြေရသေးခင် ဒေါက်ဖိနပ်စီးထားသော အမျိုးသမီးတစ်ယောက် စင်ပေါ်တက်သွားသည်။

စင်ပေါ်ရှိ အမျိုးသမီးက လူတိုင်း၏အာရုံကို ဖမ်းစားသွားသဖြင့် အခန်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။

သူမသည် သန်မာသော အင်္ဂွေ့အသက်ရှိသည့် အမျိုးသမီးတစ်ယောက် ဖြစ်သည်။ သူမက သူမ၏ လုပသော ခြေတံရှည်များကို ဖော်ပြထားသည့် အမြီးအစများ ထွက်နေသော စကတ်အတိုကို ဝတ်ဆင်ထားသည်။ ၂၀ စင်တီမီတာ နီးပါးရှိသော အနက်ရောင် ဒေါက်ဖိနပ်ကိုလည်း ဝတ်ဆင်ထားသည်။

သူမ၏အရပ်သည် အနည်းဆုံး ၁.၇ မီတာ ရှည်နေပြီး ထိုဒေါက်ဖိနပ်ကြောင့် နှစ်မီတာနီးပါး

မြင့်နေသဖြင့် အခန်းထဲရှိလူတိုင်းသည် သူမနှင့် ယှဉ်ပါက ခေါင်းတစ်လုံးခန့် နိမ့်နေသည်။

သူမ၏ ဆွဲဆောင်မှု အရှိဆုံးအရာသည် အရပ်မြင့်ခြင်း မဟုတ်ဘဲ ရှပ်အင်္ကျီအဖြူထဲမှာ ဝှက်ထားသော သူမ၏ရင်သားများ ဖြစ်နေသည်။ သူမ၏ရင်သားများသည် လုံးဝ မပေါ်လွင်ဘဲ လမ်းလျှောက်သွားသောအခါ ဂျယ်လီတုံးကဲ့သို့ တုန်ခါသွားသော ရင်သားများသည် အစည်းအဝေး အခန်းထဲရှိ အမျိုးသားအားလုံးကို ဆွဲဆောင်ရန် လုံလောက်နေသည်။

ဒီအမျိုးသမီးကို ဗုံးသီးတစ်ခုနှင့် တင်စား နိုင်သည်။

“စုန်းမ ရီရီယွီက နာမည်နဲ့ လိုက်တာပဲ”

ဖက်တီးလေးက ပါးစပ်မှ စီးကျနေသော သရေများကိုသုတ်ရင်း ပြောလိုက်သည်။

ဖက်တီး၏ အမူအရာကို ကြည့်ပြီးနောက် လင်းဟွမ်သည် သရေများ ရန်မှ ကင်းဝေးစေရန် ညာဘက်သို့ ပိုတိုးသွားလိုက်သည်။

ထိုအမျိုးသမီးသည် အခန်းထဲရှိ လူအုပ်ကြီးကို ကြည့်နေရာ သံအဆင့် လျောက်ထားသူ မဟုတ်သည့် တစ်ဦးတည်းသောလူဖြစ်သည့် လင်းဟွမ်ထံသို့ သူမ၏ အကြည့်များက ရောက်သွားလျှင် ရပ်တန့်သွားသည်။ သို့သော် ဘာမှမပြောဘဲ သူမကိုယ်သူမ မိတ်ဆက်စကား ပြောလိုက်သည်။

“မင်္ဂလာပါ။ ငါက ဒီအကဲဖြတ်မှုရဲ့ အဓိက စစ်ဆေးသူ ရီရီယွီပါ။ အကဲဖြတ်မှု ပဏာမ အောင်မြင်သူ ၁၃၃ ဦးရှိတယ်။ အခု သတ်မှတ်ထားတဲ့အချိန် ညနေ လေးနာရီ

ရောက်လာပြီ။ အခုလက်ရှိ ဒီနေရာမှာ ၁၂၇ ယောက်ရှိတယ်။ ဒီမှာမရှိတဲ့ ခြောက်ယောက်ကို အကဲဖြတ်မှုက ဖယ်ထုတ်လိုက်ပြီ”

သူမက ကျယ်လောင်စွာ ပြောလိုက်သည်။

“မနက်ဖြန်မှာ အကဲဖြတ်မဲ့ စည်းမျဉ်း စည်းကမ်းတွေကို ပြောပြမယ်။ တစ်ကြိမ်ပဲ ပြောမှာဖြစ်လို့ ကျေးဇူးပြုပြီး သတိထားပေးပါ။ စကားပြောနေတဲ့အချိန်မှာ တိတ်တိတ်လေး နေပေးပါ။ မေးစရာရှိရင် ပြောပြီတဲ့အခါ မေးလို့ ရတယ်”

“မနက်ဖြန် မနက် ရှစ်နာရီမှာ လူတိုင်းပဲ ဒီနေရာမှာ ဒီအခန်းထဲမှာ စုဝေးကြမယ်။ နောက်ကျတဲ့လူကို ဖယ်ထုတ်ပစ်မယ်။ သံအဆင့်ထက်ပိုတဲ့ ပစ္စည်းတွေ၊ ဆေးဝါးတွေနဲ့ တခြား တားမြစ်ပစ္စည်းတွေကို ယူဆောင်ခွင့် မပြုဘူး။ သိုလောင်ရာ နေရာလွတ်ကို အကဲဖြတ်မှု မစတင်ခင် စစ်ဆေးပြီး ငါတို့က ယာယီ သိမ်းဆည်းထားမှာ ဖြစ်တယ်။ ငါတို့ကို မယုံကြည်နိုင်လောက်ဘူးထင်ရင် အဖိုးတန်

ပစ္စည်းတွေကို မင်းတို့အသိတွေဆီမှာ အပ်ထားခဲ့ကြပါ”

သူမက ဆက်ပြောလိုက်သည်။

“အကဲဖြတ်မှုရဲ့ တိကျတဲ့ အကြောင်းအရာကို ငါထုတ်ပြောမှာ မဟုတ်ဘူး။ မနက်ဖြန် လူစုံတဲ့အချိန်ရောက်မှ ထုတ်ပြောမယ်။”

သူမက စိုးရိမ်တကြီး ကြည့်နေကြသော လူတိုင်းကိုစိုက်ကြည့်ပြီး ပြောလိုက်သည်။ သူမ၏ စကားများက တိုပြီး ချိုမြိန်လှသည်။ သူမသည်

ပြောပြီးသည်နှင့် လူအုပ်ကြီးကို ကြည့်ပြီး နောက်တစ်ကြိမ် မေးလိုက်သည်။

"မင်းတို့ သံသယ ရှိနေတဲ့ မေးခွန်းကို အခုမေးလို့ရပြီ"

အခန်းထဲရှိ လူများက ဝိုင်းကြည့်နေကြသည်။ ဘယ်သူမှ မပြောရဲကြပေ။ အစည်းအဝေးခန်း၏ အနောက်ဖက်မှ လက်တစ်ချောင်းသည် ဖြည်းဖြည်းခြင်း ထောင်လာသည်။

လင်းဟွမ် ပင်.....

“မင်းမှာ ဘာမေးစရာ ရှိလဲ။ ငါ့ကို ပြောစမ်းပါအုံး”

ရီရီယွီက မေးစေ့လေး မြောက်ပြီး လှမ်းမေးလိုက်သည်။

“အမ်.....ငါက စာရင်း မသွင်းရသေးဘူး။ အခုမှ စာရင်းသွင်းရင် နောက်ကျနေပြီလား”

လင်းဟွမ်သည် အခန်း အနောက်ဘက်မှ လှမ်းမေးလိုက်သည်။

လင်းဟွမ်၏ စကားကို ကြားလိုက်လျှင် အခန်းထဲရှိ လူတစ်ရာကျော်လုံး မျက်မှောင်ကြုတ်သွားသည်။

## အခန်း(၁၄) - အကဲဖြတ်မှု စတင်ခြင်း။

ဖြစ်ပျက်လာသမျှနှင့် အကဲဖြတ်မှုအတွက် မှတ်ပုံတင်ခြင်းသည် လင်းဟွမ်အတွက် အတားအဆီး လုံးဝ မဟုတ်ခဲ့ပေ။ အကဲဖြတ်မှုအဆင့်တွင် ပါဝင်သူများလွန်းခြင်းကို ရှောင်ရှားနိုင်စေရန် အမျိုးအစားများကို မဏာမ စီစစ်ခြင်းမျှသာ ဖြစ်သည်။

လင်းဟွမ်သည် အစည်းအဝေး အခန်းထဲကို ရောက်နေပြီဖြစ်သဖြင့် ရိရိယွီ၏ သူ့အပေါ်

အကဲဖြတ်မှုသည် ပြောင်းလဲခြင်း မရှိခဲ့ပေ။ ရီရီယွီ၏အမြင်ဖြင့် လင်းဟွမ်၏ ပုံစံအရ အကဲဖြတ်မှုအတောအတွင်း လင်းဟွမ်၏ အစွမ်းအစသည် သူ့ကိုယ်သူ ကယ်တင်နိုင်မည် မဟုတ်ဟု တွေးခဲ့ပုံရသည်။ ထို့ကြောင့် သူ့ကို အရှက်မရစေရန် လင်းဟွမ်၏ မှတ်ပုံတင်ခြင်းကို ရှုပ်ယှက်ခတ်အောင် လုပ်ထားခဲ့သည်။

လင်းဟွမ်သည် ရီရီယွီကို ထိန်းချုပ်သူ ဖြစ်ကြောင်း အသိပေးခွင့်ပင် မရလိုက်ဘဲ မှတ်ပုံတင်ခြင်း ပြီးဆုံးသွားခဲ့သည်။

“အစ်ကို၊ မင်းက အရမ်း ကံကောင်းတာပဲ။ မင်းလက်မြှောက်ပြီး စာရင်း မသွင်းရသေးလို့ ပြောလိုက်တဲ့အချိန်မှာ စုန်းမကြီးက မင်းကို ဖယ်ထုတ်လိုက်ပြီလို့ ငါက ထင်နေခဲ့တာ”

ဖက်တီးလေးက လင်းဟွမ်၏ လက်ကို လှုပ်ယမ်းနေပြီ ပို၍ ရင်းနှီးသောပုံစံဖြင့် ပြောဆိုနေခဲ့သည်။ ထို့နောက် သူက

“တစ်ယောက်နဲ့ တစ်ယောက် သိသွားအောင် မိတ်ဆက်ကြမယ်။ ငါက ယင်ဟွာကျင်း၊ မင်းကရော ဘယ်လိုခေါ်လဲ”

"လင်းဟွမ်၊ တွေ့ရတာ ဝမ်းသာပါတယ်။"

လင်းဟွမ်သည် ယောကျ်ာလေးအချင်းချင်း ခင်မင်မှုကို မရှောင်လွှဲနိုင်ဘဲ သံသယစိတ် မထားကာ လက်ဆွဲ နှုတ်ဆက်လိုက်သည်။

"မင်းက သံအဆင့်တောင် မဟုတ်သေးဘူး။ အကဲဖြတ်ဖို့ ဒီနေရာက်နေပြီ။ တကယ်ရဲရင့်တယ်"

ယင်ဟွာကျင်းက လင်းဟွမ်၏ပခုံးကို ပုတ်ရင်း ပြောလိုက်သည်။

“ငါ့ကံကို စမ်းကြည့်တာပါ။ အောင်ရင် အောင်မှာပေါ့။ မပြောနိုင်ဘူးလေ”

လင်းဟွမ်က ပြုံးပြီး ပြန်ပြောလိုက်သည်။

သူက ထိန်းချုပ်သူအဖြစ် လူအားလုံးကို ထုတ်ဖော်ပြသရန် မရည်ရွယ်ထားသဖြင့် တိတ်တိတ်လေး နေလိုက်သည်။

ခဏကြာအောင် စကားပြောပြီးနောက် လင်းဟွမ်သည် ယင်ဟွာကျင်းကို နှုတ်ဆက်လိုက်သည်။ မထားခဲ့၍ မဖြစ်ပေ။ ထိုသို့

မဟုတ်ပါက ဖက်တီးနှင့် မဆုံးနိုင်အောင် စကားပြောနေရမည်။

လင်းဟွမ်သည် ညစာစားပြီးနောက် အတွေးများ ငြိမ်သက်သွားစေရန် ညဈေးထဲတွင် လမ်းလျှောက်ထွက်လိုက်သည်။ ထို့နောက် ဟိုတယ်သို့ ပြန်လာကာ မနက်ဖြန်အတွက် စောစော အိပ်လိုက်သည်။

နောက်တစ်နေ့ မနက်တွင် အစည်းအဝေး အခန်းထဲသို့ သွားလိုက်သည်။ စစ်ဆေးသူ ရှိရှိယွှီသည် နောက်ကျသော သူများကို

အထင်သေးပုံရသဖြင့် အကဲဖြတ်မှုကို မဆုံးရှုံးစေချင်ပေ။

ထင်ထားသည့်အတိုင်း တင်းကျပ်ကြမ်းတမ်းလှသော သတိပေးချက်ကြောင့် အခြားလူများလည်း ချွန်းမထွက်နေပေ။

ဒုတိယနေ့တွင် နောက်ကျသူ မရှိပေ။ ပထမနေ့တွင် တက်ရောက်ခဲ့ကြသော ၁၂၇ဦး စလုံးသည် နံနက် ၇နာရီ ၅၀ မတိုင်ခင် အခန်းထဲသို့ ရောက်ရှိနေကြသည်။

မနက် ရှစ်နာရီတိတိတွင် စစ်ဆေးသူ ရီရီယို ရောက်လာသည်။ ဒီတစ်ခါတွင် အနက်ရောင် ဘောင်းဘီရှည်နှင့် အင်္ကျီဖြူလက်တိုကို ဝတ်ဆင်ထားသည်။ သူမ၏ပုံစံသည် ပထမနေ့နှင့် အနည်းငယ် ကွာခြားသော်လည်း သူမ၏ ဖောင်းကားနေသော ခန္ဓာကိုယ်ကို မည်မျှကြိုးစားပြီး ဖုံးကွယ်နေပါစေ အကောက်အကွေးများကို မြင်ရ၊ တွေ့ရဆဲ ဖြစ်သည်။

ဒီမှာရှိနေသော ယောကျ်ားလေးများ အားလုံးသည် ငယ်ရွယ်ပြီး သွေးကြွနေသော အရွယ်များ ဖြစ်ကြသည်။

သူတို့၏ မျက်လုံးအများစုသည် သူမ၏ လုပ်ရှားမှုကို လိုက်ကြည့်နေကြသော်လည်း သူမ၏မျက်နှာကို အာရုံ မစိုက်ခဲ့ကြပေ။ ထိုအစား သူတို့၏ အကြည့်များက ရင်သားကို ဗဟိုပြုနေကြသည်။

ရီရီယွီသည် စင်မြင့်ပေါ် လျှောက်သွားပြီး လူအုပ်ကို လှမ်းကြည့်ကာ စကားစလိုက်သည်။

"လူတိုင်းက ဒီကို ရောက်နေကြပြီ။ အရမ်းကောင်းတယ်။ ဒီနေ့ အကဲဖြတ်မှုရဲ့ အကြောင်းအရာကို ပြောပြမယ်"

သူမက စတင် ပြောဆိုလိုက်သည်။

"အကဲဖြတ်မှုရဲ့ ဆောင်ပုဒ်က ရှင်သန်မှုပဲ။ ကျွမ်းကျင်သူ မုဆိုးတစ်ယောက်အနေနဲ့ ငါတို့က ကြောက်စရာကောင်းတဲ့ ပတ်ဝန်းကျင်နဲ့ အစွမ်းထက်တဲ့ မွန်းစတားတွေကို အမြဲတမ်း တွေ့နေရမယ်။ ဒါကြောင့် ရှင်သန်မှုဆိုတာ ကျွမ်းကျင်တဲ့ မုဆိုးတွေအားလုံး

ကျွမ်းကျင်ထားသင့်တဲ့ ခေါင်းစဉ်တစ်ခုပဲ။ ဒီအရာကို မကျွမ်းကျင်တဲ့ မုဆိုးတစ်ယောက်က သနားစရာကောင်းလောက်အောင် သေဆုံးသွားလိမ့်မယ်”

သူမက သတိပေးလိုက်သည်။

“အကဲဖြတ်တဲ့နေရာက အမှန် ၇-စီ ၈၇ - ရွှေစင်သဲကန္တာရစခန်းကနေ ကီလိုမီတာ ၃၃၀ ဝေးတဲ့ တောကန္တာရ တစ်ခုပဲ။ အကဲဖြတ်တဲ့ ရည်ရွယ်ချက်က ရိုးရှင်းတယ်။ လူတိုင်းလုပ်ရမှာက တံခါးအေ-ကဝင်ပြီး ရွှေစင်သဲကန္တာရကို ဖြတ်ပြီး လမ်းလျှောက်ရုံပဲ။ ကီလိုမီတာ ၁၅၀၀ အကွာမှာရှိတဲ့

ဝပ်ကျင်းအမှတ် ၇-ဒီ ၁၂၁ကို ၁၅ရက်အတွင်း ရောက်ရှိရမယ်။ ဒီလိုမှမဟုတ်ရင် ဖယ်ရှားခံရမယ်။”

သူမက ပြောလိုက်သည်။ ရီရီယွီက စကားပြောနေရင်း သုံးဖက်မြင် ရုပ်ပုံမြေပုံကို ထုတ်ဖော်ပြသပြီး တည်နေရာ နှစ်ခုကို ပြသလိုက်သည်။

“ဒီအကဲဖြတ်မှုအတွင်းမှာ အစာနဲ့ရေ ယူဆောင်ခွင့်မပေးဘူး။ သဲကန္တာရအထဲမှာ မင်းတို့ဘာသာ မင်းတို့ ရအောင်လုပ်ရမယ်”

သူမက ဆက်ပြောလိုက်သည်။

သူမ စကားဆုံးသွားလျှင် လူတိုင်း အံ့အောသင့်သွားသည်။ လင်းဟွမ်ပင် စိတ်တိုသွားသည်။ အကဲဖြတ်မှုအတွက် မနေ့က ရေတစ်တန်နှင့် အဆာပြေမုန့်များ ပြင်ဆင်ခဲ့သည်။

“မင်းတို့ရဲ့ သိုလှောင်ရာ နေရာလွတ်ကို စစ်ဆေးပြီးတဲ့ နောက်ပိုင်း မင်းတို့တစ်ယောက်ချင်းစီကို အရေးပေါ် ဆက်သွယ်ရေး ကိရိယာတစ်ခုစီ ပေးမယ်။ မင်းတို့က စိန်ခေါ်မှုကို မကိုင်တွယ်နိုင်တာပဲဖြစ်ဖြစ် ဒါမှမဟုတ် အကဲဖြတ်မှုကို လက်မြှောက်

အရှုံးပေးလိုက်တာပဲဖြစ်ဖြစ် ကယ်ဆယ်ရေး ခလုတ်ကိုနှိပ်ပြီး မင်းတို့ကို ကယ်တင်ခိုင်းဖို့ အကူအညီ တောင်းနိုင်တယ်။ နောက်ပြီးတော့ မင်းတို့က ၁၅ရက်အတွင်း ဝပ်ကျင်း ၇ဒီ ၁၂၁ကို မရောက်ခဲ့ရင် ကျရှုံးတယ်လို့ သတ်မှတ်တယ်”

သူမက ရှင်းပြလိုက်သည်။

“အကဲဖြတ်မှု အကျဉ်းချုံးကတော့ ဒီလောက်ပါပဲ။ မင်းတို့မှာ မေးစရာရှိရင် ကျေးဇူးပြုပြီး အခုမေးပါ”

ရီရီယွီက သူမ၏နှုတ်ခမ်းကို အကြံများသော ပုံစံဖြင့် ပြုံးထားသည်။

"ငါတို့ကို ပြသထားတဲ့ သုံးဖက်မြင်မြေပုံရဲ့ မြေမျက်နှာ သွင်ပြင်အရ ငါတို့ဦးတည်ပြီး သွားရမဲ့ အမှတ် ၇ဒီ ၁၂၁နဲ့ ရွှေစင်သဲကန္တာရကို တိုက်ရိုက် မချိတ်ဆက်ထားဘူး။ အဲဒီအစား ပိတ်ဆို့ထားတယ်။ ပြောချင်တာက အကဲဖြတ်မှုနေရာက သဲကန္တာရ ဖြစ်ပေမဲ့ တောင်တက်ရတဲ့ နေရာတွေလည်း ပါဝင်နေတယ် မဟုတ်လား"

မျက်မှန် တပ်ထားသည့် လူတစ်ယောက်က မေးလိုက်သည်။

“မင်းက အရမ်း လေ့လာအား ကောင်းတာပဲ။ ဟုတ်တယ်။ တောင်တက်တာက စိန်ခေါ်မှုရဲ့ တစ်စိတ်တစ်ပိုင်းပဲ။ မင်းက လက်ဗလာနဲ့ လုပ်ရမယ်။ မင်းရဲ့သိုလှောင်ရာ နေရာလွတ်က တောင်တက်တဲ့ ပစ္စည်းတွေကို သိမ်းထားမယ်”

ရီရီယွီက ထိုလူ၏အတွေးကို မြင်လိုက်သဖြင့် အပြုံးအကြီးကြီး ပြုံးထားသည်။

လူအုပ်ကြီးက နောက်တစ်ကြိမ် ထအော်ပြန်သည်။ လင်းဟွမ်၏ ဘေးတွင်

ထိုင်နေသော ယင်ပျှာကျင်းသည် ပို၍ ပို၍ စိတ်တိုလာသည်။

“ငါတို့ တစ်ယောက်ချင်းစီတိုင်းကို ကျရှုံးအောင် စီစဉ်နေတာလား”

ဖက်တီးက တိုးတိုးလေး ပြောလိုက်သည်။

“နောက်ထပ် မေးခွန်းတွေ ရှိသေးလား”

ရီရီယွီက မေးလိုက်သည်။ ယခုလက်ရှိ၌ သူမတင်ပြခဲ့သော အကဲဖြတ်မှု အကျဉ်းချုပ်ကို ကြည့်ရင်း တော်တော်လေး ကျေနပ်နေသည်။

"စစ်ဆေးသူ မစ္စ၊ ငါက တောင်တွေကို လေ့လာပြီးပါပြီ။ အမှတ် ၇ဒီ ၁၂၁ ဝပ်ကျင်းစခန်းရဲ့ အနောက်ဘက်မှာ ရှိတဲ့တောင်ကို နှင်းနတ်ဘုရားမ တောင်လို့ ခေါ်ပါတယ်။ အဆင့် ၂ တောရိုင်းဇုန် တစ်ခုပါ။ ဧရိယာ မှတ်တမ်းအရ ကြေးအဆင့်ရှိတဲ မွန်းစတားတွေ ရှိတယ်။ အဲဒီလို ကြမ်းတမ်းတဲ့ဇုန်က အကဲဖြတ်မှုအတွက် မလုံခြုံဘူး မဟုတ်လား။"

အခန်း၏ အနောက်ဘက်မှ မေးလိုက်သော အသံတစ်သံ ထွက်ပေါ်လာသည်။ မေးလိုက်သည့်လူက လင်းဟွမ်ပင်။

အဖြစ်မှန်ကို ကြားလိုက်လျှင် လူတိုင်း တုန်လှုပ်သွားကြသည်။

ရီရီယွီလည်း ကြောင်သွားသည်။ သူမက မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"အဲဒီတောင်ရဲ့ ဇုန်တစ်ခုလုံးက အဆင့် ၂ တောရိုင်းဇုန်ကြီးပါ။ ဒါပေမဲ့ အဲဒီနေရာမှာ ကြေးအဆင့် မွန်းစတားတွေ မရှိတဲ့ တောင်တစ်တောင် ရှိတယ်။ ဒါကြောင့် အဲဒီနေရာကို အဆင့် ၁ တောရိုင်းဇုန်လို့ သတ်မှတ်ထားကြတယ်။ အဲဒီအစား အဲဒီတောင်ကို တက်သင့်တယ်။ လမ်းမှာ

အမှတ်အသားပြုဖို့ တစ်ယောက်ယောက် ထည့်ပေးလိုက်မယ်”

သူမက ပြန်ဖြေလိုက်သည်။

ကြည့်ရသည်မှာ သူမက အကဲဖြတ်မှု၏ ခက်ခဲမှုနှုန်းကို တိုးမြှင့်ချင်ပြီး အောင်မြင်သည့် နှုန်းကို လျှော့ချချင်သဖြင့် တမင်သက်သက် ချန်ထားခဲ့ပုံရသည်။

လင်းဟွမ်က ဒီအချက်ကို ထောက်ပြလိမ့်မည်ဟု သူမက မမျှော်လင့်ထားခဲ့ပေ။

သို့သော် ယခုမူ လူတိုင်းကို ပိုလုံခြုံသည့် လမ်းကြောင်းကို အမှတ်အသား ပြပေးလိုက်ရသည်။ အကယ်၍ သူမက ထိုအတိုင်းမလုပ်ဘဲ လူတိုင်းကို အကဲဖြတ်မှု ခိုင်းစေလိုက်ပါက မုဆိုးအဖွဲ့အစည်းကို တင်ပြသောရလဒ်များသည် မမှန်ကန် နိုင်တော့ချေ။ အဆင့် ၂ တောရိုင်းဇုန်ကို အကဲဖြတ်မှု ပြုလုပ်ရန် တားမြစ်ထားသည်။

"နောက်ထပ် မေးခွန်းတွေ ရှိသေးလား။ မေးစရာရှိရင် တွေဝေမနေနဲ့။ ဒီလိုမှမဟုတ်ရင် သွားဖို့အတွက် အသင့်ပြင်ထားကြ"

ရီရီယွီ၏ စကားဆုံးသောအခါ အချို့လူများက လက်ထောင်ပြသော်လည်း မသက်ဆိုင်သော မေးခွန်းများသာ ဖြစ်နေသည်။

ထိုအချိန်အတွင်း၌ လင်းဟွမ်သည် အကဲဖြတ်မှု၏ ခက်ခဲသော အခြေအနေများကို စဉ်းစားရင်း ခေါင်းကိုက်နေသည်။

"အစာနဲ့ရေ ရှားပါးမှုက အကြီးမားဆုံး ပြဿနာပဲ။ သွားရင်းလာရင်း ရေအရင်းအမြစ်ကို ရှာဖွေရအုံးမယ်။ နောက်ပြီးတော့ သဲကန္တာရထဲမှာ သတိမထားမိရင် သေစေနိုင်တဲ့ သတ္တဝါတွေက

အများကြီး ရှိနေသေးတယ်။ သတိထားရမယ့် အန္တရာယ်အများဆုံး သတ္တဝါကြားထဲကနေ ငါ့ဆီက ရေနဲ့အစာတွေ ခိုးယူဖို့ကြိုးစားမယ့် သူတွေကလည်း အများကြီး ရှိလာအုံးမယ်။ ငါ့ရဲ့ တွက်ချက်မှုအရ ကီလိုမီတာ ၁,၅၀၀ ရှိတဲ့ သဲကန္တာရလမ်းကြောင်းကို ၁၃ရက်အတွင်း ရောက်နိုင်တယ်။ လက်ဗလာနဲ့ တောင်တက်ရမယ့် ကိစ္စကို တစ်ရက်ပိုပြီး အချိန်ယူရမယ်။ ဒါကြောင့် နှစ်ရက်လောက် လျာထားရမယ်။”

လင်းဟွမ်က ယင်ဟွာကျင်းနှင့် ဆွေးနွေးနေစဉ် ပြောလိုက်သည်။

"အခု မနက် ၈နာရီ မိနစ် ၂၀ ရှိနေပြီ။ အကဲဖြတ်တဲ့နေရာကို လိုက်ပို့ပေးမယ်"

ရီရီယွီက စကားပြောရင်း လေထဲကို လက်ဝှေ့ယမ်းလိုက်သည်။ အစိမ်းရောင် သစ်သားတံခါးသည် ရုတ်တရက် ပေါ်လာသည်။ ထို့နောက် သူမက တံခါးတွန်းဖွင့်လိုက်ပြီး

"ကျေးဇူးပြုပြီး တန်းစီပေးပါ။ မင်းတို့က တံခါးကို ဖြတ်သန်းသွားပြီးရင် ဘယ်မှမသွားဘဲ စောင့်နေကြပါ"

သူမက သတိပေးလိုက်သည်။

"ဝိုး။ နေရာကူးပြောင်းခြင်း ဓါတ်ကြွင်း"

ဖက်တီးသည် ရီရီယွီ၏ တံခါးကို မြင်လိုက်သည်နှင့် ထအော်လိုက်သည်။

"ဓါတ်ကြွင်းဆိုတာ ဘာလဲ"

"မင်းကလည်း မသိတာ များလိုက်တာ။ ဓါတ်ကြွင်းဆိုတာက ရွှေအဆင့် ပစ္စည်းတွေထက် ပိုရှားတဲ့ ရတနာတစ်ခုပဲ။ ထူးကဲ မွန်းစတား တစ်ကောင်ကို သတ်လိုက်မှ ရနိုင်ချေရှိတယ်။ နေရာကူးပြောင်းခြင်းဓါတ်ကြွင်းရဲ့ ရှားပါးမှုကြောင့် တချို့လက်နက်တွေ၊ ပစ္စည်းတွေထက်တောင် ပိုတန်ဖိုး ကြီးသေးတယ်။ ဒီစုန်းမက ငနုံ၊ ငအေလေး မဟုတ်ဘူးလို့ ထင်ရတာပဲ"

လင်းဟွမ်သည် သူသိနေသော ကမ္ဘာကြီးအကြောင်းကို ပို၍ပင် စူးစမ်း

လေ့လာချင်လာသည်။ ( ရွှေအဆင့်ရဲ့အထက်မှာ ထူးကဲအဆင့်လား....။) ထိုအတွေးကို သူသဘော ကျသွားသည်။

အသန်မာဆုံး တိုက်ခိုက်ရေးအဆင့်က ဘယ်လောက်တောင် အစွမ်းထက်လိုက်မလဲ။

တံခါးမှ ဖြတ်သန်းသွားသော လူများသည် ပိုများလာကြသည်။ မကြာခင် လူတန်းက တိုလာပြီး နောက်ဆုံး၌ လင်းဟွမ်နှင့် ဖက်တီးတို့ အလှည့် ရောက်လာသည်။

လင်းဟွမ်သည် တံခါးထဲသို့ လှမ်းဝင်လိုက်သည်နှင့် ခေါင်းက မိုက်ခနဲ ဖြစ်သွားပြီး မျက်စိတစ်မှိတ်အတွင်းမှာပင် သဲကန္တာရထဲ ရောက်နေသည်။

"အံ့အောစရာပဲ"

လင်းဟွမ်က ထအော်လိုက်သည်။

## အခန်း(၁၅) - သဲမိစ္ဆာ။

မုဆိုးအဖွဲ့အစည်းမှ ဝန်ထမ်းများသည်  သဲကန္တာရ တံခါးအဝတွင် စောင့်နေကြသည်။

အကဲဖြတ်မှု အဖွဲ့ဝင် အားလုံး ရောက်လာသောအခါ အဓိက စစ်ဆေးသူ ရီရီယွိသည် သူတို့နောက်မှ  လိုက်သွားခဲ့သည်။

"အခု မင်းတို့ရဲ့ သိုလှောင်ရာ နေရာလွတ်ကို ငါတို့ဝန်ထမ်းတွေက  စစ်ဆေးမယ်"

ရီရီယွီသည် ထိုသို့ပြောလိုက်ပြီးနောက် သူမ၏ ညွှန်ကြားမှုကို စောင့်နေသော ဝန်ထမ်း ၁၂ဦးကို ခေါင်းညိတ်ပြလိုက်သည်။

ဝန်ထမ်း ၁၂ဦးက သိုလှောင်ရာ နေရာလွတ် တစ်ခုစီကို စစ်ဆေးကြသည်။

"သံအဆင့်ထက်မြင့်တဲ့ လက်နက်တွေ၊ တိုက်ခိုက်ရေး၊ ကာကွယ်ရေးနဲ့ တခြား အထောက်အကူပြု ပစ္စည်းတွေအားလုံးကို တားမြစ်တယ်။ ကုသမှုနဲ့ဆိုင်တဲ့ ဆေးတွေကလွဲပြီး သွေးခွဲအဆိပ် စတဲ့ ဆေးအားလုံးကို တားမြစ်တယ်။

အဆိပ်သင့်တဲ့ ပစ္စည်းတွေကို သန့်ရှင်းရေး လုပ်ရမယ်။ သန့်ရှင်းရေးလုပ်ဖို့ သုံးတဲ့ပစ္စည်းတွေ အားလုံးကို သိမ်းသွားမယ်။”

သူမက ဆက်ပြောလိုက်သည်။

“အစားအစာနဲ့ရေ အားလုံးကို တားမြစ်တယ်။ တောင်တက် ကိရိယာတွေကိုလည်း တားမြစ်ထားတယ်”

ရီရီယွီသည် လူတိုင်းအရှေ့ကို အလှည့်ကျ လမ်းလျှောက်ရင်း ကျယ်လောင်စွာ အော်ဟစ်ပြီး ကြေငြာလိုက်သည်။

မကြာခင် ဝန်ထမ်း ၁၂ ဦးလုံးသည် သူတို့၏ တာဝန်ကို ပြီးမြောက်သွားသည်။

လင်းဟွမ်၏ သံချပ်ကာခွဲ ကျည်ဆံများကိုလည်း တွေ့ရှိခဲ့သည်။ ဝန်ထမ်းက ကျည်ဆံများကို သူ့ထံ ပြန်မပေးခင် ရီရီယွီနှင့် အတည်ပြုလိုက်သည်။

ရီရီယွီသည် ကျည်ဆံများက သာမန် သေနတ်များအတွက် ရည်ရွယ်ထားသောကြောင့် လင်းဟွမ်တွင် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကွဲပြားမည်မဟုတ်ဟု တွေးလိုက်ပုံရသည်။ တိုးတောင်းသော အကွာအဝေးလေးတွင်ပင်

ကြေးအဆင့် လက်နက်များ၏ သက်ရောက်မှုများသည် အဓိပ္ပါယ် မရှိပေ။ ထို့အပြင် ကျည်ဆံက ဆယ်တောင့်သာရှိသဖြင့် လင်းဟွမ်ထံ ပြန်ပေးလိုက်သည်။

ဝန်ထမ်းများက ကျည်ဆံများ ပြန်ပေးသောအခါ လင်းဟွမ်သည် သူ့ကိုယ်သူ ကာကွယ်ရမည့် နည်းလမ်း အနည်းငယ်ထဲမှ တစ်ခုဖြစ်နေသဖြင့် စိတ်သက်သာရာ ရသွားသည်။

စစ်ဆေးမှု ပြီးသွားသောအခါ မနက် ကိုးနာရီ ကျော်နေပြီ။

ဝန်ထမ်းများသည် တစ်စုံတစ်ရာ လွဲချော်မှု မရှိကြောင်း အတည်ပြုပြီးနောက် သူတို့အားလုံးကို ဆက်သွယ်ရေး စက်တစ်ခုစီ ပေးအပ်ခဲ့သည်။

ရီရီယွီသည် နောက်တစ်ကြိမ် ထပ်ပြောလိုက်သည်။

"သိမ်ဆည်းထားတဲ့ ပစ္စည်းတွေကို သက်ဆိုင်ရာ အာဏာပိုင်တွေဆီမှာ လုံခြုံစွာ သိမ်းဆည်းထားမယ်။ အကဲဖြတ်မှု ပြီးတဲ့အခါ မင်းတို့ဆီပြန်ပေးမယ်"

"အချိန်က မနက် ၉နာရီ ၂၃ မိနစ် ရှိနေပြီ။ မင်းတို့ကို နောက်ထပ် ခုနှစ်မိနစ် အချိန်ပေးမယ်။

မနက် ၉နာရီ ၃၀ မိနစ် မတိုင်ခင် ၁၅ရက် ခရီးကြမ်းဖြတ်ကျော် အကဲဖြတ်မှု အစီအစဉ်ကို စတင်မယ်”

ရီရီယွီက ရယ်မောပြီး ပြောလိုက်ရာ သူမ၏ ရင်သားများက ကြမ်းကြမ်းတမ်းတမ်း ခုန်ပေါက်သွားသဖြင့် ဖြေဆိုသူများသည် ကြမ်းတမ်းသော အမှန်တရားထံ အာရုံမရောက်ခင် ခဏမျှ အာရုံပြောင်းသွားသည်။

ရီရီယွီ ပြောလိုက်သော စကားကြောင့် လူအုပ်ကြီးက နောက်တစ်ကြိမ် ညည်းညူရ

ပြန်သည်။ လင်းဟွမ်ပင် သူမက ဤမျှ ခိုးကြောင်ခိုးဝှက် လုပ်တတ်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

အခြားတစ်ဖက်တွင်မူ ရီရီယွီသည် သူမ နှိပ်စက်နေရသော ဖြေဆိုသူများကို ကြည့်ပြီး ကျေနပ်နေပုံရသည်။ ထို့ကြောင့် သူမက ပြုံးပြုံးရွှင်ရွှင် ဖြစ်နေသော အမူအရာဖြင့် အော်ဟစ်လိုက်သည်။

“ကဲကဲ၊ အကဲဖြတ်မှု စတင်မယ်’

သူမ ပြောပြီးသည့်အချိန်တွင် အချို့က တန်းပြီးပြေးကြသည်။ အချို့က ညည်းညည်းညူညူနှင့် လိုက်သွားကြသည်။

သူတို့အားလုံးထဲတွင် အားအနည်းဆုံး ဖြစ်သော လင်းဟွမ်က အနှေးဆုံးပင်။ အခြားလူများကဲ့သို့ ပြေးရမည့်အစား လင်းဟွမ်က ပုံမှန်အရှိန်နှင့် လမ်းလျှောက်သွားသည်။ ဖက်တီးက လင်းဟွမ်ကို နှုတ်ဆက်ပြီး ရှေ့မှ လူအုပ်ကြီးနောက်သို့ ပြေးလိုက်သွားသည်။

မကြာခင် လင်းပွှမ် တစ်ယောက်တည်းသာ ပြတ်ကျန်ရစ်ခဲ့သည်။ သို့သော် သူက အရှိန်မမြှင့်ပေ။ လင်းပွှမ်က ပတ်ဝန်းကျင်ကို အကဲခတ်ရင်း၊ လေ့လာရင်း ပန်းခြံထဲ လမ်းလျှောက်နေသကဲ့သို့ လမ်းလျှောက်သွားသည်။

ပို၍ ပို၍ ဝေးသွားသော လင်းပွှမ်၏ နောက်ကျောကို ကြည့်ရင်း ဦးဆောင်စစ်ဆေးသူ ရီရီယွီသည် ခေါင်းခါလိုက်ပြီး

“ဒီကလေးမှာ ထူးခြားမှု တစ်ခုခု ရှိမယ်လို့ ထင်နေခဲ့တယ်။ အခုကြည့်ရတာတော့ သာမန်

လူတစ်ယောက်ပဲ။ ဒီအရှိန်နဲ့ဆို တစ်ရက် ကီလိုမီတာ ၄၀ ရောက်မှ အံ့အောဖို့ ကောင်းနေမယ်။ သတ်မှတ်ထားတဲ့ ၁၅ ရက်အတွင်းမှာ ခရီးတစ်ဝက်တောင် ရောက်နိုင်မယ် မထင်ဘူး”

အမှန်တကယ်ဆို လင်းဟွမ်သည် တဖက်အုပ်စုကို မှီအောင် ပြေးမလိုက်ချင်သောကြောင့် မဟုတ်ပေ။ ဘယ်လိုမှ မလုပ်နိုင်သောကြောင့် ဖြစ်သည်။

သူက သာမန်လူတစ်ယောက်သာ ဖြစ်ပြီး သူ၏ ကိုယ်လုံးကိုယ်ပေါက်က သံအဆင့် ရှိသူများနှင့် လုံးဝ ကွဲပြားသည်။

သံအဆင့် ရှိသူများပင် ပြေးသွားပါက နေ့တစ်ဝက်အတွင်း အမောဆို့ပြီး သေလိမ့်မည်။ သဲကန္တာရ၏ ပတ်ဝန်းကျင်က ကြမ်းတမ်းလွန်းသည်။ ကိုယ့်ကိုယ်ကို ကြမ်းကြမ်းတမ်းတမ်း ဖျစ်ညှစ်ထုတ်လျှင် ရှင်သန်ရေး အကဲဖြတ်မှုကို လက်မြှောက် အရှုံး ပေးရလိမ့်မည်။

လင်းဟွမ်သည် အကဲဖြတ်မှု နေရာနှင့် တည်နေရာအကြောင်းကို စစ်ဆေးသူ ရီရီယွီ ထုတ်ပေးသည့်အချိန်က နှလုံးသား ကွန်ရက်မှတစ်ဆင့် ရွှေစင် သဲကန္တာရကို

လေ့လာခဲ့သည်။ သဲကန္တာရထဲတွင် ရှင်သန်နိုင်ရန် အကြံတစ်ခု ရှိလာခဲ့သည်။

၁၅ရက်အတွင်းတွင် အဲလ်ပ် တောင်ပေါ်ကို တက်ရန် အနည်းဆုံးနှစ်ရက် အချိန်ယူရမည်။ ကီလိုမီတာ ၁,၅၀၀ ရှိသော သဲကန္တာရကို ဖြတ်သန်းရန် ၁၃ရက် အချိန်ယူရမည်။

ထို့ကြောင့် တစ်နေ့လျှင် ၁၁၅ ကီလိုမီတာ ထက်ပိုပြီး လမ်းလျှောက်ရန် လိုအပ်သည်ဟု ပြောနိုင်သည်။ အစာနှင့်ရေ အရင်းအမြစ်တွေကို ရှာဖွေရမည့် အချိန်များ မပါဝင်သေးပေ။

လင်းဟွမ်သည် သဲကန္တရ ဆိုသည်မှာ ရိုးရိုး မြေပြန့် မဟုတ်ကြောင်း ကောင်းကောင်း သိနေသည်။

ကမ္ဘာမြေပေါ်တွင် ရှိစဉ်က သဲကန္တရသို့ ခရီးထွက်ခဲ့ဖူးသည်။ သာမန်လူတစ်ယောက်က သဲကန္တာရတွင် အမြန်ဆုံး လမ်းလျှောက်နိုင်သော အမြန်နှုန်းသည် တစ်နာရီကို လေးကီလိုမီတာ ဖြစ်သည်။ ကောင်းမွန်စွာ လေ့ကျင့်ထားသော လူများက တစ်နာရီ ငါးကီလိုမီတာ အထိ

လမ်းလျှောက်နိုင်ကြသည်။ ထို့အပြင် ညဘက်တွင် အနားယူရန် လိုအပ်သည်။

တစ်နေ့ကို ငါးဆယ် ကီလိုမီတာ အထိ လမ်းလျှောက်ချင်ပါက သူ၏ ကန့်သတ်ချက်ကို တွန်းအား ပေးရလိမ့်မည်။

သံအဆင့်ရှိသော လူတစ်ယောက်သည် သာမန်လူများထက် အဆပေါင်း အနည်းငယ် ပိုသန်မာသော ခန္ဓာကိုယ် ရှိသည်။

သူတို့၏ ခွန်အားနှင့် သည်းခံနိုင်စွမ်းက သာမန်လူများထက် ပိုကောင်းပြီး တစ်နေ့ကို

တစ်ရာကီလိုမီတာ အထိ ပြေးနိုင်သည်။ လင်းဟွမ် အတွက်တော့ မဖြစ်နိုင်ပေ။

ထို့ကြောင့် သူ့တွင် သဲကန္တာရရှိ မွန်းစတားများနှင့် ပက်သက်သော အစီအစဉ်တစ်ခု ရှိသည်။ အထူးသဖြင့် စီးတော်ယာဉ်အဖြစ် အသုံးပြုနိုင်သော အရှိန်အဟုန်ဖြင့် သွားလာနိုင်သည့် မွန်းစတား တစ်ကောင်ကို ဖမ်းယူရမည်။

စွမ်းရည်ကဒ် အပိုင်းအစများကို စုဆောင်းခြင်းဖြင့် မွန်းစတားများကို ဆင့်ခေါ်နိုင်သော စွမ်းရည်ကို ရရှိစေနိုင်သည်။ ထို့ကြောင့် လိုရမယ်ရ

ပတ်ဝန်းကျင်တွင် နေထိုင်ကြသော မွန်းစတားများ၏ အခြေစိုက် စခန်း တည်နေရာများကို မှတ်သားထားခဲ့သည်။

စွမ်းရည်ကဒ် အပိုင်းအစများကို စုဆောင်းခြင်းသည် အချိန်ယူရသော်လည်း သဲကန္တာရတွင် နေထိုင်သော ဒေသခံ မွန်းစတားများသည် လူသားများထက် ပိုမို မြန်ဆန်စွာ လှုပ်ရှားနိုင်သည်။ စွမ်းရည်ကဒ် အပိုင်းအစများကို စုဆောင်းပြီးပါက သဲကန္တာ

တစ်လျှောက်ကို မွန်းစတားများ မြန်နှုန်းဖြင့် ဖြတ်သန်း သွားလာနိုင်လိမ့်မည်။

လင်းဟွမ်သည် သူ့ရှေ့မှ လူများနှင့် အလွန် ကွဲပြားခြားနားသော ဦးတည်ရာ တစ်ခုသို့ ဦးတည်လိုက်သည်။ သူ၏ဦးတည်ရာသည် ပန်းတိုင် မဟုတ်ဘဲ မြေပုံပေါ်တွင် မှတ်သားထားသော သဲမိစ္ဆာ အခြေစိုက်စခန်း တစ်ခုဖြစ်သည်။

သဲမိစ္ဆာ ဆိုသည်မှာ ဘီလူး လူသားကြီးများ၏ အကိုင်းအခက်ခွဲ တစ်ခု ဖြစ်သည်။ သူတို့သည်

ကြီးမားပြီး အလွန်ဝကာ အသားမျိုးစုံပါဝင်သော အစားများကို ပုံမှန် စားသုံးကြသည်။

ခြေနှစ်ချောင်းနှင့် လမ်းလျှောက်သဖြင့် လူများနှင့် ဆင်တူသည်။ သူတို့ထဲမှအချို့သည် ခေါင်းနှစ်လုံး သို့မဟုတ် သုံးလုံး ရှိကြပြီး အချို့ကမူ ပါးစပ် သို့မဟုတ် မျက်လုံးတစ်လုံး နှင့် ခေါင်းတစ်လုံးသာ ရှိကြသည်။

သံအဆင့် သဲမွန်းစတားများသည် အနည်းဆုံး ငါးမီတာမြင့်ပြီး အမြင့်ဆုံးက ဆယ်မီတာအထိ ရှိကြသည်။ သူတို့သည် သံအဆင့်ရှိ

လူသားများထက် အဆ အနည်းငယ် ပိုအားကောင်းကြသည်။

လင်းဟွမ်သည် သံအဆင့် သဲမွန်းစတား တစ်ကောင်ကို မျက်စိကျခဲ့ပြီး သူတို့သည် အုပ်စုဖွဲ့ နေထိုင်တတ်သဖြင့် ထိုသို့ မျက်စိ စပါးမွေးစူးစရာ အုပ်စုကို ရှာတွေ့ရန် မခက်လှပေ။

ယခုလက်ရှိတွင် သူလုပ်ဆောင်ရမည့် အလုပ်မှာ သဲမိစ္ဆာများစွာကို တစ်ပြိုင်နက် သတ်ပစ်ပြီး မွန်းစတားကဒ်တစ်ခုကို စုဆောင်းရန် ဖြစ်သည်။ သူ၏အကြံအစည်ကို အထောက်အကူ ဖြစ်စေသော

နောက်ထပ် အကြောင်းအရင်း တစ်ခုမှာ သဲမိစ္ဆာများ၏ အခြေစိုက်စခန်းတစ်ခုသည် ရွှေစင်သဲကန္တာရ၏ ဝင်ပေါက်အနီးတွင် တည်ရှိနေသောကြောင့် ဖြစ်သည်။

လင်းဟွမ်သည် စီးစဥ်ထားသော လမ်းကြောင်းအရ နေ့တစ်ဝက်ခန့် ရေမပါဘဲ သွားခဲ့ရသည်။ နောက်ဆုံးတွင် ကောင်းကင်ကြီး မဲမှောင်လာသောအခါ သဲမိစ္ဆာများ ပုန်းအောင်နေသော အခြေစိုက်စခန်းကို ရောက်ရှိလာခဲ့သည်။ လင်းဟွမ်သည် ထို့နေရာတွင်

ရေအရင်းအမြစ် ရှိကြောင်း အစောကြီးကတည်းက သိခဲ့သော်လည်း သူရောက်ရှိသည့်အချိန်တွင် မတွေ့ခဲ့ရပေ။ သိပ်မကြာခင် အခြေစိုက်စခန်းနှင့် မဝေးသော နေရာတွင် ရေချိုအိုင်ကို တွေ့လိုက်ရသဖြင့် သူ၏ကံကောင်းသော ကြယ်ကို ကျေးဇူးတင်လိုက်မိသည်။